မြဝတီ နေ့စဉ်

မှန်မည်ထူးမည်၊ မြန်မည်ဦးမည်၊ အသွင်သစ်နှင့်မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

အိုသည့်တိုင်အောင် အကျင့်သီလ ရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကို မပြုခြင်းသည် ချမ်းသာ၏။

ဓမ္မပဒ


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၆၈)

■ ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၃ ရက်၊ စနေနေ့



၂၀၂၆ ခုနှစ်၊ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ အနောက်တောင်မုတ်သုံလေ ဆုတ်ခွာသည့်ရက်များပြပုံ

အနောက်တောင်မုတ်သုံလေဆုတ်ခွာ

နေပြည်တော် အောက်တိုဘာ ၂

အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်ပါသည်။ (မိုး/၈လ)

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဆွေး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၂

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံဧမွူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဆွေး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း

စာမျက်နှာ ၅ ကော်လံ ၃ ➡

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒဿမနေ့ကျင်းပ စာ - ၇ သို့

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ စာ - ၁၃ သို့

လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်း



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများက ရေပြန်လည်ကျဆင်းသွားခဲ့သည့်နေရာများတွင် နုန်းများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်းပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင်လ ၃၀ ရက်ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာဝာဇ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။

အဆိုပါ ဝဝန်မြစ်ရေသည် အောက်တိုဘာလ ၁ ရက်တွင်

စာမျက်နှာ ၁၀ ကော်လံ ၃ ❖



ထားဝယ်မြို့ပေါ်ရပ်ကွက်များရှိ ရေဘေးသင့် ပြည်သူများကို ရွှေ့လျားရေသန့်စင်ဖြင့် သောက်သုံးရေဖြန့်ဝေပေးလျက်ရှိ

ထားဝယ် အောက်တိုဘာ ၂

တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာစံချိန်တင်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး ရေပြန်လည်ကျဆင်းနေပြီဖြစ်သည့် ထားဝယ်မြို့ပေါ်ရပ်ကွက်များရှိ ရေဘေးသင့်ပြည်သူများကို ရွှေ့လျားရေသန့်စင်ဖြင့် သောက်သုံးရေဖြန့်ဝေပေးလျက်ရှိရာ ကြက်စားပြင်ရပ်ကွက် မီးသုံးလုံးလမ်းဆုံတွင် အိမ်ထောင်စု ၅၀ ခန့်အတွက် သောက်ရေသန့်ဂါလန် ၃၀၊ အခြေခံပညာမူလတန်းလွန်ကျောင်းရှေ့တွင် အိမ်ထောင်စု ၄၀ အတွက် သောက်ရေသန့် ၁၇၅ ဂါလန်၊ ဘုမ္မော်ရပ်ကွက်ရှိ အိမ်ထောင်စု ၁၅၀ နှင့်

စာမျက်နှာ ၅ ကော်လံ ၁ ➤

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၃ ရက်

ဒုစရိုက်လုပ်ငန်းမှုန်သမျှ ကင်းစင်ပပျောက်ရေး

အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်လာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများကို လုံးဝသည်းခံခွင့်လွှတ်၍မရသော ရာဇဝတ်မှုများအဖြစ်သတ်မှတ်၍ Zero Tolerance မူဝါဒဖြင့် နှိမ်နင်းလျက်ရှိသည်။ အွန်လိုင်းလောင်းကစားမှုများသည် ပြည်သူများ၏ လူမှုစီးပွားဘဝကို ထိခိုက်စေနိုင်ခြင်းကြောင့် အွန်လိုင်းလိမ်လည်မှုနည်းလမ်းများနှင့် အန္တရာယ်များကို ပြည်သူများသိရှိနားလည်စေရန် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပြစ်မှုကျူးလွန်သူများကို ထိရောက်သည့် အရေးယူမှုများပြုလုပ်ခြင်းတို့ကို နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်လျက်ရှိသည်။

အွန်လိုင်းလိမ်လည်မှုနှင့်လောင်းကစားမှုများကို အဖြစ်ပြတ် နှိမ်နင်းရေးအတွက် **“အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြိုးကြပ်မှုဗဟိုကော်မတီ”**ကို ၂၀၂၆ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နိုင်ငံဖြတ်ကျော်မှုခင်းများကိုလည်း အလေးထားပြီး ပူးပေါင်းကာကွယ်တားဆီးဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်သည် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ် **“ယနေ့ခေတ်တွင် ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးလာသည်နှင့်အမျှ Cyber Crime၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးမှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ ပိုမိုရှုပ်ထွေးလာသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ရှုပ်ထွေးမှုများကို ထိရောက်စွာကာကွယ်တားဆီးရန်နှင့် အချိန်မီတုံ့ပြန်နိုင်ရန်အတွက် နည်းပညာကျွမ်းကျင်မှုများမြှင့်တင်ခြင်း၊ မှုခင်းသတင်းအချက်အလက်များစုဆောင်းခြင်းနှင့် သုံးသပ်ခြင်း၊ ပြည်တွင်းပြည်ပပူးပေါင်းဆောင်ရွက်မှုများအားကောင်းစေခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်ပြီး အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုလုပ်ငန်း လုပ်ကိုင်သည့်နေရာများဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်မှ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်အထိ ဂုဒြဂစဖ ဦး ဖမ်းဆီးရမိခဲ့ပြီး ဂ၃၂၅၈ ဦးကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးနိုင်ခဲ့သည်။ ထို့ပြင် ၂၀၂၅ ခုနှစ်အောက်တိုဘာလ ၂၂ ရက်ကစပြီး အွန်လိုင်းလောင်းကစားမှုဖြင့် ကျော်ကြားနေသည့် KK Park အတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် ဆက်စပ်သော လူနေအဆောက်အအုံများအပါအဝင် အဆောက်အအုံစုစုပေါင်း ၆၃၅ လုံးကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် ရာနှုန်းပြည့် မိုင်းခွဲဖြိုချဖျက်ဆီးရှင်းလင်းနိုင်ခဲ့သည်။ ဆက်လက်ပြီး ရွှေကုက္ကိုလ်မြို့၊ ကျေးရွာအတွင်းတွင်ရှိသည့် အဆောက်အအုံ ဂဂ လုံးကိုလည်း ရာနှုန်းပြည့်ဖြိုချဖျက်ဆီးရှင်းလင်းပြီးဖြစ်သည်။

ထို့ပြင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကိုလည်း အင်တိုက်အားတိုက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ အထူးစစ်ဆင်ရေး (၄၁)ကြိမ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်ထိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက် “Operation 42” ကိုလည်း အောင်မြင်အောင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် စွန့်လွှတ်စွန့်စားမှုများနှင့်အတူ တာဝန်ကျပွန်စွာထမ်းဆောင်မှုများပြုလျက်ရှိရာ ဒုစရိုက်လုပ်ငန်းမှုန်သမျှ နိဂုံးချုပ်အောင် ပိုမိုဆောင်ရွက်နိုင်ပါစေကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

ဝေါ အောက်တိုဘာ ၂

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများဖြင့် အဗျားဘိုတဲကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက အောက်တိုဘာလ ၁ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညီညီဝင်း၊ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရန်မျိုးနိုင်နှင့် ဝန်ထမ်းများက အဗျားဘိုတဲကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အခြေအနေများကိုရှင်းလင်းတင်ပြသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ဖြ၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို VDP ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ်သိန်း ၃၈၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလ ၁ ရက်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ကိုညီ(ကျေးလက်)

စာဖတ်ရှုနိုင်မြှင့်တင်ရေးအသိပညာပေးဟောပြော

ပျော်ဘွယ် အောက်တိုဘာ ၂

မန္တလေး တိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် စာဖတ်ခြင်းမှရရှိလာသော အကျိုးကျေးဇူးများကို ကျောင်းသား၊ ကျောင်းသူများ သိရှိနားလည်လာစေရန် ရည်ရွယ်၍ စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၁ ရက်နံနက်ပိုင်းတွင် အခြေခံပညာမူလတန်းကျောင်း (မြို့မ)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းကြူက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ စာဖတ်ခြင်းမှတစ်ဆင့် အသိပညာနှင့် ဗဟုသုတများ တိုးပွားလာစေရန်၊ မိမိတို့၏ စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် လေ့လာသင်ယူနိုင်စွမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုများအား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ငယ်စဉ်ကတည်းက စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိအောင် ကြိုးပမ်းသင့်ကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေး သုတ၊ ရသစာအုပ်၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြကြောင်း သိရသည်။

ကျော်စွာထက်(ပျော်ဘွယ်)

သဇင်(FM)အသံလွှင့် အစီအစဉ်

၃-၁၀-၂၀၂၆(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့

၂။ ၀၈:၂၀ Morning Songs

၃။ ၁၁:၅၀ စိုက်မွေးသုတ

၄။ ၁၄:၅၀ Business Tips

၅။ ၁၆:၀၀ Holiday Vibes

၆။ ၂၁:၄၀ ဇာတ်လမ်းအသွင် တေးသံစဉ်

ဂျော်တီ .com

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ဝ၃၁-၇၃၉၉၈၊ ဖက်စ် ဝ၃၁-၇၃၉၉၉/ဝ၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ဝ၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ဝ၁၈-၄၀၀၆၉၇၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ဝ၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ဝ၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

သတင်း
မှတ်စုတို

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမ္ဘူလဂူဘုရားအတွင်း လက်ရာမြောက်စွာရေးဆွဲထားသည့် ဗုဒ္ဓဝင်ဇာတ်ကွက်များကိုလေ့လာနိုင်



ညောင်ဦး အောက်တိုဘာ ၂

မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ ခရီးသွား ဘုရားဖူးလေ့လာရေး ရောက်ရှိခဲ့ပါက သမ္ဘူလဂူဘုရားအတွင်းရှိ မုခ်လေးမုခ်မှ ထိုင်တော်မူ ဗုဒ္ဓဆင်းတုတော်များကိုဖူးမြော်ပြီး လိုဏ်နံရံများနှင့် မျက်နှာကြက်များတွင် ဇာတ်ကွက်များ၊ ငါးရာ့ငါးဆယ်ဇာတ်ကွက်များနှင့် ပုဂံခေတ်မင်စာများကို လေ့လာနိုင်ကြောင်း သိရသည်။

သမ္ဘူလဂူဘုရားအတွင်း တွေ့ရှိရသော ကျောက်စာမှတ်တမ်းများအရ ခရစ်နှစ် ၁၂၅၅ ခုနှစ်တွင် ဥဇနာမင်းကြီး၏မိဖုရား သမ္ဘူလ၏ ကောင်းမှုတော် ဂူဘုရားဖြစ်ပြီး အရှေ့မုခ်လှည့် အာရုံခံပုံစံ တည်ဆောက်ထားသည်ကို လေ့လာတွေ့ရှိနိုင်သည်။ ဂူဘုရားကြီးနံရံများနှင့် အမိုးပေါင်းကူးများ၊ မျက်နှာကြက်များတွင် လက်ရာမြောက်စွာရေးဆွဲထားသော ဗုဒ္ဓဝင်ဇာတ်ကွက်များ၊ ငါးရာ့ငါးဆယ်ဇာတ်ကွက်များတွင် မင်စာစာတန်းများဖြင့် တင့်တယ်စွာရေးခြယ်ထားသည်။ အင်္ဂတေလက်ရာများမှာ အနုစိတ်ပြီး ထူးခြားကောင်းမွန်လှသည်ကို လေ့လာတွေ့ရှိနိုင်သည်။

ထို့ပြင် အတွင်းနံရံရှိ ပန်းချီလက်ရာများတွင် လူကိုယ်နှင့် ဂွက်မျက်နှာရှိသော ကိန္နရီ၊ကိန္နရာ ပန်းချီကားလက်ရာများကိုလေ့လာနိုင်သည်။

သမ္ဘူလဂူဘုရားကြီး တည်ဆောက်ပုံမှာဗိသုကာလက်ရာထူးခြားကောင်းမွန်လှပြီး လိုဏ်အတွင်း လေဝင်လေထွက်စနစ်၊ အလင်းဝင်စနစ်များ ပေါင်းစပ်တည်ဆောက်ထားရှိမှုနှင့် ဘုရားပတ်လည် မဟာရံတံတိုင်းကြီး တည်ဆောက်ထားမှုမှာလည်း ထူထည်ကြီးမား ခံ့ညားသည်ကို မျက်ဝါးထင်ထင် လေ့လာနိုင်သည်။

သမ္ဘူလဂူဘုရားမြောက်ဘက်တွင် ရှင်အဇ္ဇဂေါဏဘုရား၊ မောင်ရိုးဂူဘုရား၊ ဝိနည်းခိုရိုဘုရား၊ အနောက်မြောက်ဘက်တွင် မလုံးဖြစ်ဘုရား၊ မလာဖြစ်ဘုရား၊ သိဃ်သူသမီးကျောက်စာ၊ အနောက်ဘက်နှင့် အနောက်တောင်ဘက်တွင် ဘုရားသုံးဆူ၊ နရသီဟပတေ့ဘုရား၊ စောလဝန်းဘုရား၊ လေးမျက်နှာဆုတောင်းပြည့်ဘုရား၊ မင်းနန်သူရှင်းကြည့်တောင်ကုန်းနှင့် မင်းနန်သူလေးထောင့်ကန်တို့ကိုလည်း တစ်ဆက်တစ်စပ်တည်း လေ့လာနိုင်ကြောင်းသိရသည်။

ဒီပါလင်း

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပရိဘောဂသင်တန်းဖွင့်လှစ်

ပေါင်းတည် အောက်တိုဘာ ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပရိဘောဂ သင်တန်းဖွင့်ပွဲကို အောက်တိုဘာလ ၁ ရက်တွင် နတ်ပုတီးကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက အမှာစကား ပြောကြားပြီး ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက သင်တန်းဖွင့်လှစ် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာအရာရှိများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြများက စာတွေ့လက်တွေ့ဖြင့် အောက်တိုဘာလ ၁ ရက်မှ ၃၀ ရက်အထိ ရက် ၃၀ ကြာ သင်ကြားပို့ချဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သန္တာ

ဆားလင်းကြီးမြို့နယ်၌ နေကြာသီးနှံ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ဆားလင်းကြီး အောက်တိုဘာ ၂

စစ်ကိုင်း တိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ၂၀၂၆- ၂၀၂၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆားလင်းကြီးမြို့နယ်၌ နေကြာသီးနှံဧက ၁၅၀၀ စိုက်ပျိုးရန်အတွက်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ဧက ၁၂၁၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊နှမ်းတွေထက်များတယ်"ဟု ဆားလင်းကြီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

ဆားလင်းကြီးမြို့နယ်၌ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရေးမြင့်မားရေးအတွက် ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုနှစ် ဆားလင်းကြီးမြို့နယ်တွင် နေကြာသီးနှံစိုက်ပျိုးမည့် တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားပြီး ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။



ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများနှင့် ဆက်စပ်သူများအားလုံး အနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်မြဲတွေးလျက် နိုင်ငံအတွင်း စားသုံးဆီဖူလုံရေးနှင့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

စွမ်းရည်ပြည့်အား

❖ မြန်မာ့တပ်မတော် ထင်ရှားသည့် အင်အားပြည့် စွမ်းရည်။
နှလုံးရည်နှင့်
လက်ရုံးရည် လျင်မြန်သွက်လို့
ထက်မြက်လှသည်။
သစ္စာလေးချက် တိုင်တည်
ခိုင်ကျည်ပေ့ သုံးပါးအရေး။
ဘက်စုံအောင် သက်လုံကောင်းတော့
အောင်ကြောင်းတည့်လေး။

❖ ဘက်စုံပေါင်းပါလို့
သက်လုံကောင်း ကိုယ်ခန္ဓာ။
ကြည်း၊ ရေ၊ လေ တပ်မတော်သားတို့
ခွန်အားသန်မာ။
အားကစား နည်းပညာ
လေ့လာလို့ လေ့ကျင့်မပြတ်။
စည်းကမ်းကို အစဉ်တစိုက်
လိုက်နာလို့မှတ်။

❖ ကြည်း၊ ရေ၊ လေ တပ်မတော်သားတို့
အားကစား ပွဲတော်တွင်။
ယှဉ်ပြိုင်သူ အချင်းချင်း
ရင်းနှီးခင်မင်။
ပွဲစဉ်တိုင်း ပြိုင်ပွဲဝင်
အတူယှဉ် အနိုင်ခဲ။
အနိုင်မခံ အရှုံးမပေး
ကြွေးကြော်သည်ပဲ။

❖ အောင်သရဖူ တံခွန်စိုက်မယ်လို့
အင်တိုက်အားတိုက် ကြိုးစားနေ။
ကြံ့ခိုင်သူ နိုင်စမြဲမို့
ဗိုလ်စွဲတယ်လေ။
အနိုင်ရအောင်လို့
ပြိုင်ကြတဲ့ ပွဲအထွေထွေ
နွဲ့နေကြ ရေကုန်ရေခန်း။
အောင်လံထူ အောင်သံကျူးတယ်
ခူးဆွတ်အောင်ပန်း။

❖ အောင်စစ်သည် တပ်မတော်သားတို့
အားကစား ထူးချွန်သူ။
လက်ရွေးစင် စင်တော်ကောက်လို့
ချီးမြှောက်မွေးမြူ။
မြန်မာ့သားတွေမို့
မြန်မာ့အားကစား တံခွန်ထူ
ပြည်သူချစ် မောင်မယ်များ။
နိုင်ငံတကာယှဉ် ရင်ပေါင်တန်းမယ်
စွမ်းရည်ပြည့်အား။ ။

ရေနံ့သာမောင်ကျော်ညွန့်

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

တောလုံးအုံမှိုင်း ညို့ဆိုင်းသွဲ့သွဲ့ မှိန်လဲ့လဲ့ဖြင့် လွမ်းချင့်ယောင်ယောင် စိတ်အမှောင်ကို ရှင်းပြောင်အားထည့် နေရောင်ခြည်နှင့် ပြိုးပြက်လက်နေသော တောင်ကလပ်ထိပ်စေတီကလေး၏ ရွှေဆည်းလည်းလေးများ တောက်ပနေကြသည်။ ကဗျာလင်္ကာဝါသနာပါသူပီပီ ကျောင်း၌သင်ခဲ့ရသည့် စိန္တကျော်သူ၏စာတစ်ပုဒ်ကို အလိုလိုနှုတ်တိုက်ရွတ်ဆိုမိလျက်သားဖြစ်နေ၏။

“ဟေမဝါလျှင် မြိုင်သာတောထဲ စစ်လမ်းခဲဝယ် တပ်တဲတော်က ညိုလဲ့ရွက် ရှုတလေလိမ့် တမ်းလွမ်းစိမ့်ဟု သိမ့်သိမ့် သံအေး မိုးသံကြွေးလျက် ဟာလေးဟေးလား ပျော်ပါးရင့်ရှူ ငှက်ကိုမူလည်း အတူအတူ ချိုးပြာကူလျက် ဗျိုင်းဖြူပျံသန်း ကျီးကန်းအိုးအော သာလိကာနှင့် တမာကုလား ကျေးစိမ်းများလျှင် ဖောင်းကားကျေးနီ ကနီကျိုး ကျိန်း မှိန်နှင့် တီတူး တောင်စူးဘိညှက် ဆက်ရက်ကယ်တည့် ငှက်စပ်ငှက်ကျား ကြိုးကြာဖြူဖက် ပျားဖွပ်လိပ်ပြာ ခေါက်ရှာခင်ဘိတ် တောင်ဆိတ် သစ်ပိုး နန္တင်းဆိုးနှင့် ဖိုးခေါင်တင်ကျီး ကော့ရီးမြီးသွယ် ခါးလယ်မြီးတုံး ငုံးနှင့် ခင်ဘုတ်ကုပ်ကုပ်ကွေးကွေး သေးသေးနုံပြီ အော်မြည်ကြုတ်ကြုတ် စုတ်စုတ်ရေးရေး မဖိုသွေးလျက် သက်ပေး ဝေနှင်း တောင်ချင်းလည်ချင်း မကင်းဖက်ရက် နွဲကာစက်၍ နုံဖက်ယုယ မကန္တံ့တုံ ဖိုကငုံလျက် အာရုံနှစ်လို့ နှုတ်ဖြင့် တို့၏ သို့သို့လူလို ချစ်ဖွယ်ဆိုလျက် ထိုထိုလမ်းပါး မြင်ပါငြားသော် သနားစဖွယ် အော်သည့်နှယ်မှ စံပါယ်ရာဝဲ မယ်နှင့်လွဲဟု ဝမ်းဘဲရေဝေး ပူ၍ဆွေးပုံ သမ်းမှေးမှောင်ဖွင့် မြင်တကား”

ပေအိုစာဟောင်း စာအကောင်းကို စိတ်လိုလက်ရ ရွတ်ဆိုလိုက်ရသဖြင့် အတန်ပင်လန်းဆန်းသွားလေသည်။ မနီးမဝေး တောအုပ်အလယ်မှ စိမ့်ရေ အင်းပြဲကြီးထဲဝယ် ခေါင်းနက်လည်စိမ်းနှင့် ဘယ်ယိမ်းညာယိမ်း လည်ဆံသိမ်းကာ ဖိုသံမာဂဝေးနေသော ဝမ်းဘဲဖိုကြီးက လူရိပ်လူယောင်မြင်ရရုံဖြင့် လန့်ပျံလေရာ ကန်အစပ်မှ အစာရှာနေကြသော ဝမ်းဘဲမတစ်အုပ်လည်း ဝေါခနဲထပြန်သွားကြလေသည်။

တစ်တောဝင်တစ်တောဆက် ကိုင်းချင်းယှက်ကာ အုံမှိုင်းညို့ဆိုင်းနေကြသည့် သစ်မျိုးစုံတောကြီးထဲဝယ် ကျင်းကိုလည်းကွေ့ရ၏။ ချိုင့်ကိုလည်းနင်းရ၏။ ချောင်းကိုလည်းဖြတ်ရ၏။ မြင်းကို ခြေအကျလေးသာ မောင်းနှင်သွားရသော မြိုင်ရပ်ခရီးလမ်းဖြစ်၍ အပင်ချင်းယှက်ကာ လေယူရာယိမ်းပါးရင်း ပွတ်တိုက်နေကြသည့်အသံများက ညင်းသွဲ့သာယာစောင်းညင်းပမာ လွမ်းတတ်မည်ဆိုက လွမ်းစရာပင် မောင်စံကင်းကလေးကား လူငယ်ပီပီ ပျော်ရွှင်နေတော့သည်။ အသံဝါ တောကျီးကန်းကြီးများက အာလုပ်သံကြီးများ တအွာအွာဖြင့် မာဂဓတေးဆိုရင်း ကျီးကန်းအမများအနားကပ်ကာ တီတီတာတာခွေနေကြပုံက ရယ်စရာပင်ကောင်းနေသဖြင့် နုနယ်သောနှလုံးသားနှင့် အမြင်ဆန်းကာ ဟက်ဟက်ပက်ပက် ရယ်မိလေသည်။ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသည့် ငှက်ဘီလူးသဏ္ဌာန် ငှက်မောင်နှံက တောင်ပံချင်းယှက် မြေသို့သက်၍ ဖုန်ထက်ပျာဆင်း လူးရင်းလိမ့်ရင်း ရွှင်မြူးစွာဟစ်ကြွေးနေကြပုံကို အံ့သြဘနန်း ကြည့်နေမိသည်။

အဝေးတောတစ်ဖက်က တွန်ကျူးလိုက်ကြသည့် တောတိန်ညင်ကြက်ဖလေးများ၏ စူးစူးရှရှအသံလွင်လွင် ဆွဲငင်လျက် ကြားနေရချိန်



တော်လည်းသံအလား ရုတ်ရုတ်သဲသဲ အုပ်ခဲပြေးလွှားလာကြသည့် သစ်ပင်ထိပ်ဖျားက မျောက်အုပ်ကြီးများကြောင့် ခြေစုံရပ်နေသော မြင်းမကြီးက ထိတ်လန့်ကာ ခွာစုံမြှောက် ဟီသံပေးနေလေပြီ။ စံနက်ကျော်သတိပြုမိချိန်တွင် တောအုပ်ကြီးအလယ်တွင် မှောင်ရီပျပျဆည်းဆာကျလာသည်။

နှစ်နေ့တစ်ညခရီးကို အပြင်းနှင်လာရသော်လည်း လမ်းခရီးတစ်လျှောက် အင်ကြင်းပန်းရန့်များနှင့်အတူ မန်ကျည်း ထနောင်းရွက် အပေါင်းတို့၏ လေ၌သင်းပျံ့နေသော စိမ်းရွှေရွှေမွှေးရနံ့တို့ကြောင့် ကျန်းမာကြွံခိုင်သူလူငယ်ပီပီ မမောမပန်းလန်းဆန်းနေသည်။ ခေတ်အခါအရ လူဆိုးဓားပြများ အလွန်ပေါများလှသည့် ပင်လယ်နက်နက်၊ နွယ်ဘူးအိုင်နယ်ကျသေနယ် ပုပ္ပားနယ်ရိုး အစရှိသော ကျယ်ပြောကြမ်းတမ်းလှသည့် နယ်မြေကြမ်းများကို ကံကောင်းထောက်မစွာ အနှောင့်အယှက်မရှိ ဖြတ်ကျော်ခဲ့ရမှန်း မောင်စံကင်း နောင်မှသိခွင့်ရခဲ့လေသည်။

ထို့ပြင် ရှေးပျူ ပုဂံမင်းဆက်တို့ကောင်းမှု စေတီပုထိုးများ ပေါများရာ နွယ်ဘူးအိုင်နယ် ဆီမီးခုံနယ်များကိုလည်း ဖြတ်သန်းလျက် ဆယ့်နှစ်နှစ်အရွယ် နပ္ပလွင်ရွာဘုန်းကြီးကျောင်းသားလေး မောင်စံကင်း ရန္တုပိုဟူသော သမိုင်းဝင်နယ်မြေကြီးအတွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့လေတော့သည်။ သူသွားရမည့် ဘုန်းတော်ကြီးကျောင်းမှာ ရန္တုပိုအရပ်ကြီး၏အရှေ့မြောက်ဘက် သစ်တောကြီးအနီး၌ရှိလေရာ ရန္တုပိုရွာကြီးထိပ်မှ မြင်းကို အသေ့နှင် မောင်းခဲ့သည်။

ရွာရိုးကုန်းအထက်မှနေ၍ ဒေါက်အလျား အရောင်အသွေးကောင်းလှသော မြင်းကြီး၏ပြေးလွှားပုံနှင့် မြင်းထက်မှ ကိုယ်နေဟန်ကျကျွမ်းကျင်စွာ စီးနင်းသွားသည်ကို ညနေဆည်းဆာရောခပ်ဆင်းသူလှပျိုဖြူတို့နှင့် မြင်ရသူရန္တုပိုရွာသားတို့ ငေးမောကြည့်နေကြ၏။ ဤမျှအရောင်အသွေးကောင်း ဒေါက်အလျား မြင့်မြင့်မားမားနှင့် လှပသော မြင်းမျိုးမှာ မင်းညီမင်းသား မင်းမှူထမ်းအကြီးအကဲများနှင့် သူဌေးသူကြွယ်တို့သာ အသုံးပြုနိုင်ကြသည်ဖြစ်ရာ ဤငယ်ရွယ်နုနယ်သော မြင်းစီးသမားလုလင်ကိုလည်း အနွယ်တော်တစ်ဦးအထင်ဖြင့် ကြည့်နေကြခြင်းဖြစ်သည်။

ကျနေခြည် ရွှေရည်အသွေးဖြင့် ကိုယ်ဟန်ကျန မြင်းကိုစီးသွားပုံက ကျွမ်းကျင် ပဝါကလွင့် ဆံမြိတ်တို့ကလည်း လေဝယ်လွင့်ကာ တိမ်ယံမြင့်ဖျားက နတ်မြင်းပျံအလား အချိုးညီညာ အမြီးများဖြာသည်အထိ ပြေးလွှားသွားသည့် မြင်းကောင်းတစ်စီးနှင့် လူစွမ်းတစ်ယောက်ကို အကဲခတ်နေသူတစ်ဦးရှိနေ၏။

ဦးကျော်ရွှေးက လှည်းအရပ်ခိုင်းလိုက်ပြီး...

“စီးပုံမောင်းချက် အကွက်လှလှနဲ့ လူပုံက ဆံမြိတ်ချလို့ နတ်စစ်သည်အလား မြင်းအတတ်ကျွမ်းကျင်လှပါကလား၊ ဟဲ့ ငချစ်စံ ဟိုကုန်းအထက်က မြင်းစီးခရီးသွားနောက် အမြန်လိုက်ပြီး ငါကိုယ်တော်အခေါ်တော် ရှိတယ်လို့ ပြောချေကွဲ့”

ရွာဦး ရွှေကူနီစေတီကြီးကို ပန်းဆီမီး ကပ်လှူပူဇော်ပြီးအပြန် အနောက်ဘက်ရိုးအထက်မှ ကျနေခြည်နောက်ခံဖြင့် မြင်လိုက်ရသည့် မြင်ကွင်းမှာ အဘယ်သို့သောလူဟု သိလိုလှသည်။ လှည်းယဉ်ကြော့နံဘေးက ယှဉ်လျက်လိုက်လာသော သူ့တူကို မြင်းစီးလုလင်နောက်သို့ လိုက်စေသည်။

“မှန်ပါ့ ဦးကြီးမင်းဘုရား”

ငချစ်စံလည်း လှည်းလမ်းကြောင်းအတိုင်း နောက်ကြောင်းလှည့်ကာ အပြင်းဒုန်းစိုင်းလိုက်လေသည်။ သို့သော်လည်း ခြေဆံလက်ဆံမြင့်မားကာ ဒေါက်အလျား ပြေးအားသက်လုံကောင်းလှသော ရှေ့ကမြင်းကို မမီဘဲ နောက်ဆုံး ဆရာတော်ဦးပရမကျောင်းရောက်မှပင် မန်ကျည်းကိုင်း၌ ချည်ထားသောမြင်းနှင့်အတူ ရေအိုးစင်မှ ရေခပ်သောက်နေသည့် မြင်းစီးလုလင်ကို မီလေတော့၏။ ငချစ်စံ မြင်းပေါ်မှ အပြေးဆင်းလိုက်လေသည်။

“အလို ကိုရင်ကလည်း မနည်းမီအောင် လိုက်ရသဗျာ၊ တော်ပါသေးရဲ့ ဒီမှာတင် ခရီးဆုံးလို့၊ ကဲကဲ အမိန့်တော်ပါတယ်ဗျို့”

ခရီးရောက်မဆိုက် နောက်ကလိုက်လာပြီး သူနှာမလည်သောစကားများ လာပြောနေသည့်သူစိမ်းကို မောင်စံကင်း တစ်ချက်မျှစောင်းငဲ့ကြည့်ကာ ရေတစ်ခွက်ပြီးတစ်ခွက် တဂွပ်ဂွပ်နှင့် အေးအေးဆေးဆေးသောက်နေလေသည်။

“ရောင်းရင်းကို ပြောနေတာဗျ၊ ကျုပ် ဦးကြီးမင်းဘုရားက ရောင်းရင်းကိုတွေ့ချင်လို့ အခေါ်လွှတ်လို့ အပြင်းလိုက်လာတာဗျ”

“ဟုတ်လား ဘယ်လိုဖြစ်ဖြစ် ကျုပ်ကိုမီမှာပါ နောင်ကိုရ၊ ကျုပ်ခရီးက ဒီမှာတင်လမ်းဆုံးပြီလေ”

“အလို ညီငယ်က အသံကြားမှပဲ ကလေးသာသာအရွယ် အင်မတန် နုနယ်တဲ့ ကျောင်းသားသူငယ်လေးပေပဲ၊ အရပ်အမောင်းက ကောင်းလိုက်ပါဘိ ကျုပ်နဲ့တောင် မယိမ်းပါလား”

“ဟုတ်ပါတယ်၊ ဒီကျောင်းမှာ စာသင်ဖို့ နပ္ပလွင်ရွာက လာခဲ့တဲ့ ကျောင်းသားပါ၊ နောင်ကိုက ကျုပ်ကို ဘာကိစ္စတွေ့ချင်ရတာလဲ”

“ကဲကဲ အဲဒါတွေ နောက်မှမေး၊ မြင်းပေါ်ပြန်တက် ညီငယ် ငါနဲ့ပြန်လိုက်ခဲ့ပါ”

ဆက်လက်ဖော်ပြပါမည်။

ရေလွှမ်းလယ်ယာမြေများတွင် စပါးစိုက်ကေများ ပြန်လည်ထွန်ယက်စိုက်ပျိုး

ငါးသိုင်းချောင်း အောက်တိုဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ငါးသိုင်းချောင်းမြို့ရှိ ရေလွှမ်းလယ်ယာမြေများတွင် စပါးစိုက်ဧကများ ပြန်လည် ထွန်ယက်စိုက်ပျိုးနေမှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုးတင်နှင့် တာဝန်ရှိသူများသည် အောက်တိုဘာလ ၁ ရက်က ကွင်းဆင်းစစ်ဆေးကြသည်။


ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုးတင်၊ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်သန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မန်နေဂျာ ဦးဇော်ဝမ်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် တာဝန်ရှိသူများသည် ကြပ်ကွင်းကျေးရွာ အုပ်စုရှိ တောင်သူဦးကံမြင့်၏ လယ်ယာမြေ ၁၆ ဒသမ ၉၉ ဧကနှင့် တောင်သူ ဦးထွန်းထွန်း၏ လယ်ယာမြေ ၉ ဒသမ ၇၇ ဧကတို့၌ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ခြောက်စီးဖြင့် ထွန်ယက်စိုက်ပျိုးပေးနေမှုကို ကြည့်ရှုကြသည်။

ထို့နောက် ဒေါင့်ကြီးကျေးရွာအုပ်စု မီးသွေးကုန်းကျေးရွာရှိ တောင်သူ ဒေါသန်းသန်းမော်၏ လယ်ယာမြေ ၇ ဒသမ ၁၂ ဧက၌ GW-11 မျိုးစပါးကို မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် စိုက်ပျိုးနေမှုကိုလည်းကောင်း၊ ဆီဆုံကုန်းကျေးရွာရှိ တောင်သူသုံးဦး၏ လယ်ယာမြေ ခြောက်ဧကတွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုကိုလည်းကောင်း ကြည့်ရှုပြီး ဖြေကြားပေးကြကြောင်း သိရသည်။



သူများက ပြန်လည်ရှင်းလင်း သည့်မေးမြန်းမှုများကို တာဝန်ရှိ

ရန်ကင်း



➤ **ထားဝယ်မြို့ပေါ်မှ**

ကျောင်းသား၊ ကျောင်းသူများအတွက် သောက်ရေသန့်ဂါလန် ၇၅၀ တို့ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ရေဘေးသင့်ရပ်ကွက်များအတွင်း ရွှေ့လျားရေသန့်စင်စက်ဖြင့် သောက်ရေသန့်ဖြန့်ဝေပေးနေမှု၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး ကြည့်ရှု စစ်ဆေးပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။

ဆက်လက်၍ ကြက်စားပြင် ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ပူးပေါင်းအဖွဲ့များက ကျောင်းစာသင်ခန်းများအတွင်း ရွှံညွန်များနှင့် အမှိုက်များဖယ်ရှားရှင်းလင်းနေမှုနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ အာဇာနည်လမ်းပေါ်ရှိ ဘုမ္မော်ရပ်ကွက်သို့ စီးဆင်းနေသော ချောင်းတွင် စက်ယန္တရားဖြင့် တူးဖော်ရှင်းလင်းနေမှုကိုလည်းကောင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော လျှပ်စစ်မီးတိုင်နှင့် လျှပ်စစ်မီးကြိုးပြတ်တောက်မှုများကို ပူးပေါင်းအဖွဲ့များက အချိန်မီလျှပ်စစ်မီးရရှိအောင် ပြင်ဆင်ခြင်း၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနက အဖွဲ့များဖွဲ့ပြီး ကူးစက်ရောဂါများဖြစ်ပွားမှုများ၊ ကူးစက်မှုမရှိစေရေးအတွက်ကြိုတင်ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေတွင်းရေကန်များတွင် ကလိုရင်းဆေးခတ်ခြင်း၊ ရေသန့်စင်ဆေးပြားများဖြန့်ဝေခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာပေးဆွေးနွေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ လောင်းလုံးမြို့နယ်အတွင်းရှိ မြေပြိုနေသောနေရာများ၌ လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံကွပ်ကဲမှုဖြင့် လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများဖြင့် လမ်းများဖောက်လုပ်လျက်ရှိပြီး သဗ္ဗာကျေးရွာတွင် ရေတိုက်စားမှုကြောင့်ပျက်စီးသွားသောတံတားအား ပြည်သူများဖြတ်သန်းသွားလာမှုကောင်းမွန်စေရန် ပြုပြင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ သရက်ချောင်းမြို့၊ လောင်းလုံးမြို့နှင့် ပုလောမြို့နယ်တို့၌ ရေပြန်လည်ကျဆင်းသွားပြီး လမ်းနှင့်တံတားများ ရေတိုက်စားမှုကြောင့် ပျက်စီးမှုများ၊ လမ်းမကြီးများပေါ်ရှိ ပိတ်ဆို့နေသော သစ်ပင်၊ သစ်ကိုင်းများ၊ လမ်းမီးတိုင်များနှင့်ရှံ့ညွန်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်းပါဝင်၍ စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းကာ လမ်းပန်းဆက်သွယ်ရေး အမြန်ဆုံးပြန်လည်ကောင်းမွန်အောင် အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့်ရှိနိုင်သည်။

(မိုး/၈လ)

➤ **ရွှေဖုံးမှအဆက်**

ပူးပေါင်းကော်မတီဥက္ကဋ္ဌ Jeng Phang နော်တောင်(ခ) ဦးနော်တောင်၊ ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ(၁)ဦးချစ်ဆွေ၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးတေဇကျော်၊ အတွင်းရေးမှူး ဦးသန်းအောင်နှင့် ပူးပေါင်းကော်မတီဝင်များ၊ စိစစ်ရေးပူးပေါင်းအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၆–၂၀၃၀ ဘဏ္ဍာရေးနှစ်ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပေးနိုင်ရေးနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ အဆိုပါဥပဒေကြမ်းပါ ရငွေ၊ သုံးငွေများကို အသေးစိတ် စိစစ်နိုင်ရန်အတွက် စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၈ ဖွဲ့ကို ကြိုတင်ဖွဲ့စည်းပေးထားပြီး ဖြစ်ပါကြောင်း။

ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် မူလခန့်မှန်းခြေတွင် ခွင့်ပြုထားမှု၊ သုံးစွဲပြီးနှင့်သုံးစွဲရန် ကျန်သည့်အခြေအနေ၊ သုံးစွဲနိုင်ခြင်းမရှိသဖြင့် ပြန်လည်အပ်နှံရမည့်ငွေပမာဏကိုလည်း စိစစ်ရန်လိုအပ်ပါကြောင်း။

စီးပွားရေးအဖွဲ့အစည်းများအား နောက်ထပ်ဘဏ္ဍာငွေခွဲဝေပေးခြင်းအားဖြင့် ထပ်မံတိုးတက်ရရှိလာမည့် ဝင်ငွေအခြေအနေကိုလည်း တွက်ဆသင့်ပါကြောင်း၊ နိုင်ငံတော်သို့ပေးသွင်းရမည့်ငွေများဖြစ်သော ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများကိုလည်း ပေးသွင်းသည့်ဌာနနှင့် လက်ခံသည့်ဌာနတို့တွင် နှစ်ဖက်စာရင်းသွင်းမှုအခြေအနေကိုလည်း စိစစ်ရန်လိုပါကြောင်း။

ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာရေးစည်းမျဉ်းအရရန်ပုံငွေလွှဲပြောင်းသုံးစွဲမှုမပြုနိုင်သည့်အပြင် ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေပြီးစီးအောင်ဆောင်ရွက်ရမည့်လုပ်ငန်းကိစ္စများနှင့်ယင်းတို့၏ဟတိအခြေအနေကိုသုံးသပ်တွက်ချက်ပြီး စိစစ်ဆောင်ရွက်ရန် လိုပါကြောင်း။

စိစစ်ပြီးနောက်မဖြစ်မနေပေးချေရမည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေများ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုကြောင့်လိုအပ်ငွေသည့်အသုံးစရိတ်၊ အမှန်တကယ်ထပ်မံလိုအပ်သောလစာစရိတ်၊ ပင်စင်၊ အတိုးပေးငွေနှင့် နိုင်ငံတော်၏လိုအပ်ချက်အရ ဖြည့်စွက်ခွင့်ပြုငွေတင်ပြတောင်းခံသည့် အသုံးစရိတ်များကိုသာ ခွင့်ပြုရန်လိုအပ်ပါကြောင်း။

ဥပဒေကြမ်းများကိုစိစစ်ရာတွင် အားနည်းချက်၊ အားသာချက်များကို အခြေခံပြီး အားသာချက်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြုပြင်ဆောင်ရွက်ခြင်းဖြင့် ဘတ်ဂျက်စိစစ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စေနိုင်မည်ဖြစ်ပါကြောင်း။

ရငွေ၊သုံးငွေများစိစစ်အတည်ပြုခြင်းလုပ်ငန်းစဉ်သည် လွှတ်တော်၏လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည့်အတွက် ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် မိမိတို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိတိကျကျသိရှိနားလည်ရန် လိုအပ်သလို လုပ်ပိုင်ခွင့်ထက်ကျော်လွန်ဆောင်ရွက်ခြင်းများမပြုလုပ်မိရန်လည်း လိုအပ်ပါကြောင်း။

ထို့ပြင် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ဖိတ်ခေါ်ဆွေးနွေး၊ မေးမြန်းခြင်းသည် လွှတ်တော်၏ oversight လုပ်ငန်း၊ ဘတ်ဂျက် စိစစ်အတည်ပြုခြင်းလုပ်ငန်းကို ပိုမိုထိရောက်အောင်မြင်စေရေးအတွက် အချက်အလက်များရှာဖွေစုဆောင်းခြင်းသာဖြစ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများကို စစ်ဆေးမေးမြန်းသည့် ပုံစံမျိုးမဖြစ်စေရန် သတိထားဂရုပြုပြီး ဆောင်ရွက်စေလိုပါကြောင်း။

ဥပဒေကြမ်းများ စိစစ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီသာ စိစစ်ရမည်ဖြစ်ပြီး စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများကို ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေနှင့်အညီ သတ်မှတ်ကာလအတွင်း ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီများကို အချိန်မီပေးပို့နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

ဥပဒေကြမ်းတွင် ပါဝင်သည့် အသုံးစရိတ်များ စိစစ်ရန်ကိစ္စနှင့် စပ်လျဉ်းပြီး ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီက ရှင်းလင်းတင်ပြသွားမည်ဖြစ်သလို တက်ရောက်လာကြသည့် လွှတ်တော်အကြီးအမှုးများနှင့် ပူးပေါင်းကော်မတီဝင်များ၊ စိစစ်ရေးပူးပေါင်းအဖွဲ့ဝင်များကလည်း ဝိုင်းဝန်း အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌက ဥပဒေကြမ်းစိစစ်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ရန်၊ ရငွေ သုံးငွေစာရင်းများ၏ မှန်ကန်တိကျမှုရှိစေရန်နှင့် ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေလိုအပ်ပြီး အမှန်တကယ် သုံးစွဲပြီးစီးနိုင်မည့်ဦးစားပေးအသုံးစရိတ်များကို အဓိကထားစိစစ်ရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ(၁) က ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား သတ်မှတ်ရက်များအတွင်း တင်သွင်း၊ စိစစ်၊ ဆွေးနွေး၊ ပြင်ဆင်အတည်ပြုနိုင်ရေးအတွက် လွှတ်တော်ကော်မတီများနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၈ ဖွဲ့အကြား ပူးပေါင်းဆောင်ရွက်မှု၊ ဘတ်ဂျက်စိစစ်မှုနှင့် အစီရင်ခံစာများကို အချိန်မီတင်ပြနိုင်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပူးပေါင်းကော်မတီဝင်များနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့ဝင်များက ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် အချိန်အတွင်း ပြီးစီးနိုင်ရေး လက်ရှိလုပ်ဆောင်နေမှုများနှင့်စပ်လျဉ်း၍ တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော် နာယက က ဖြည့်စွက်ဆွေးနွေးခဲ့သည်။

မြဝတီ

စူပါအယ်လ်နီညိုဖြစ်စဉ်အတွက် ရန်ကုန်မြို့ရေပေးဝေရေးစနစ် ကြိုတင်ပြင်ဆင်ရေးအလုပ်ရုံဆွေးနွေးပွဲ ဒုတိယအကြိမ် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၂

စူပါအယ်လ်နီညိုဖြစ်စဉ်အတွက် ရန်ကုန်မြို့ ရေပေးဝေရေးစနစ် ကြိုတင်ပြင်ဆင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယအကြိမ် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော်ခန်းမပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးချိုထွန်းအောင်က ယနေ့အစည်းအဝေးကျင်းပရခြင်း ရည်ရွယ်ချက်သည် ကမ္ဘာ့မိုးလေဝသ အဖွဲ့အစည်းအသီးသီးကသတိပေးထားသည့် စူပါအယ်လ်နီညိုဖြစ်စဉ်အတွက် ရန်ကုန်မြို့ ရေပေးဝေရေးစနစ် ကြိုတင်ပြင်ဆင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီး ရန်ကုန်မြို့၏ရေပေးဝေရေးစနစ်ကိုယုံကြည်စိတ်ချရပြီး ရေရှည်တည်တံ့မှုဖြစ်စေရန်ပူးပေါင်းဆောင်ရွက်ရမည့် အကြောင်းအရာများအား ကြိုတင်ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း။

ယနေ့အစည်းအဝေးကရရှိလာသည့်အကြံပြုချက်များကိုအခြေခံပြီးကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲ၏အစီအစဉ်များ၊ မူဝါဒဆိုင်ရာများကိုစနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းအသီးသီး၏အဖိုးတန်သည့်အကြံဉာဏ်များဖြင့်ပူးပေါင်းဆောင်ရွက်မှုများကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းပြောကြားသည်။

ထို့နောက်အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းအောင်က အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာသည့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အဖွဲ့အစည်းအသီးသီးမှ ကျွမ်းကျင်ပညာရှင်များကအလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့်အကြောင်းအရာများအားအကြံပြုဆွေးနွေးပြောကြားကြောင်းသိရသည်။ **နေကိုထိုက်**

(၂-၁၀-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေး ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၁၅.၃ ~ ၅၁၈.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၆၀
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၉,၄၅၈,၅၇၃.၆၃	၁၅,၃၈၂,၇၃၇.၄၄	၃၇,၁၄၇,၂၃၅.၈၁	

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍသည် နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားဧည့်သည်များ ဝင်ရောက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်



ရန်ကုန် အောက်တိုဘာ ၂

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) မိတ်ဖက်ကုမ္ပဏီများနှင့် ပူးပေါင်းကျင်းပသည့် ဟိုတယ်လုပ်ငန်းသုံးပစ္စည်းပြပွဲနှင့် "7th MEMBERS' GALA DINNER 2026" ကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel Yangon Max ဟိုတယ်၌ ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဦးနေမင်းထွန်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) မိတ်ဖက်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍသည် နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားဧည့်သည်များဝင်ရောက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်းများတွင် ဝန်ဆောင်မှု ပိုမိုကောင်းမွန်ရေး၊ လုံခြုံစိတ်ချရမှု၊ အာမခံချက်ရှိမှုနှင့် အဆင်ပြေစေမှုတို့ကို အဓိကထား၍ စနစ်တကျအရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်) ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် Hotel Excellence Award – Short Video ကို ပြသကာ "Hotel Excellence Award 2026" ဆုရရှိသူများအား ဆုဖလားနှင့်ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြောင်းသိရသည်။

မြဝတီ

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန်နိုင်ငံသားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် အောက်တိုဘာ ၂

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ် မြေ အေး ချမ်း သာ ယာ ရေး အတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကချင်ပြည်နယ်၊ တနိုင်းမြို့ရှိ နယ်မြေခံတပ်ရင်းခွဲ ပြုလုပ်ရာ တနိုင်းတပ်နယ်မှတာဝန်ရှိသူ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိုဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တနိုင်းတပ်နယ်မှတာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများကမ်း၍ လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တနိုင်းတပ်နယ်မှ တာဝန်ရှိသူ တစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များစက်မှုလက်မှုပညာသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများကျင်းပ



နေပြည်တော် အောက်တိုဘာ ၂

နယ်စပ်ရေးရာ ဝန်ကြီးဌာနပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းလေးကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၁၉ ကျောင်းတို့၌ ယခုနှစ် မေလ ၄ ရက်မှ အောက်တိုဘာလ ၂ ရက်အထိ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခဲ့ရာ စက်မှုကျောင်းများတွင် ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ၊ အိမ်တွင်းမှုသင်တန်းကျောင်းများတွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ၏ သင်တန်းဆင်းပွဲများအား ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့ပြီး ပုသိမ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အလားတူ သင်တန်းဆင်းပွဲများ ကျင်းပခဲ့သည့် ဘားအံမြို့စက်မှု သင်တန်းကျောင်းနှင့် အိမ်တွင်းမှု သင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ထားဝယ်မြို့ စက်မှုသင်တန်းကျောင်းတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ အောင်ပန်းမြို့ စက်မှုသင်တန်းကျောင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ မုဒုံမြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ လဟယ်မြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဦးလှထွန်း၊ ဆိုက်ခေါင် အိမ်တွင်းမှုသင်တန်းကျောင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဦးခွန်ဖိုးစိန်၊ ကျိုင်းတုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်စိုး၊ မြိုင်ကြီးငူ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးဝင်းတို့ တက်ရောက်ခဲ့ကြပြီး ကျန်သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများနှင့် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများမှ တာဝန်ရှိသူများ အသီးသီး တက်ရောက်ကြသည်။

အဆိုပါသင်တန်းကျောင်းများတွင် ဖွင့်လှစ်သည့်သင်တန်းများသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၆၈ ဦးဖြင့် မေလ ၄ ရက်မှ အောက်တိုဘာလ ၂ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ နေထိုင်စားသောက်ရေးနှင့် လက်တွေ့ခန်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများပြည့်စုံစွာအခမဲ့ထောက်ပံ့သင်ကြားပေးပြီး သင်တန်းထူးချွန်ဆုရရှိသူများအား အပ်ချုပ်စက်တစ်စုံစီနှင့် သင်တန်းသား၊ သင်တန်းသူများအတွက် သင်တန်းဆင်းအောင်လက်မှတ်များ အသီးသီးပေးအပ်သည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင်သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့အထိ စက်မှုကျောင်းများတွင် သင်တန်းသား၊ သင်တန်းသူ ၇၂၀၆ ဦး နှင့် အိမ်တွင်းမှုသင်တန်းကျောင်းများတွင် သင်တန်းသား၊ သင်တန်းသူ ၉၈၆၅ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်းသိရသည်။ မြဝတီ

၂-၁၀-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နိုင်ပါသည်။

(မိုး/၈၆)

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒဿမနေ့ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒဿမနေ့ကျင်းပစဉ်။

နေပြည်တော် အောက်တိုဘာ ၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒဿမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အစည်းအဝေးတွင်ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဘုရားပတ်ဝန်းကျင်နှင့် ဆိပ်ကမ်းသန့်ရှင်းသာယာလှပရေး၊ ပြည်သူ့စစ်မှုထမ်းပြီးစီးသူများအား ပြည်ပအလုပ်အကိုင်ရရှိရေး၊ နိုင်ငံ့ဝန်ထမ်းများအား ဒေသစရိတ်ခံစားခွင့်ရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေများတောင်သူတိုင်းရရှိရေးနှင့် နိုင်ငံ့ဝန်ထမ်းများနှင့်အငြိမ်းစားဝန်ထမ်းများအား ကုန်ခြောက်ပစ္စည်းများနှုန်းထောက်ပံ့ကြေးများထောက်ပံ့ပေးရေးနှင့် လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၉ ခု မေးမြန်းဖြေကြားခြင်းနှင့်အဆို ၁ ခုဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်၏ **ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဘုရားပတ်ဝန်းကျင်နှင့် ဗိုလ်တထောင်ဆိပ်ကမ်းတို့အား သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က သာသနာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သမ္မတရုံး၏လမ်းညွှန်ချက်နှင့်အညီ သမိုင်းဝင်ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ကြီး သန့်ရှင်းသပ်ရပ်ကြည်ညိုဖွယ်ဖြစ်စေရေးအတွက်ဘုရား၊ စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများ ပရိဝုဏ်အတွင်း၊ အပြင်သန့်ရှင်းသပ်ရပ်ကြည်ညိုဖွယ်ဖြစ်စေရေး လိုအပ်သလိုကြပ်မတ်ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအား လုံးသို့ ညှိနှိုင်းမေတ္တာရပ်ခံခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများသို့ ညွှန်ကြားထားပြီး ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်းနှင့်သမိုင်းဝင်ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ကြီး သန့်ရှင်းသပ်ရပ်သာယာလှပစေခြင်းနှင့် ဘုရားကြီးအနီးရှိ ဗိုလ်တထောင် ဆိပ်ကမ်းအား ဘုရားဖူးလာရင်းနှင့် တစ်ဆက်တည်း အပန်းဖြေသွားလာနိုင်ရန် အတွက် နိုင်ငံတကာအဆင့်မီ သန့်ရှင်းသပ်ရပ်သာယာလှပစေခြင်းတို့အား ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့်လေ့လာသုံးသပ်လျှောထားလျက်ရှိပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ကလေးဝမြို့နယ်တွင် ဒေသစရိတ်ခံစားခွင့်မရှိသည့်နေရာများသို့ ပြောင်းရွှေ့တာဝန်ထမ်းနေရသော နိုင်ငံ့ဝန်ထမ်းများအား ဒေသစရိတ်ခံစားခွင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ၎င်းတို့သည် ဒေသစရိတ်ခံစားခွင့်ရှိသည့် ဒေသ၊ ကျေးရွာများမှ ဒေသစရိတ်ခံစားခွင့်မရှိသည့် ဒေသ၊ မြို့များသို့ ယာယီပြောင်းရွှေ့တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအတွက် ဒေသစရိတ်ခံစားခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ၊ နည်းဥပဒေ ၁၅၃၊ နည်းဥပဒေခွဲ(ခ)အရ ဒေသစရိတ်ခံစားခွင့်ရှိသည့် ဒေသမှ ဒေသစရိတ်ခံစားခွင့်မရှိသည့် ဒေသသို့ ယာယီပြောင်းရွှေ့ရပါက ယင်းသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည့်ကာလအတွင်း၌ သတ်မှတ်ချက်များနှင့်ညီညွတ်မှသာလျှင် ဒေသစရိတ်ဆက်လက်ခံစားခွင့်ရှိပါကြောင်း၊ အဆိုပါသတ်မှတ်ချက်များမှာ ယာယီပြောင်းရွှေ့သည့် ကာလသည် ကူးပြောင်းချိန်မပါဝင်ဘဲ လေးလထက်မကျော်လွန်ခြင်း၊ ယာယီပြောင်းသည့်ကာလကုန်ဆုံးလျှင် ဝန်ထမ်းအား ဒေသစရိတ်ခံစားခွင့်ရှိသည့်ရာထူးသို့ ပြန်လည်ပြောင်းရွှေ့ရန် ရည်ရွယ်ကြောင်းဖြင့် ပြောင်းရွှေ့မိမိနှင့်တွင် ထည့်သွင်းဖော်ပြပါရှိခြင်း၊ ယာယီပြောင်းရွှေ့သည့် ကာလတွင် ဝန်ထမ်းနှင့်အတူနေပြီး ဝန်ထမ်းအပေါ်တွင် လုံးဝမှီခိုနေရသည့်ဇနီးသို့မဟုတ် ခင်ပွန်း၊ သားသမီးများ (လင်ပါမယားပါသားသမီးများနှင့် တရားဝင်မွေးစားသားသမီးများအပါအဝင်)ဖြစ်သော မိသားစုသည် မူလရာထူးတည်ရာဖြစ်သည့် ဒေသစရိတ်ခံစားခွင့်ရှိသောဒေသ၌ ဆက်လက်နေထိုင်လျက်ရှိခြင်းတို့ဖြစ်ပါကြောင်းနှင့် လက်ရှိစစ်ကိုင်းတိုင်းဒေသကြီး အခြေအနေအရ ဒေသစရိတ်ခံစားခွင့်ရှိသည့် ဒေသ၊ ကျေးရွာများမှ ဒေသစရိတ်ခံစားခွင့်မရှိသည့် ဒေသ၊ မြို့များသို့ ယာယီပြောင်းရွှေ့တာဝန်ထမ်းဆောင်နေရသော နိုင်ငံ့ဝန်ထမ်းများအား ဒေသစရိတ်ခံစားခွင့်ရှိသည့် ဒေသ၊ ကျေးရွာများမှ ဒေသစရိတ်ခံစားခွင့်မရှိသည့် ဒေသ၊ မြို့များသို့ ယာယီ

⇛ **စာမျက်နှာ ၇ မှ**

တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ၂ ဒသမ ၁ ဖာလုံ အမာခံလမ်းခင်းခြင်းလုပ်ငန်းအား တိုင်းဒေသကြီး (ပြင်/ထိန်း)ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကျေးလက်လမ်း မဟာဗျူဟာအရ ရာသီမရွေးသွားလာနိုင်သောလမ်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်း ၃ ဖာလုံအား တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြပြီး ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား လတ်တလောဦးစားပေးအစီအစဉ်တွင် မပါဝင်သေးပါကြောင်း ဖြေကြားသည်။

ကွမ်းခြံကုန်း မဲဆန္ဒနယ်မှ ဦးသန့်ဇော်၏ **ကွမ်းခြံကုန်းမြို့နယ် ကြခတ်ကုန်းလေးနှင့် မြိုင်သာယာကျေးရွာချင်းဆက် လမ်းအား ကွန်ကရစ်လမ်းအဖြစ် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက အိမ်မဲ-ဝါးခယ်မ ကားလမ်းမှ ကြာတန်းလမ်းသည် ပြည်ထောင်စုမှ စီမံခန့်ခွဲသော Class-A အဆင့်ဖြစ်ပြီး ကျောက်ချောလမ်း ၁ မိုင် ၂ ဖာလုံ၊ မြေသားလမ်း ၅ မိုင် ၃ ဒသမ ၅၂ ဖာလုံ စုစုပေါင်း ၆ မိုင် ၅ ဒသမ ၅၂ ဖာလုံရှိပါကြောင်း၊ အဆိုပါလမ်းအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ၇ ဖာလုံ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၃ ဖာလုံ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းအား ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အရှည် ၂ ဖာလုံ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ဘဏ္ဍာရေးနှစ်ကုန်တွင် ကျောက်ချောလမ်းအရှည် စုစုပေါင်း ၁ မိုင် ၄ ဖာလုံ ဆောင်ရွက်ပြီးစီးမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသော မြေသားလမ်း အရှည် ၅ မိုင် ၁ ဒသမ ၅၂ ဖာလုံမှာ မိုးရာသီကာလတွင် သွားလာရခက်ခဲလျက်ရှိပါကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရ မြေသားလမ်းမှ ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေတင်သွင်းသည့် **"မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအား ရိုးရာလယ်ယာစနစ်မှခေတ်မီစက်မှု လယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းနိုင်ရေးအတွက် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေ တစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်အတွက် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဟေသားကြီးက မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် လယ်ယာကဏ္ဍတိုးတက်ခြင်းသည် လယ်သမားများ၏ဝင်ငွေတိုးတက်ရေး တစ်ခုတည်းအတွက် မဟုတ်ဘဲ နိုင်ငံစားနပ်ရိက္ခာဖူလုံရေး၊ ပြည်တွင်းစီးပွားဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် အရေးကြီးပါကြောင်း၊ သို့သော် ယနေ့အချိန်ထိ လယ်ယာလုပ်ငန်းအများအပြားခဲ့ လူအား၊ တိရစ္ဆာန်အားနှင့် ရိုးရာလယ်ယာကိရိယာများကို အားထားရဆဲဖြစ်ကြောင်း၊ ယင်းသို့ လုပ်ကိုင်ရခြင်းကြောင့် လုပ်သားလိုအပ်ချက်များပြားခြင်း၊ အချိန်ကြာမြင့်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်းနှင့် ရာသီအလိုက် လုပ်သားရှားပါးမှုများဖြစ်ပေါ်နိုင်ပါကြောင်း၊ ယင်းကြောင့် စက်မှုလယ်ယာစနစ်ကို ဥပဒေ၊ ဘဏ္ဍာရေး၊ နည်းပညာ၊ လူ့စွမ်းအား နှင့်ဈေးကွက်တို့ တစ်ပြိုင်တည်း ချိတ်ဆက်ပေးသည့်စနစ်တစ်ခုအဖြစ် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ရိုးရာလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းခြင်းဆိုသည်မှာ လယ်သမားများ၏အချိန် ကို တန်ဖိုးထားခြင်း၊ လုပ်အားကိုသက်သာစေခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချခြင်း၊ ထုတ်လုပ်နိုင်စွမ်းကိုမြှင့်တင်ခြင်း၊ စားနပ်ရိက္ခာဖူလုံရေးကို ခိုင်မာစေခြင်းနှင့် ကျေးလက်စီးပွားရေးကို ခေတ်မီအောင်ပြောင်းလဲခြင်းတို့ ဖြစ်ပါကြောင်း၊ လယ်သမားများကို ဗဟိုပြု၍ စက်ယန္တရားဌာနရေးရာဝန်ဆောင်မှု၊ ချေးငွေနှင့်ထောက်ပံ့ရေးစနစ်၊ လယ်ယာအခြေခံအဆောက်အအုံ၊ လူ့စွမ်းအားဖွံ့ဖြိုးရေး၊ စက်ပြုပြင်ထိန်းသိမ်းခြင်းနှင့် တာဝန်ယူမှုရှိသော ဈေးကွက်စနစ်တို့ကို တစုတစည်းထည့်သွင်းထားသည့် ဥပဒေတစ်ရပ် ရေးဆွဲရန်အထူးလိုအပ်လျက်ရှိပါကြောင်းနှင့်အဆိုကို လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကြံခင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦးက လယ်ယာလုပ်ငန်းတွင် အချိန်သည် အလွန်အရေးကြီးပါကြောင်း၊ စိုက်ချိန်နောက်ကျလျှင် ရိတ်သိမ်းချိန်နှင့် ထွက်နှုန်းကိုပါ ထိခိုက်နိုင်ပါကြောင်း၊ ထို့ကြောင့် စက်မှုလယ်ယာဆိုသည်မှာ စက်ယန္တရားတစ်စီးဝယ်ပေးခြင်းမျှမဟုတ်ဘဲ တောင်သူ၏အလုပ်ကို အချိန်မီပြီးမြောက်စေပြီး တစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်ကို ထိန်းချုပ်ပေးနိုင်သည့် စနစ်တစ်ရပ်ဖြစ်ပါကြောင်း၊ ယနေ့တောင် သူများအတွက်စက်ယန္တရားကို တစ်ဦးချင်း ဝယ်ယူပိုင်ဆိုင်ရန် မလွယ်ကူနိုင်ကြောင်း၊ ထို့ကြောင့် ဥပဒေတွင် "တောင်သူတိုင်းစက်ပိုင်ရှင်ဖြစ်ရမည်" ဆိုသည့်ပုံစံထက် "တောင်သူတိုင်း လိုအပ်သည့်အချိန်တွင် စက်အသုံးပြုခွင့်ရရှိရမည်" ဆိုသည့်မူကို အခြေခံသင့်ပါကြောင်း၊ ထို့ကြောင့် စက်ဌာနရမ်းဝန်ဆောင်မှုစနစ်၊ စက်ဝန်ဆောင်မှုစခန်းများ၊ အရစ်ကျငွေပေးချေမှု၊ သင့်လျော်သောချေးငွေ၊ စက်ပြုပြင်ရေးနှင့် အပိုပစ္စည်းရရှိရေးတို့ကို ဥပဒေဖြင့် အားပေးသင့်ပါကြောင်း။

ထို့ပြင် စက်မှုလယ်ယာသည် တောင်သူ၏လုပ်အားကို သက်သာစေခြင်း၊ အချိန်မီလုပ်ငန်းဆောင်ရွက်နိုင်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်ကိုထိန်းချုပ်နိုင်ခြင်းနှင့် ဝင်ငွေတိုးတက်ရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေပါကြောင်း၊ ထို့ကြောင့် အဆိုသည် စက်ဝယ်ယူရေးအဆိုမဟုတ်ဘဲ တောင်သူများ၏ထုတ်လုပ်မှုစွမ်းအားနှင့် စီးပွားရေးအခြေအနေမြှင့်တင်ရေးအဆိုဖြစ်ပါကြောင်း၊ အလားတူ စက်ဝန်ဆောင်မှုစခန်း၊ ဌာနရမ်းခနှုန်းထားဆိုင်ရာ မူဝါဒ၊ စက်ပြုပြင် ထိန်းသိမ်းရေးနှင့် တောင်သူအခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းပေးရန် အကြံပြုအပ်ပါကြောင်း၊ တောင်သူတိုင်း စက်မပိုင်နိုင်သော်လည်း တောင်သူတိုင်း စက်အသုံးပြုခွင့်ရရှိနိုင်ရေးသည် စက်မှုလယ်ယာဖွံ့ဖြိုးရေး၏အခြေခံရည်မှန်းချက်ဖြစ်သင့်ပါကြောင်း၊ စက်မှုလယ်ယာကူးပြောင်းရေးတွင် "ဘဏ္ဍာရေးစနစ်" သည်အခြေခံကျသော အခန်းကဏ္ဍမှပါဝင်နေပါကြောင်း၊ ထို့ကြောင့် စက်ဝယ်ယူရန် ချေးငွေ၊ အရစ်ကျစနစ်၊ ငှားရမ်းဝယ်ယူစနစ်နှင့် စက်ဝန်ဆောင်မှုလုပ်ငန်းများအတွက် အရင်းအနှီးပံ့ပိုးမှုတို့ကိုစနစ်တကျတည်ဆောက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် စက်မှုလယ်ယာဖွံ့ဖြိုးရေးအတွက် သီးခြားဘဏ္ဍာရေးမူဝါဒတစ်ရပ် ချမှတ်သင့်ပါကြောင်းနှင့်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ချင်း က စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို စနစ်တကျပြဋ္ဌာန်းအကောင်အထည် ဖော်နိုင်ပါက လယ်ယာလုပ်ငန်းများ၏ စက်မှုလယ်ယာအသုံးပြုမှုတိုးတက်လာပြီး ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ပိုမိုမြန်ဆန်ထိရောက်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင်လုပ်သားလိုအပ်ချက်နှင့်ထုတ်လုပ်မှုကုန်ကျစရိတ်များကို လျှော့ချနိုင်ခြင်း၊ သီးနှံရိတ်သိမ်းချိန် နောက်ကျမှုနှင့် ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုများကိုလျှော့ချနိုင်ခြင်း ထိုမှတစ်ဆင့် တောင်သူလယ်သမားများ၏ဝင်ငွေနှင့် လူမှုစီးပွားရေးဘဝတိုးတက်ကောင်းမွန်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊

ထို့ကြောင့် စက်မှုလယ်ယာကဏ္ဍ၏ လက်ရှိလိုအပ်ချက်များနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ တောင်သူလယ်သမားများ၏ စက်မှု လယ်ယာနည်းပညာနှင့် စက်ယန္တရားများ အသုံးပြုနိုင်မှု တိုးတက်စေရန်၊ လယ်ယာထုတ်လုပ်မှုမြှင့်တင်ရန်၊ နိုင်ငံတော်၏စားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်အတွက်စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို သီးခြားဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းသင့်ပါကြောင်းအကြံပြုရင်း အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

လဲချားမဲဆန္ဒနယ်မှ စိုင်းစိန်ဝင်း က စက်မှုလယ်ယာဖွံ့ဖြိုးရေးဥပဒေတွင် တောင်သူများအတွက် စက်ယန္တရားဝယ်ယူရန် ချေးငွေနှင့် ငွေကြေးပံ့ပိုးမှုစနစ်များ၊ စက်ယန္တရားငှားရမ်းအသုံးပြုနိုင်သည့် စနစ်များ၊ ကျေးလက်ဒေသအလိုက် စက်ယန္တရားဝန်ဆောင်မှုစင်တာများ တည်ဆောက်ပေးခြင်း၊ စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးနှင့် အပိုပစ္စည်းရရှိရေးစနစ်များနှင့် စက်ယန္တရားအသုံးပြုသူများအတွက် လက်တွေ့ကျွမ်းကျင်မှုနှင့် ဘေးကင်းလုံခြုံရေး သင်တန်းများစသည့်လက်တွေ့ကျသည့်အချက်များပါဝင်ရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် တောင်သူတစ်ဦးချင်းစီ စက်ဝယ်နိုင်ရေးထက် တောင်သူများလိုအပ်သည့်အချိန်တွင် စက်ယန္တရားကို အလွယ်တကူအသုံးပြုနိုင်ရေးကို ပိုမိုအလေးထားသင့်ပါကြောင်း၊ ထို့ပြင် စက်မှုလယ်ယာဖွံ့ဖြိုးလာပါက စက်ပြုပြင်ရေး၊ အပိုပစ္စည်းထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာနိုင်သဖြင့် ကျေးလက်ဒေသတွင် အလုပ်အကိုင်နှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများလည်း တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တောင်သူများအတွက် စက်ယန္တရား၊ ငွေကြေး၊ နည်းပညာနှင့် ဝန်ဆောင်မှုများကို တစုတစည်းတည်း ပံ့ပိုးပေးနိုင်မည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတစ်ရပ်အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းရန် တိုက်တွန်းသည့်ယခုအဆိုကို အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကျေးသီးမဲဆန္ဒနယ်မှ ဒေါ်နန်းတင်ဦး က ယနေ့ခေတ် လယ်ယာစိုက်ပျိုးရေးသည် ရိုးရာလုပ်သားအင်အားနှင့် စက်ယန္တရားအသုံးပြုမှုအဆင့်တွင်သာ မရပ်တန့်တော့ဘဲ တိကျသောနည်းပညာ၊ သတင်းအချက်အလက်နှင့်အလိုအလျောက် စနစ်များအသုံးပြုသည့် ခေတ်မီလယ်ယာစနစ်သို့ ကူးပြောင်းလာနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ထွန်စက်၊ ရိတ်သိမ်းစက်များ အသုံးပြုခြင်းမှစ၍ မြေ၊ ရေ၊ မျိုးစေ့၊ မြေဩဇာနှင့် သီးနှံအခြေအနေများကို အချက်အလက်အပေါ်အခြေခံ၍ စီမံခန့်ခွဲသည့် လယ်ယာစနစ်များအထိ တဖြည်းဖြည်းတိုးတက်သွားရန်လိုအပ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် စက်ယန္တရားများ တင်သွင်းအသုံးပြုခြင်းတစ်ခုတည်း ဖြင့်မလုံလောက်ဘဲ စံချိန်စံညွှန်း၊ စမ်းသပ်စစ်ဆေးမှု၊ ဘေးကင်းလုံခြုံရေး၊ နည်းပညာသုတေသန၊ ကျွမ်းကျင်လုပ်သားနှင့် ပြည်တွင်းစက်မှုလုပ်ငန်းတို့ကို တစ်ပြိုင်တည်း ဖွံ့ဖြိုးစေရန် လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေတစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပြီး နည်းပညာ၊ စံချိန်စံညွှန်း၊ လူ့စွမ်းအား၊ ပြည်တွင်းစက်မှုလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး အကောင် အထည် ဖော် ပေးရန် တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ တင်သွင်းသည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေရေးဆွဲပြဋ္ဌာန်းရန် တိုက်တွန်းသည့်အဆိုကို အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မိုင်းကိုင်မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းမွေး က စက်မှုလယ်ယာ၏အကျိုးကျေးဇူးကို လယ်သမားအများစုမရရှိပါက နိုင်ငံ၏စက်မှုလယ်ယာကူးပြောင်းရေး ရည်မှန်းချက်မပြည့်စုံနိုင်ပါကြောင်း၊ ထို့ကြောင့် တောင်သူငယ်များအတွက် စက်ငှားရမ်းရေး၊ ငွေကြေးထောက်အပံ့၊ စက်ဝန်ဆောင်မှုနှင့်နည်းပညာလက်လှမ်းမီရေးတို့ကို ဥပဒေတွင် ထည့်သွင်းပေးရန် ထောက်ခံအပ်ပါကြောင်း၊ စက်မှုလယ်ယာဖွံ့ဖြိုးရေးကို ဆွေးနွေးရာတွင် တောင်သူများ၏လုပ်သားအင်အားအခန်းကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း၊ ကျေးလက်ဒေသတွင် လယ်ယာလုပ်သားရှားပါးလာခြင်း၊ အလုပ်သမားစရိတ်မြင့်တက်လာခြင်းတို့သည် လယ်ယာကုန်ထုတ်လုပ်မှုအပေါ် သက်ရောက်နိုင်ပါကြောင်း၊ စက်မှုလယ်ယာသည် လုပ်အားလိုအပ်ချက်ကို လျှော့ချနိုင်သည့် နည်းလမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ သို့သော် စက်မှုလယ်ယာကြောင့် လူအလုပ်အကိုင်များပျောက်ကွယ်သွားမည်ဆိုသည့် စိုးရိမ်မှုကိုလည်း လျစ်လျူရှု၍မရပါကြောင်း၊ အမျိုးသမီးတောင်သူများအတွက်လည်း လေးလံသောလုပ်အားလိုအပ်သည့် လယ်ယာလုပ်ငန်းများကို စက်ဖြင့်လျှော့ချနိုင်ခြင်းသည် အကျိုးရှိနိုင်ပါကြောင်း၊ ထို့ကြောင့် စက်ငှားရမ်းရေးနှင့် သင်တန်းများတွင် အမျိုးသမီးများနှင့် လူငယ်များလက်လှမ်းမီနိုင်ရေးကို ထည့်သွင်းသင့်ပါကြောင်း၊ စက်မှုလယ်ယာသည် လူကိုဖယ်ရှားရန်မဟုတ်ပါကြောင်း၊ လူ၏လုပ်အားကို ပိုမိုတန်ဖိုးရှိသော နည်းပညာနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများသို့ ပြောင်းလဲပေးရန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စက်မှုလယ်ယာဥပဒေတွင် လူငယ်နှင့်အမျိုးသမီးများအတွက်လေ့ကျင့်ရေးနှင့် လုပ်ငန်းအခွင့်အလမ်းများထည့်သွင်းပေးရန် ဒေါက်တာကျော်ဆွေ(တောင်တွင်းကြီးမဲဆန္ဒနယ်)မှ **စာမျက်နှာ ၉ သို့** ⇛

⇒ **စာမျက်နှာ ၈ မှ**

တင်သွင်းသည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ရေးဆွဲပြဋ္ဌာန်းရန် တိုက်တွန်းသည့်အဆိုကို အလေးအနက်ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ် က စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲဆောင်ရွက်နိုင်ပါက လုပ်သားလိုအပ်ချက် လျော့ချနိုင်ခြင်း၊ အချိန်မီ ထွန်ယက်/ စိုက်ပျိုး/ ရိတ်သိမ်းနိုင်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျော့ချနိုင်ခြင်း၊ စိုက်ပျိုးချိန်/ရိတ်သိမ်းချိန်နောက်ကျမှုကြောင့် ဖြစ်သော ဆုံးရှုံးမှုများ လျော့ချနိုင်ခြင်း၊ လယ်ယာထုတ်ကုန်အရည်အသွေးမြှင့်တင်နိုင်ခြင်း၊ လူငယ်များ လယ်ယာကဏ္ဍသို့ နည်းပညာဖြင့် ပြန်လည်ဝင်ရောက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ပါကြောင်း၊ တောင်သူတစ်ဦးချင်းစီအတွက် လယ်ထွန်စက်၊ ရိတ်သိမ်းစက်၊ အခြောက်ခံစက်တို့ကို ပိုင်ဆိုင်ရန် ထက် မိမိလိုအပ်သည့်အချိန်တွင် အရည်အသွေးကောင်းမွန်သော စက်ကို သင့်တင့်သောဈေးနှုန်းဖြင့် အသုံးပြုနိုင်ခြင်းက ပို၍အရေးကြီးပါကြောင်း၊ ထို့ကြောင့် ဤအဆိုသည် “ တောင်သူတိုင်း စက်ပိုင်ရှင်ဖြစ်ရေး” မဟုတ်ဘဲ “တောင်သူတိုင်း စက်မှုလယ်ယာဝန်ဆောင်မှုကို အပြည့်အဝရရှိအသုံးပြုနိုင်ရေး” ဖြစ်သင့်ပါကြောင်းနှင့် စက်မှုလယ်ယာဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းခြင်းသည် စက်ယန္တရားများ ပိုမိုဝယ်ယူအသုံးပြုရန်အတွက်သာ မဟုတ်ဘဲ မြန်မာ့လယ်ယာကဏ္ဍ၏ စိုက်ပျိုး၊ ထုတ်လုပ်မှုစနစ်တစ်ခုလုံးကို ရိုးရာစနစ်မှ ခေတ်မီထိရောက်ပြီး ယှဉ်ပြိုင်နိုင်သော စိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲရန်အတွက် ဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ပင်းတယမဲဆန္ဒနယ်မှဦးဝင်းဇော် က စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရာတွင် စက်ယန္တရားများကို ဝယ်ယူတင်သွင်းပေးရုံဖြင့် ရေရှည်တည်တံ့သော စက်မှုလယ်ယာစနစ်တစ်ရပ် မဖြစ်နိုင်သည့်အတွက် စက်ယန္တရားထုတ်လုပ်နိုင်သည့် နိုင်ငံသို့ တဖြည်းဖြည်း ကူးပြောင်းရန်လိုအပ်ပါကြောင်း၊ ယနေ့လယ်ယာကဏ္ဍတွင် စက်များပိုမိုအသုံးပြုလာသည်နှင့်အမျှ ပြည်တွင်းစက်ယန္တရားထုတ်လုပ်ရေး၊ အပိုပစ္စည်းထုတ်လုပ်ရေး၊ တပ်ဆင်ရေးနှင့်ပြုပြင်ရေး လုပ်ငန်းများကို အားပေးသည့်မူဝါဒ ထည့်သွင်းသင့်ပါကြောင်း၊ တောင်သူများ၏ အမှန်တကယ်လိုအပ်ချက်နှင့်ကိုက်ညီသည့် စက်များကို ပြည်တွင်းထုတ်လုပ်နိုင်ပါကလယ်ယာကဏ္ဍတစ်ခုတည်းကိုသာ အကျိုးပြုမည်မဟုတ်ဘဲ သံမဏိ၊ လျှပ်စစ်၊ စက်မှုထုတ်လုပ်ရေး၊ အင်ဂျင်နီယာ၊ အပိုပစ္စည်းထုတ်လုပ်ရေးနှင့် နည်းပညာဝန်ဆောင်မှုကဏ္ဍများကိုပါ အကျိုးသက်ရောက်စေမည်ဖြစ်ပါကြောင်း။

စက်မှုလယ်ယာဖွံ့ဖြိုးရေးတွင် စက်ယန္တရားသည် အရင်းအနှီးကြီးမားသည့် ပစ္စည်းတစ်ခုဖြစ်ပြီး အန္တရာယ်နှင့်လည်း ဆက်စပ်နေသည့်အတွက် စက်မှုလယ်ယာဥပဒေကိုပြုစုရာတွင် စက်ယန္တရားဝယ်ယူရေးအတွက် ငွေကြေးထောက်ပံ့မှုနှင့်အတူ စက်ယန္တရားအာမခံ၊ သဘာဝဘေးအန္တရာယ်နှင့် ချေးငွေအန္တရာယ်စီမံခန့်ခွဲရေးကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါကြောင်း၊ ထို့ကြောင့် ဥပဒေတွင် အစိုးရ၊ ဘဏ်များ၊ အာမခံလုပ်ငန်းများနှင့် တောင်သူအဖွဲ့များပူးပေါင်း၍ စက်မှုလယ်ယာအတွက် သင့်လျော်သည့်အာမခံနှင့်အန္တရာယ်စီမံခန့်ခွဲရေးစနစ်များ ဖော်ဆောင်နိုင်ရန် အခြေခံမူများထည့်သွင်းသင့်ပါကြောင်း ဆွေးနွေးသည်။

တာချီလိတ်မဲဆန္ဒနယ်မှဦးကျော်ငြိမ်းအောင် က စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်ခန့်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့သည်နှင့်အညီ ယနေ့ခေတ် စက်ယန္တရားများ အသုံးပြုမှု၊ ဌာနရင်းဝန်ဆောင်မှု၊ စက်ပြုပြင်ထိန်းသိမ်းမှု၊ စက်ပစ္စည်းအရည်အသွေးနှင့်လုံခြုံရေးများ၊ နည်းပညာသင်တန်းနှင့်ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုများသည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုကျယ်ပြန့်ဖွံ့ဖြိုးတိုးတက်လာနေသည့်အတွက် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေသည် အတိအကျလိုအပ်နေပြီဖြစ်ပါကြောင်း၊ စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါနိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကိုလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အကျိုးရှိစေပြီး အထောက်အပံ့ကောင်းများစွာ ဖြစ်ထွန်းလာစေမည်ဖြစ်ပါကြောင်း။

ထို့ပြင် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်တည်တံ့စေမည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာနိုင်ငံမြေမျက်နှာသွင်ပြင်၊ မြေအမျိုးအစား၊ ရာသီဥတု၊ သီးနှံပုံစံတို့နှင့်ကိုက်ညီစေမည့် စက်ယန္တရားများကို သုတေသနများပြုလုပ်ပြီး ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းစက်ယန္တရားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေး၊ တောင်သူလယ်သမားများအတွက် လက်တွေ့အသုံးဝင်စေမည့် နည်းပညာများ ဖြန့်ဝေထောက်ပံ့ပေးနိုင်စေရေးများကို အလေးအနက်ထားကာ ဥပဒေများဖြင့် အကာအကွယ်ပေး အားပေးအားမြှောက် ပြုရမည်ဖြစ်သည့်အတွက် အဆိုကို အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်၊ မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသန်းရွှေ၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးမိုးတင်နှင့် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဗိုလ်ဗိုလ်ကျော်က မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အဓိကအခြေခံထားပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် မှီတင်းနေထိုင် လျက် ရှိကြပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စိုက်ပျိုးရေးကဏ္ဍသည် အဓိကအရေးပါသော အခန်းကဏ္ဍမှပါဝင်နေသဖြင့်စိုက်ပျိုးရေးထုတ်လုပ်မှုစွမ်းအား တိုးတက်စေရန်အတွက် လယ်ယာလုပ်ငန်းတွင် စက်ယန္တရားနှင့်ခေတ်မီနည်းပညာများကို ထိရောက်စွာအသုံးချနိုင်ရေးသည် အရေးကြီးသော လိုအပ်ချက်တစ်ရပ်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် လူအင်အား အပေါ် အလွန်အကျွံမှီခိုအသုံးပြုမှုကို လျော့ချနိုင်ရန်၊ လယ်ယာလုပ်ငန်း၏ ထုတ်လုပ်မှုစွမ်းရည်နှင့် ထိရောက်မှုကို မြှင့်တင်နိုင်ရန်၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ကို လျော့ချနိုင်ပြီး တောင်သူဝင်ငွေတိုးစေရန်၊ ရိတ်သိမ်းချိန်လွဲဆုံးရှုံးမှုများကို လျော့ချနိုင်ရန်၊ တောင်သူလယ်သမားများအတွက် စက်ယန္တရားအသုံးပြုနိုင်မှုကို တိုးမြှင့်နိုင်ရန်တို့အတွက် ခေတ်မီစက်မှုလယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

စက်ကိရိယာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် အချိန်တိုအတွင်း စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ကာ သီးထပ်စွမ်းအားကို မြှင့်တင်ပေးနိုင်မည်ဖြစ်သကဲ့သို့ ရိတ်သိမ်းချိန်မှန်ကန်ခြင်းနှင့်လေလွင့်ပြုန်းတီးမှုကို လျော့ချပေးနိုင်သဖြင့် သီးနှံထုတ်လုပ်မှုတိုးတက်လာပြီး သီးနှံအရည်အသွေးကိုလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တောင်သူများ စက်ပစ္စည်းဝယ်ယူပိုင်ဆိုင်ခြင်းကို သာအခြေခံခြင်းမပြုဘဲ ဌာနရင်းအသုံးပြုခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ သမဝါယမနှင့် စုပေါင်းအသုံးပြုခြင်း၊ သင့်လျော်သောငွေကြေးထောက်ပံ့မှု နည်းပညာသင်တန်း၊ အရည်အသွေးစစ်ဆေးမှု၊ လေ့ကျင့်ရေး၊ ပြည်တွင်းထုတ်လုပ်မှုနှင့်တောင်သူအခွင့်အရေးကာကွယ်မှုတို့ကို တစ်ခုတည်းသော စက်မှုလယ်ယာစနစ် လွှမ်းခြုံဖော်ဆောင်နိုင်အောင် ဥပဒေတစ်ရပ်ကို ခိုင်မာစွာပြဋ္ဌာန်းပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ဥပဒေပြဋ္ဌာန်းနိုင်ခြင်းဖြင့် စက်ကိရိယာဝယ်ယူလိုသည့် တောင်သူများအတွက် သက်သာသော အတိုးနှုန်းဖြင့် ရေရှည်ချေးငွေစနစ်များ၊ အရစ်ကျစနစ်များနှင့် အခွန်ကင်းလွတ်ခွင့် ဆိုင်ရာ မူဝါဒများကို တရားဝင်အကာအကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဥပဒေတွင် စက်မှုလယ်ယာဝန်ဆောင်မှုအခန်းကဏ္ဍ ထည့်သွင်းရေးဆွဲခြင်း၊ လယ်ယာသုံးစက်ကိရိယာများ၏ အရည်အသွေးစမ်းသပ်ခြင်း၊ အကဲဖြတ်ခြင်း၊ မှတ်ပုံတင်ခြင်း၊ စံသတ်မှတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အသုံးပြုမည့်တောင်သူလယ်သမားများ၏ စိတ်ချယုံကြည်မှုကို ရရှိစေမည်ဖြစ်ပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်စေနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည့်အပေါ်တွင်လည်း ဝန်ကြီးဌာနမှ ရည်မှန်းဆောင်ရွက်နေမှုနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး၏ အဆိုတင်သွင်းမှုမှာ ကိုက်ညီမှုရှိပြီး အလွန်တရာအကျိုးရှိသော အဆို တစ်ရပ်လည်းဖြစ်သည့်အတွက် အဆိုအပေါ် ထောက်ခံပါကြောင်းနှင့် ဥပဒေအမြန်ဆုံးပေါ်ပေါက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒဿမနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို အောက်တိုဘာလ ၅ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

မြဝတီမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



မြဝတီ အောက်တိုဘာ ၂

ကရင်ပြည်နယ် မြဝတီမြို့၌ ပွင့်လင်းရာသီကာလတွင် မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇင်ဟိန်း ဦးဆောင်၍ အမှတ်(၃) ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်ခြင်းကို ဆောင်ရွက်သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇင်ဟိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုပုံ၊ အသုံးပြုနည်းအဆင့်ဆင့်နှင့် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက မီးငြိမ်းသတ်ပုံအဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြသရာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူလေးများက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ပုံအဆင့်ဆင့်ကို လက်တွေ့ဆောင်ရွက်ကြကြောင်း သိရသည်။ **(၄၀၆)**

"ရွှေ့ပြောင်းသူများအတွက်တို့ဦးတည်၊ ရှေးဦးပြုစုခြင်းဖြင့်အမြဲကူညီ" First Aid in Migration Contexts ဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



နေပြည်တော် အောက်တိုဘာ ၂

၂၀၂၆ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်၌ "ရွှေ့ပြောင်းသူများအတွက် တို့ဦးတည်၊ ရှေးဦးပြုစုခြင်းဖြင့် အမြဲကူညီ" "First Aid in Migration Contexts" ဆောင်ပုဒ်ဖြင့် ကျင်းပပြီး နေရာဒေသတစ်ခုမှ တစ်ခုသို့ ရွှေ့ပြောင်းသွားလာနေထိုင်ရသူများ၊ ခရီးသွားလာရသူများနှင့် အရေးပေါ်အခြေအနေကြောင့် နေရာရွှေ့ပြောင်းသွားလာနေရသူများကို အထူးဦးစားပေးပြီး ၎င်းတို့၏ အရေးပေါ်ကျန်းမာရေးလိုအပ်ချက်များ၊ ထိခိုက်ဒဏ်ရာရရှိမှုများကို ရှေးဦးပြုစုခြင်းဖြင့် အချိန်မီကူညီနိုင်ရန်အတွက် ရည်ရွယ်ကြောင်း သိရသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးထွန်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် လူတိုင်းအတွက် လိုအပ်သော အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီရရှိစေရေးကို အခြေခံထားသည့် Universal Health Coverage (UHC) ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရှေးဦးပြုစုခြင်းလုပ်ငန်းသည် ကျန်းမာရေးစနစ်နှင့် ရပ်ရွာလူထုကြား အရေးပါသော ပေါင်းကူးကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေကြောင်းပြောကြားပြီး ရှေးဦးပြုစုခြင်းစွမ်းရည်ပြိုင်ပွဲတံခွန်စိုက်ဆုကို လည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွှန့်နှင့် တာဝန်ရှိသူများက ရှေးဦးပြုစုခြင်းဆိုင်ရာထူးချွန်ဆုရရှိသူများအတွက် ဆုများကိုလည်းကောင်း ပေးအပ်ပြီး ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်ပြခန်းငယ်နှင့် ရှာဖွေရေးနှင့်ကယ်ဆယ်ရေးအဖွဲ့၏သရုပ်ပြခြင်းတို့ကို ကြည့်ရှုအားပေးသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွှန့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de BAECQUE နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် (တာဝန်) Dr. Sara Ellithy တို့က ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် အခမ်းအနားများကို ၂၀၀၃ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ယခုနှစ် အခမ်းအနားသည် (၂၄) ကြိမ်မြောက်အဖြစ် ကျင်းပသည့် အခမ်းအနားဖြစ်ကြောင်း သိရသည်။

မြဝတီ

၂၃၀ ကေဗွီ နေပြည်တော်-၂ ပင်မဓာတ်အားခွဲရုံတွင် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဓာတ်အားပိတ်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးပန်ကြားချက်

နေပြည်တော် အောက်တိုဘာ ၂

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းနှင့်လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်းစသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၃၀ ကေဗွီ နေပြည်တော်-၂ ပင်မဓာတ်အား ခွဲရုံ၊ ၁၀၀ အမ်ဗွီအေ မိန်းထရန်စဖော်မာ၏ ၁၁ ကေဗွီ မြေအောက်ဓာတ်ကြိုးလျှပ်ကာပစ္စည်းချွတ်ယွင်းမှုဖြစ်ပေါ်နေခြင်းကို အစားထိုးလဲလှယ်နိုင်ရန် အဆိုပါ မိန်းထရန်စဖော်မာအား ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဟိုတယ်ဇုန်အမှတ်(၂)၊ Naypyitaw State Polytechnic University၊ ဆင်ဖြူရှုင်းရပ်ကွက်၊ တပင်ရွှေထီးရပ်ကွက်၊ နဝဒေးရပ်ကွက်စသည့် ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ အချိန် (၃)နာရီကြာခန့် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ရေဒီယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှသိရသည်။

အလားတူ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ၂၃၀ ကေဗွီ ပင်မ(၁) ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီတောင်ညို၊ ဓာတ်အားလိုင်းကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်၊ ၁၀ ရက်၊ ၁၇ ရက်များတွင် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်မည့် အဆိုပါနေ့ရက်များတွင် ရွှေနံသာရပ်ကွက်နှင့် ကျေးရွာ(၅၁)ရွာတို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဇရီယာများရှိ ရုံးဌာနများနှင့် အများပြည်သူများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မြဝတီ

ခိုလမ်းမြို့ရှိ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍာတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့နယ်၊ နမ့်ဟူးကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား အဆိုပါကျေးရွာရှိ နမ့်ဟူးဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁ ပါးနှင့် ဒေသခံပြည်သူ ၁၈၅ ဦး တို့အား သွေးတိုးရောဂါ ၊ ဆီးချို ရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ ၊ ဦးနှောက်နှင့်အာရုံကြော ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများအား ခိုလမ်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်ရှိ သွေးကြောများ သွေးလည်ပတ်မှုကောင်းစေသည်။



နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

❖ ရှေ့ဖုံးမှအဆက်

လေးမျက်နှာမြို့နယ်၌လည်းကောင်း၊ ယနေ့တွင် ကျောင်းကုန်းမြို့နယ်၌လည်းကောင်း၊ ရေများပြန်လည်ကျဆင်းသွားခဲ့ပြီးဖြစ်သည်။ ထို့ပြင် ဝဝန်မြစ်ရေသည် ရေကြည်မြို့နယ်အတွင်း ၈ ပေ ၁၀ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၉ ပေ ၅ လက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ၆ ပေ ၈ လက်မခန့်နှင့် ကျောင်းကုန်းမြို့နယ်အတွင်း ၆ ပေ ၉ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ပုံနှိပ်လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ အဆင့်ဆင့်စနစ်တကျစစ်ဆေးဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း မှာကြား

နေပြည်တော် အောက်တိုဘာ ၂

ကျောင်းသုံးပုံနှိပ်စာအုပ်များသည် နိုင်ငံ၏အနာဂတ်မျိုးဆက်သစ် ကျောင်းသား၊ကျောင်းသူများပညာသင်ယူရေးနှင့် အသိပညာဖွံ့ဖြိုးရေးအတွက် အခြေခံအရေးပါသည့် ပညာရေးအထောက်အကူပြုပစ္စည်းများဖြစ်သဖြင့် ပုံနှိပ်ထုတ်ဝေရာတွင် စာအုပ်အရည်အသွေး၊ စာလုံးပုံနှိပ်သား၊ စက္ကူအရည်အသွေးနှင့် ချုပ်လုပ်မှုအပါအဝင် ပုံနှိပ်လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ အဆင့်ဆင့် စနစ်တကျစစ်ဆေးဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နေပြည်တော်ပုံနှိပ်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်မှာကြားသည်။

ထို့ပြင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး အလေးထားကြပ်မတ်ရန်၊ ပုံနှိပ်စက်များပုံမှန်ပြုပြင်ထိန်းသိမ်း၍ စက်စွမ်းဆောင်ရည် ပြည့်ဝစွာအသုံးချနိုင်ရေး ဆောင်ရွက်ရန်နှင့် အချိန်မီအရည်အသွေးပြည့်မီစွာ ရိုက်နှိပ်ထုတ်ဝေနိုင်ရေး၊ ထုတ်လုပ်မှုအရည်အသွေးတစ်ဆင့်ချင်းစီ တိုးတက်ကောင်းမွန်လာစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်နှင့် ၂၀၂၇-၂၀၂၈ ပညာသင်နှစ်မူလတန်းကျောင်းသုံး ဖတ်စာအုပ်များ၊ စာဖောင်များ၊ စာအုပ်(အဖုံးများ) ခင်းကျင်းပြသထားမှုတို့ကို လည်းကောင်း၊ စာပြင်ခန်း၊ CTP ဌာန၊ ပလိတ်ကူးခန်း၊ ပုံနှိပ်စက်ခန်းများတွင် ပညာရေးဝန်ကြီးဌာနမှ အပ်နှံထားသော အခြေခံပညာမူလတန်းအဆင့် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေနေမှု၊ စာအုပ်ချုပ်လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုနှင့် ပုံနှိပ်ပြီးစာအုပ်များထားရှိသည့် ကုန်ချောဂိုဒေါင်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ စက်ရုံဝင်းအတွင်းရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် အပန်းပြေကလေးကစားကွင်းထားရှိမှု၊ ဝန်ထမ်းများသက် သာ ချောင် ချိရေးအတွက် အသားတိုးကြက်များ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်ဝင်းအတွင်း ရှိငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမှုထမ်းအိမ်ရာများ ပြန်လည်ပြုပြင်နေမှု၊ ဝန်ထမ်းများနှင့် မိသားစုများအတွက် စိတ်အပန်းပြေအနားယူနိုင်ရေး ပန်းခြံထားရှိမှုနှင့် မူကြိုကျောင်းတွင် ကလေးငယ်များ ကဗျာရွတ်ဆိုနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့် ကလေးငယ်များအတွက်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ ဘိုးဝဒီရခန်းမ၌ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များ၊ ရည်မှန်းချက်များ၊ မူဝါဒများနှင့် ရှေ့လုပ်ငန်းစဉ်များကို ပြည်သူများသိရှိနားလည်လာစေရန် သတင်းမီဒီယာများမှ တစ်ဆင့် ထိရောက်စွာ အသိပညာပေးရန်နှင့် ပြည်သူများထံ မှန်ကန်တိကျသည့် သတင်းအချက်အလက်များအခြိုခိုမိရောက်ရှိရေးကိုအလေးထားဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သတင်းမီဒီယာကဏ္ဍသည် နိုင်ငံတော်၏ “နားနှင့်မျက်စိ” ဖြစ်သည့်အတွက် သတင်းအချက်အလက်များကိုထုတ်ပြန်ဖြန့်ဝေပေးရုံမျှမဟုတ်ဘဲ ပြည်သူများ သိသင့်သိထိုက်သည့်အချက်အလက်များကို မှန်ကန်၊ တိကျ၊ ပြည့်စုံစွာသိရှိနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများထံ မှန်ကန်သည့်သတင်းအချက်အလက်များရောက်ရှိမှသာ ပြည်သူများအနေဖြင့် နိုင်ငံတော်၏ လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်ပြီး တာဝန်ယူဆောင်ရွက်နေသည့်အစိုးရအဖွဲ့များအပေါ်ယုံကြည်မှုရှိလာကာ သက်ဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင်ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

မြဝတီ

Naypyitaw State Academy မှ ဥပဒေအထူးပြုကျောင်းသား၊ ကျောင်းသူများအတွက် ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့သင်တန်း အမှတ်စဉ်(၃) ဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၂

Naypyitaw State Academy မှ ဥပဒေအထူးပြုကျောင်းသား၊ ကျောင်းသူများအတွက်ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့သင်တန်း အမှတ်စဉ် (၃) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန သုံးထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါသင်တန်းကို အောက်တိုဘာလ ၂ ရက်မှနိုဝင်ဘာလ ၁၃ ရက်အထိ ရက်သတ္တ ၆ ပတ်ကြာ လုပ်ငန်းခွင်လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး Naypyitaw State Academy ဥပဒေပညာဌာနမှ တတိယနှစ်ဥပဒေပညာကျောင်းသား၊ ကျောင်းသူ ၁၃ ဦးနှင့် BA(Law) အထူးပြုကျောင်းသား၊ ကျောင်းသူ ၈ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၁ ဦး တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးက သင်တန်းသားများအနေဖြင့် ဥပဒေရေးရာဝန်ကြီးရုံးနှင့် ဦးစီးဌာန ၄ ခုတို့၏ လက်တွေ့လုပ်ငန်းများကိုလေ့လာခွင့် ရရှိမည်ဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် လုပ်ငန်းသဘာဝအရ ဆက်စပ်ဆောင်ရွက်ရသည့်ဌာနအဖွဲ့အစည်းများသို့ လေ့လာရေးခရီးပို့ဆောင်ရန်လည်း ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ Naypyitaw State Academy ပါမောက္ခချုပ်က Naypyitaw State Academy ၏ သင်ကြားမှုပုံစံများအား ရှင်းလင်းတင်ပြသည်။

ယမန်နေ့ကလည်း ရုန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization)၊ အဖွဲ့ဝင်နိုင်ငံများ၏ (၂၄) ကြိမ်မြောက်ရှေ့နေချုပ်များအစည်းအဝေးကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန်မြို့၌ ကျင်းပရာပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့အဖွဲ့ဝင်နိုင်ငံများမှ ရှေ့နေချုပ်များ၊ လေ့လာသူနိုင်ငံများနှင့် ဆွေးနွေးမှုမိတ်ဖက်နိုင်ငံများမှ ရှေ့နေချုပ်များက ကလေးသူငယ်များ အဖျက်အမှောင့်ဆောင်ရွက်မှုများတွင် ပါဝင်ခြင်းမှ တားဆီးကာကွယ်ခြင်းနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၅°C	/	၃၃°C
ရန်ကုန်	၂၅°C	/	၃၄°C
မန္တလေး	၂၅°C	/	၃၅°C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ဒီဂျစ်တယ်စီးပွားရေးခေတ်သစ်တွင် ယှဉ်ပြိုင်မှု၏ အခွင့်အလမ်းသစ်များနှင့် ပြောင်းလဲလာသော စိန်ခေါ်မှုများခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တို့ပူးပေါင်း၍ “ဒီဂျစ်တယ်စီးပွားရေးခေတ်သစ်တွင် ယှဉ်ပြိုင်မှု၏ အခွင့်အလမ်းသစ်များနှင့် ပြောင်းလဲလာသော စိန်ခေါ်မှုများ” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ လက်ရှိယှဉ်ပြိုင်မှုဆိုင်ရာ ဥပဒေမူဘောင်နှင့် အသစ်ပေါ်ပေါက်လာသည့် ဒီဂျစ်တယ်စျေးကွက်ဆိုင်ရာ ကိစ္စရပ်များအကြား ဆက်စပ်မှု၊ မူပိုင်ခွင့်မှတစ်ဆင့် ဆန်းသစ်တီထွင်မှုကို အားပေးမြှင့်တင်ပြီး စျေးကွက်အတွင်းလုပ်ငန်းအသစ်များဝင်ရောက်လာစေရေးအတွက်အထောက်အကူပြုနိုင်မည့်နည်းလမ်းများ၊ ဒီဂျစ်တယ်စျေးကွက်များ ဖွံ့ဖြိုးတိုးတက်ဆဲကာလတွင်သင့်လျော်သည့်စည်းမျဉ်းစည်းကမ်းများချမှတ်ဆောင်ရွက်ရေးနှင့် ဒီဂျစ်တယ်စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစိုးရနှင့်စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍများကိုဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲတွင်ဦးဆောင်ဆွေးနွေးသူအဖြစ် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသုတအောင်က ဆောင်ရွက်ပြီး မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်အဖွဲ့ဝင်ဖြစ်ဆည့်ဒေါက်တာသီတာစန်း၊ ဦးဇေယျသူရမွန်၊ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမေဖြိုးသွယ်နှင့် Myanmar Digital Economy Association (MDEA)ဥက္ကဋ္ဌဦးအောင်ဇေယျာလွင်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။



ထို့ပြင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် Market Co-creation အယူအဆအတိုင်းစျေးကွက်များကိုအတူတကွဖန်တီးပေးခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုချဲ့ထွင်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဆွေးနွေးပွဲတက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ စကားဝိုင်းဆွေးနွေးသူများနှင့် ဦးဆောင်ဆွေးနွေးသူတို့ကပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

မြဝတီ

အားကစားဖြင့် တပ်မတော်ဂုဏ်မြှင့်တင်မည့်သူများ

ဘုန်းမောင်ဝင်း(ဖျာပုံ)


တပ်မတော်သည် နိုင်ငံတော်အတွက် ဖြစ်သည်နှင့်အညီ တပ်မတော်သားတို့သည်လည်း နိုင်ငံ၏လိုလားချက်ကို ဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။ နိုင်ငံတော်၏လိုလားချက်ဖြစ်သော အားကစားကဏ္ဍမြင့်မားရေးတွင် တပ်မတော်သားတို့သည်လည်း ပါဝင်ဖြည့်ဆည်းနိုင်ရမည်ဖြစ်သည်။ အားကစားအောင်နိုင်ခြင်းသည် နိုင်ငံ့ဂုဏ်သိက္ခာကိုမြှင့်တင်ခြင်းဖြစ်သည့်အတွက် ထူးချွန်ထက်မြက်သော တပ်မတော်သားအားကစားသမားများ ပေါ်ထွန်းရေးကို တပ်မတော်က တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ်နှစ်တိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် ပြိုင်ပွဲများကို စတင်ကျင်းပနေပြီဖြစ်သည်။ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်၊ မြန်မာ့သိုင်း(ကျား၊ မ)၊ လက်ဝှေ့၊ ဘော်လီဘော(ကျား၊ မ)၊ ပြေးခုန်ပစ်(ကျား၊ မ)၊ ဂျူဒို(ကျား၊ မ)၊ ဂေါက်သီးရိုက်၊ တိုက်ကွမ်ဒို၊ ကရာတေး၊ ရိုးရာခြင်းလုံးဟူ၍ အားကစားနည်း ၁၂ မျိုးတွင် တပ်မတော်သားများ၊ မိသားစုများအားလုံး ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေကြပြီဖြစ်သည်။

အားကစားဆိုသည်မှာ ဖြူစင်သန့်ရှင်းသောစိတ်ဓာတ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရသည့်ပြိုင်ပွဲဖြစ်သည်။ အားကစားသမားတိုင်းအတွက် လေ့ကျင့်သားပြည့်ဝမှုသည် အဓိကဖြစ်သည်။ မိမိတို့ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းကို ကျွမ်းကျင်သည်ထက် ကျွမ်းကျင်အောင်၊ အကျွမ်းကျင်ဆုံးဖြစ်အောင်လေ့ကျင့်ကြရသည်။ လေ့ကျင့်သားပြည့်ဝလာသည်နှင့် စိတ်ဓာတ်ခိုင်မာလာသည်။ ဇွဲသတ္တိပြည့်ဝလာသည်။ မိမိကိုယ်ကိုမိမိ ယုံကြည်မှုတိုးပွားလာသည်။ အောင်စိတ်သည် ပြိုင်ပွဲဝင်အားကစားသမားတိုင်းတွင် ထားရှိရမည့်စိတ်ဓာတ်ဖြစ်သည်။

ပေါင်းစုဖွဲ့စည်း၍ပြိုင်ပွဲဝင်ရသည့် အားကစားနည်းများဖြစ်သည့် ဘောလုံး၊ ဘော်လီဘောအပါအဝင် အခြားအားကစားပြိုင်ပွဲတိုင်းတွင် အချင်းချင်းညီညွတ်မှုရှိနေရမည်။ ထို့အတူ တစ်ဦးချင်းစီကလည်း အရည်အချင်းပြည့်ဝနေရမည်။ အရိပ်ပြအကောင်ထင်ဆိုသကဲ့သို့ အားလုံးသည် လျင်မြန်သောဆုံးဖြတ်ချက်ဖြင့် လှုပ်ရှားကြရသည်ဖြစ်ရာ သွက်လက်လျင်မြန်ဖျတ်လတ်မှုလည်း ရှိနေကြရမည်ဖြစ်သည်။ အားကစားအောင်မြင်ခြင်းမှာ စည်းလုံးညီညွတ်သောစိတ်ဓာတ်သည် အရေးကြီးလှသည်။

မြန်မာလူမျိုးတို့သည် အားကစားကို အလွန်ပင်အားပေးကြသူများဖြစ်သည်။ နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် အားကစားပွဲများတွင် ကွင်းလုံးပြည့်လျှံအောင်အားပေးကြသည်။ မျှော်လင့်ချက်ကြီးမားစွာဖြင့် အားပေးမှုအရှိဆုံး အားကစားနည်းမှာ ဘောလုံးပြိုင်ပွဲများဖြစ်သည်။ ဘောလုံးပြိုင်ပွဲတွင်ပါဝင်သည့် အားကစားသမား ၁၁ ဦးမှာ စိတ်လည်း ညီ၊ လူလည်းညီကြရသည်။ ပြိုင်ပွဲကွင်းထဲရောက်သည်နှင့် ငါတို့အသင်းနိုင်ရမည်ဟူသောစိတ်ဓာတ်ကို မွေးမြူခြင်းနှင့်အတူ နိုင်ငံအလိုက်ပြိုင်ရသည့် ပွဲများတွင်လည်း ငါ့နိုင်ငံတော်အတွက် ဟူသော ခိုင်မာသောစိတ်ဓာတ်မွေးမြူကြရမည်ဖြစ်သည်။



တပ်မတော်သား အားကစားပြိုင်ပွဲဝင်မောင်မယ်တို့သည်လည်း တပ်မတော်ဂုဏ်ဆောင်အဖြစ်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားအဖြစ်သို့ ရောက်ရှိအောင် ကြိုးစားကြရမည်ဖြစ်သည်။ ကြိုးစားမှုဆိုသည်မှာ သာမန်လေ့ကျင့်ကြိုးစားရုံဖြင့် ရနိုင်မည်မဟုတ်ပေ။ ပို၍၍ကြိုးစားခြင်းဖြင့် အောင်မြင်မှုကို ဆွတ်ခူးရယူကြရမည်ဖြစ်သည်။ လူတိုင်းတွင်ရည်မှန်းချက်များကိုယ်စီရှိကြပေရာ မိမိရည်မှန်းချက်သို့ရောက်ရှိရေးအတွက် ပထမဦးဆုံးလုပ်ဆောင်ရမည်မှာ မိမိကိုယ်ကိုမိမိ ကျန်းမာကြံ့ခိုင်မှုရှိနေအောင် ဆောင်ရွက်ခြင်းဖြစ်သည်။

ကျန်းမာရေးကောင်းမွန်မှသာ မိမိလိုလားချက်ကို ရွက်ဆောင်နိုင်သည်ဖြစ်၍ ကျန်းမာရေးကောင်းမွန်အောင် အထူးကြိုးစားကြရမည်ဖြစ်သည်။ ကျန်းမာရေးကောင်းမွန်ရန်အတွက်အစားအသောက်၊ အနေအထိုင်ကို အထူးဂရုစိုက်ကြရမည်ဖြစ်သည်။ ကျန်းမာရေးကောင်းမွန်ခြင်းနှင့်ထပ်တူရှိနေရမည်မှာ အဓိန့်နှာခံတတ်မှုဖြစ်သည်။ တပ်မတော်သားများဆိုသည်မှာ အဓိန့်နှာခံတတ်မှုရှိထားသူများဖြစ်ကြသော်လည်း ယခုပြောလိုသည့် အဓိန့်နှာခံတတ်မှုမှာ နည်းပြဆရာများ၏ သွန်သင်ပြသဆိုဆုံးမသည့်အတိုင်း လိုက်ပါလုပ်ဆောင်ခြင်း အဓိန့်နှာခံတတ်မှုကို ရည်ညွှန်းခြင်းဖြစ်သည်။

မြန်မာစကားတွင်ဆရာမပြနည်းမကျဟု ဆိုထားသည်နှင့်အညီ ဆရာ၏သွန်သင်ပြသမှုကင်းဝေးလျှင် နည်းလမ်းကျနတတ်မြောက်မည်မဟုတ်ပေ။ ဆရာဆိုသည်မှာ သက်ဆိုင်ရာအားကစားနည်းကို ကျွမ်းကျင်ပိုင်နိုင်စွာတတ်မြောက်ပြီးမှသာ နည်းပြဆရာအဖြစ် ရောက်ရှိခြင်းဖြစ်သည်။ ပြိုင်ပွဲတွင်ယှဉ်ပြိုင်ရမည့်အားကစားနည်း ၁၂ မျိုးစလုံးတွင် နည်းပြမရှိဘဲ စနစ်တကျတတ်မြောက်သည့်အားကစားနည်းမရှိပေ။ အယူအဆအတွေးအခေါ်၊ လက်တွေ့လုပ်ဆောင်နည်းများမှ နည်းပြများကိုယ်တိုင်က တပည့်များအပေါ် စေတနာ၊ မေတ္တာအပြည့်အဝဖြင့် သွန်သင်ပြသည်ကို မိမိတို့က အမိန့်နာခံတတ်မှု ကောင်းစွာလိုက်ပါလုပ်ဆောင်လေ့ကျင့်ခြင်းဖြင့် ပြိုင်ပွဲတွင်အနိုင်ရအောင် ကြိုးစားကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရမည့်အားကစားနည်းတိုင်းတွင် ကာယအား၊ ဉာဏ်အားနှစ်မျိုးစလုံး စိုက်ထုတ်အသုံးပြုကြရသည်။ ကာယအားသာရှိပြီး ဉာဏ်အားချို့တဲ့လျှင် သော်လည်းကောင်း၊ ဉာဏ်အားသာရှိပြီး ကာယအားချို့တဲ့လျှင်သော်လည်းကောင်း ပြိုင်ပွဲတွင် အနိုင်ရရှိရန်ခက်ခဲပေလိမ့်မည်။ ဘောလုံးကန်သည့်အားကစားသည် သာမန်အားဖြင့်ကြည့်လျှင် ကာယအားကို အဓိကထားအသုံးပြုကစားသည် ဟုထင်မြင်နိုင်သော်လည်း သူတို့သည် ဉာဏ်အားဖြစ်သော ဉာဏ်ကိုလွှာ၍အသုံးပြုကြရသည်။ တစ်ဖက်အသင်း၏အားသာချက်၊ အားနည်းချက်ကို ဉာဏ်ဖြင့် ကြည့်ရှုလေ့လာမှတ်သားပြီး လက်တွေ့ပြိုင်ပွဲတွင်အသုံးပြုကြရသည်။ ထို့ကြောင့် အားကစားသမားမှန်သမျှသည် ကာယစွမ်းအား၊ ဉာဏ်စွမ်းအားများပြည့်ဝနေအောင် ကြိုးစားကြရမည်သာဖြစ်သည်။

ကာယ၊ ဉာဏ်ပြည့်စုံခြင်းနှင့်အတူ အဓိက ဖြည့်ဆည်းရမည့်အရာမှာ စိတ်ဓာတ်ခိုင်မာမှုနှင့် ဇွဲသတ္တိပြည့်ဝမှုဖြစ်သည်။ စိတ်ဓာတ်ခိုင်မာမှုဆိုသည်မှာ နိုင်အောင်ကစားကြရသလို အရှုံးနှင့် ရင်ဆိုင်ရသည့်အခါလည်း စိတ်ဓာတ်ကျဆင်းသွားခြင်းမရှိဘဲ ကြံ့ကြံ့ခံနိုင်သည့် စိတ်ဓာတ်ဖြစ်သည်။ ပြိုင်ပွဲမှန်သမျှတွင် ဇွဲ၊ လုံ့လ၊ ဝီရိယမရှိဘဲ အောင်မြင်မည်မဟုတ်သည်မှာ ရာနှုန်းပြည့်အမှန်တရားဖြစ်သည်။ အထူးသဖြင့် တပ်မတော်အနွယ်ဝင် အားကစားသမားတိုင်းတွင် စိတ်ဓာတ်ခိုင်မာမှုနှင့်ဇွဲသတ္တိပြည့်ဝမှုသည် သာမန်လူတို့ထက်ပိုမိုပြည့်ဝနေရပေမည်။

နန္ဒိသေနဗျို့အပိုဒ် (၈၀)၌ “သူတို့မှတ်ရိုး၊ စစ်မက်ထိုးသော်၊ အားကြိုးတင်းတင်း၊ လူချင်းချင်းကို၊ ဘယ်မင်းဖက်ပြိုင်၊ ဘယ်တပ်ဆိုင်အံ့၊ သူ့နိုင်ငံသား၊ သံမှန့်စားမှ၊ တို့ဓားတုံးမည်၊ မှတ်တော်တည်လော့” ဟု ရေးဖွဲ့ထားသည်။ စိတ်ဓာတ်ခိုင်မာမှုနှင့် ဇွဲသတ္တိပြည့်ဝမှုရှိနေရန်ညွှန်းဆိုခြင်းဖြစ်သည်။ လူတိုင်းတွင် ရုပ်ပိုင်းဖွဲ့စည်းမှုနှင့် စိတ်ပိုင်းဖွဲ့စည်းမှုဟူ၍ရှိပေရာ ထိုနှစ်ရပ်စလုံးကြံ့ခိုင်မှုရှိမှသာ အားကစားပြိုင်ပွဲတွင် အောင်မြင်မည်ဖြစ်သည်။ လောကဥ္စ၌ ဇွဲ၊ လုံ့လရှိသူအဖို့ မရနိုင် မအောင်မြင်နိုင်သောအရာဟူ၍ မရှိနိုင်ပေရာ ပြိုင်ပွဲဝင်အားကစားသမားတိုင်းသည် စိတ်ဓာတ်ခိုင်မာမှုနှင့် ဇွဲသတ္တိပြည့်ဝမှုဖြင့် ပြိုင်ပွဲဝင်မှသာ အောင်မြင်ခြင်းကိုဆွတ်ခူးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အထူးဂရုစိုက်ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ကျန်းမာကြံ့ခိုင်ရေးတွင် အားကစားသည် ယှဉ်တွဲလျက်ရှိသည်။ အားကစားလေ့လာလိုက်စားသူတိုင်း ကျန်းမာကြသည်။ ကျန်းမာရေးကောင်းသူတိုင်းအားကစားလိုက်စားကြသည်။ တပ်မတော်အနေဖြင့် ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကိုကျင်းပပေးနေခြင်းမှာ နိုင်ငံတော်နှင့်တပ်မတော်အတွက်ထူးချွန်ထက်မြက်အားကိုးရသော တပ်မတော်ဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများထူးချွန်စွာပေါ်ထွက်လာရေးသည် အဓိကအကျဆုံးအချက်ဖြစ်သည်။

အားကစားတွင်ထူးချွန်ပြောင်ထမြောက်စွာ စွမ်းဆောင်နိုင်သူသည် မိမိတစ်ဦးချင်း၏အနာဂတ်အတွက်လည်း အသက်မွေးဝမ်းကျောင်းပြုနိုင်သည့်၊ အထောက်အကူပြုနိုင်သည့် ပညာရပ်ဖြစ်သည်။ ထို့အတူ နိုင်ငံနှင့်ပြည်သူများအတွက်လည်း အားကျအတုယူဖွယ်များဖြစ်လာနိုင်သည်။

မြန်မာနိုင်ငံသားတိုင်းက နိုင်ငံ့ကိုယ်စားပြု အားကစားသမားများအောင်မြင်မှုရှိတိုင်း အားရဝမ်းသာပျော်မဆုံး၊ မော်မဆုံးအားပေးကြသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို တိုင်ထိပ်တွင်လွှင့်ထူ၍ နိုင်ငံတော်သီချင်းသီဆိုမှုမြင်ကွင်းကို ပြည်သူတို့လိုလားကြသည်။ ကြည်နူးဝမ်းမြောက်ကြသည်။ နိုင်ငံကိုချစ်စိတ်၊ မြတ်နိုးစိတ်၊ တန်ဖိုးထားသည့်စိတ်တို့ဖြင့် အားပေးကြသလို အားကစားသမားတိုင်းကလည်း ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသားများအတွက်ဟူသောစိတ်ကို မွေးမြူကာ ပြိုင်ပွဲဝင်ကြရမည်ဖြစ်သည်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲမှ ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများ နှစ်စဉ်ပေါ်ထွက်ကာ တပ်မတော်ဂုဏ်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်ကြသည့်နည်းတူ ယခုနှစ်တွင်လည်းပေါ်ထွန်းလာမည်ဟုအပြည့်အဝယုံကြည်သည်။ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အားကစားနည်း ၁၂ မျိုးတွင်ပါဝင်ယှဉ်ပြိုင်ကြသူများအနေဖြင့် အထက်တွင်ဖော်ပြခဲ့သော စိတ်ဓာတ်များအပြင် “သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက်ပြီးမြောက် အောင်ဆောင်ရွက်မှု”ဟူသောစိတ်ဓာတ်ကိုလည်း ယုံကြည်စိတ်အပြည့်ထားရှိကြရမည်ဖြစ်သည်။

သန္နိဋ္ဌာန်ဟူသည် တစ်စုံတစ်ရာကို ပြုလုပ်သွားရန် ပိုင်ပိုင်နိုင်နိုင်ပြတ်ပြတ်သားသားဆုံးဖြတ်ခြင်းဖြစ်သည်။ ထိုသို့ဆုံးဖြတ်နိုင်သူသည်ထိုကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာတွေဝေမှု၊ ယိမ်းယိုင်မှု၊ ယုံမှားသံသယဖြင့် ချီတုံချတုံဖြစ်မှုမရှိတော့ပေ။ ချမှတ်ထားသော သန္နိဋ္ဌာန်အတိုင်း အကောင်အထည်ဖော်သွားရန် နည်းလမ်းရှာ၍ စူးစူးစိုက်စိုက်ကြိုးပမ်းသွားပါက အောင်မြင်မှုပန်းတိုင်သို့ရောက်ရှိမည်သာဖြစ်သည်။

ထို့ကြောင့် ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဝင် လူငယ်မောင်မယ် အပေါင်းတို့သည် တပ်မတော်၏ဂုဏ်ကိုဆောင်နိုင်သည့် အားကစားသမားများအဖြစ်သို့တက်လှမ်းနိုင်အောင် ကြိုးစားအားထုတ်ပြိုင်ပွဲဝင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဝေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးဆဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၆ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၇) ဦးသိန်းလှိုင်၏ **အသက်(၁၈)နှစ်အောက် ကလေးသူငယ်များအတွက် Online Platform များအသုံးပြုရာတွင်ကြုံတွေ့ရင်ဆိုင်နေရသည့်အန္တရာယ်များမှကာကွယ်ရေးလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က On-line Platform များအသုံးပြုရာတွင် ကြုံတွေ့ရင်ဆိုင်နေရသည့်အန္တရာယ်များအား ဥပဒေပိုင်းဆိုင်ရာအရ ကာကွယ်နိုင်ရန်ဆိုက်ဘာလုံခြုံရေး ဥပဒေကို ၂၀၂၅ ခုနှစ် ဧန်နဝါရီလ ၁ ရက်တွင်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဦးစီးကော်မတီအနေဖြင့် ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း၊ အသိပေးကြေညာခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းများ၊ အခြေခံအဆောက်အဦကာကွယ်ခြင်းလုပ်ငန်းများကို ဆိုက်ဘာလုံခြုံရေး ကျိုးပေါက်မှုအရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပစဉ်။

ပုဒ်မ (၁၀) အရ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဦးစီးကော်မတီအောက်တွင် ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာကာကွယ်ရေး၊ ဆိုက်ဘာမူဆင်းဆိုင်ရာ လုပ်ငန်းကော်မတီများအား ဖွဲ့စည်းထားပြီး ဆိုက်ဘာခြိမ်းခြောက်မှုများနှင့် ဆိုက်ဘာမူဆင်းများအား အရေးယူနိုင်ရေးနှင့် ကာကွယ်တားဆီးရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဒ်မ (၁၁) အရ ဆိုက်ဘာလုံခြုံရေးဦးစီးဌာနအနေဖြင့် အွန်လိုင်းမှတစ်ဆင့် နောင့်ယှက်စော်ကားမှုများနှင့် မဟုတ်မမှန်သတင်းများဖြန့်ဝေမှုများကို တားဆီးကာကွယ်နိုင်ရေး အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာဆိုက်ဘာလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များမျှဝေခြင်း၊ ဗီဒီယို / Animation များပြသခြင်းနှင့် ဥာဏ်စမ်းပဟေဠိပြိုင်ပွဲများကျင်းပခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံပိုင်ရုပ်သံမီဒီယာများတွင် "ဆယ်ကျော်သက်နှင့် ဆိုက်ဘာအန္တိုင်ကျင့်ခြင်း" ခေါင်းစဉ်အပါအဝင် ဆိုက်ဘာလုံခြုံရေး အသိပညာပေးကာတွန်းဇာတ်လမ်းတိုများကို အခါအားလျော်စွာထုတ်လွှင့်ပြသလျက်ရှိပါကြောင်း။

ထို့ပြင် ဆက်သွယ်ရေးဥပဒေအရ "ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကိုအသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း" တို့ပြုလုပ်ခံရခြင်းများအား သက်ဆိုင်ရာရဲစခန်းများတွင် သတင်းပေးပို့တိုင်ကြားနိုင်ပြီး ပြစ်မှုထင်ရှားပါက ဥပဒေ၊ ပုဒ်မ ၆၆(ဃ) အရ "နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရနိုင်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ် အနောက်ဘက်ကမ်း တွင်ဘည်ရိုသောဟင်နောင်ကျေးရွာနှင့် နန်းမောင်ခန်းကျေးရွာတို့ကို ဆက်သွယ်ထားသော ကိုယ့်အား ကိုယ်ကိုး သစ်သားတံတား ခန့်မှန်း ပေ(၂၀၀)ကျော်အားကွန်ကရစ်တံတား ဆောက်လုပ်ပေးရန်နှင့် နန်းမောင်ခန်းကျေးရွာနှင့် ဆန်ကျိန်းကျေးရွာတို့ကို ဆက်သွယ်ထားသည့်ကျေးရွာချင်းဆက် နန်းမောင်ခန်း ချောင်းကူးကြိုးတံတား (၂၀၀)ပေအား ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ပထမတံတားဖြစ်သည့်ဟုမ္မလင်းမြို့နယ် ဟင်နောင်ကျေးရွာနှင့် နန်းမောင်ခန်းကျေးရွာတို့ကို ဆက်သွယ်သည့် သစ်သားတံတားသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှသိမ်းသွင်းရန်ကျန်ရှိသည့် လမ်းစာရင်းတွင် ပါရှိသည့်တံတားဖြစ်ပြီး တည်ဆောက်ထားသည်မှာ နှစ်ကာလကြာမြင့်နေပြီဖြစ်၍ လက်ရှိအခြေအနေတွင် ဆိုင်ကယ်များသာသွားလာနိုင်ပါကြောင်း၊ အဆိုပါသစ်သားတံတားကို အဆင်ပြေချောမွေ့စွာသွားလာနိုင်စေရေးအတွက် တိုင်းဒေသကြီး ရန်ပုံငွေအကန့်အသတ်အတွင်းမှ ပြင်ဆင်ထိန်းသိမ်းခြင်းအား လတ်တလောဆောင်ရွက်ပေးမည်ဖြစ်ပြီး သံကူကွန်ကရစ်တံတား ဆောက်လုပ်ခြင်းကို ဒေသလိုအပ်မှု၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် အကျိုးပြုမှုတို့အပေါ် မူတည်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ပြည်ထောင်စု သို့မဟုတ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစတင်၍ ဒေသဖွံ့ဖြိုးရေးငါးနှစ်နှစ်တိုစီမံကိန်းစာရင်းတွင် အဆိုပြုလျာထားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရဋ္ဌဖုန် (Rakwi Pung)၏ **ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ဇီးထန်ကျေးရွာအုပ်စု အချုန်ချောင်းနှင့် ဇီးထန်ချောင်းဆုံတွင် အလျား (၂၂၀)ပေ၊ အကျယ်(၁၄)ပေရှိ RC သံကူကွန်ကရစ်တံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ခေါင်လန်ဖူးမြို့နယ် အချုန်ချောင်းနှင့် ဇီးထန်ချောင်းဆုံတွင် ပေ ၂၂၀ RC ကွန်ကရစ်တံတားတည်ဆောက်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်းနည်းပညာပိုင်းဆိုင်ရာအကူအညီများ ပေါင်းစပ်ပေးမည်ဖြစ်သော်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် လက်ရှိနယ်မြေလုံခြုံရေးအခြေအနေအရ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် လုံခြုံရေးကောင်းမွန်လာသည့်အချိန်မှသာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်၍ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **မကွေးတိုင်းဒေသကြီး မင်းဘူး-သရက် ရထားလမ်း၊ သရက်-ကံမရထားလမ်း၊ မင်းလှ-တောင်တွင်းကြီး ရထားလမ်းပိုင်းများပြန်လည်ပြေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်နေခြင်း ရှိ၊ မရှိ ရှိပါက မည်သည့်အချိန်ကာလတွင် ပြန်လည်ပြေးဆွဲနိုင်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာ့မီးရထားအနေဖြင့် မင်းဘူး-မင်းလှ-သရက်ခရီးစဉ်ကိုမင်းဘူး(၁)/ (၂) RBE ရထားများဖြင့် ပြေးဆွဲခဲ့ပါကြောင်း၊ ဆက်လက်၍ သရက်-ကံမ ခရီးစဉ် (၂၉ ဒသမ ၁၄)မိုင်အား အမှတ် (၁၉၉) အဆန်/ (၂၀၀) အစုနှစ် RBE ရထားများဖြင့် ပြေးဆွဲပေးခဲ့ပါကြောင်း၊ အလားတူ မင်းလှ-တောင်တွင်းကြီး ခရီးစဉ်ကို အမှတ် (၁၉၃) အဆန်/ (၁၉၄)အစုနှစ် RBE ရထားများဖြင့် ပြေးဆွဲပေးခဲ့ပြီး အဆိုပါလမ်းပိုင်းများအား ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၉ ရက်မှစတင်၍ ရထားပြေးဆွဲခြင်းများကို ရပ်ဆိုင်းခဲ့ပါကြောင်း။

အဆိုပါလမ်းပိုင်းသစ်များဖောက်လုပ်ခဲ့ရာတွင် သစ်သားဇလီဖားနှင့် ကွန်ကရစ်ဇလီဖားများ ပေါင်းစပ်၍ ဆောင်ရွက်ခဲ့သော လမ်းပိုင်းများဖြစ်ပြီး နှစ်ကာလကြာမြင့်သဖြင့် သစ်သားဇလီဖားတုံးများ ဆွေးမြည့်ခြင်း၊ တောမီးလောင်ဟုန်းစိုခြင်းများဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ဇရာဝတီမြစ်အနောက်ဘက်ခြမ်း လုံခြုံရေးအခြေအနေပေးလျှင် လမ်းကြံ့ခိုင်မှုစစ်ဆေးပြီးလိုအပ်သည့် ကွန်ကရစ်ဇလီဖားတုံးနှင့် ကျောက်ဖြည့်ဆည်းခြင်း၊ တာပေါင်များရေတိုက်စားမှုကို ပြန်လည်ဖို့ခြင်း၊ တံတား(ကြီး/ငယ်) ပျက်စီးမှုများကို ပြုပြင်ခြင်း၊ ပျောက်ဆုံးနေသော သံလမ်းထိန်းကလစ်များ၊ Pad များပြန်လည်ဖြည့်တင်းခြင်း၊ အချက်ပြဆက်သွယ်ရေးစနစ်များ ပြန်လည်စစ်ဆေးပြုပြင်ခြင်း၊ ဘူတာများပြုပြင်ပေးခြင်း၊ ဝန်ထမ်းနေအိမ်များပြုပြင်ပေးခြင်း လုပ်ငန်းများအား နှစ်အလိုက် ဘဏ္ဍာငွေလျာထား၍ အကြီးစားပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လတ်တလောရထားများ ပြန်လည်ပြေးဆွဲနိုင်သည့် အခြေအနေမရှိသေးပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ် (၆) ဦးခင်မောင်အေး၏ **စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ဆက်စပ်လျက်ရှိသည့် ကသာခရိုင်၊ ကောလင်းခရိုင်၊ ကန့်ဘလူခရိုင်၊ ရွှေဘိုခရိုင်တို့ကို ဆက်သွယ်ထားသည့် မီးရထားလမ်းအား အပိုင်းလိုက်၊ အဆင့်လိုက် မြန်မာ့မီးရထားမှ ပြုပြင်ပြောင်းဆွဲပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်းသည် (၃၄၂ ဒသမ ၇၅)မိုင်ရှိပြီး ယခင်က လူစီးအမြန်ရထား (၁၀)စင်း၊ စာပို့ရထား (၄)စင်း၊ လူစီးကုန်တင်ရထား (၁၀)စင်းနှင့် ခရီးတိုရထား (၂)စင်းတို့အား ပြေးဆွဲပေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်၍ ရထားခရီးစဉ်များ ယာယီဖျက်သိမ်းထားခဲ့ပြီး လုံခြုံရေးအခြေအနေအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်မှစ၍ ရပ်နားထားခဲ့ရပါကြောင်း။

မြန်မာ့မီးရထားမှ မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်းတွင် ရထားများ ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ရှေးဦးစွာ ရွာထောင်-ရွှေဘိုလမ်းပိုင်း၏ ရထားလမ်း ပြုပြင်ခြင်း လုပ်ငန်းများကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်တွင် ရွာထောင်ဘူတာမှ စတင်၍ပြုပြင်ခဲ့ရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်တွင် ဝက်လက်ဘူတာအထိ ရောက်ရှိခဲ့ပါကြောင်း၊ **ရွာထောင်ဘူတာမှဝက်လက်ဘူတာအထိ အကွာအဝေး (၃၄)မိုင်ခန့်အား အချိန်အားဖြင့် လေးလခန့်ပြုပြင်ခဲ့ရပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ နှောင့်ယှက်ဖျက်ဆီးမှုများများစွာကြုံတွေ့ခဲ့ရပါကြောင်း။**

ရထားလမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း **ဝက်လက်-ရွှေဘို လမ်းပိုင်းတွင် ၁၀ ပေအရှည် တံတား (၄)စင်း၊ ပေ ၂၀ အရှည် တံတား (၁)စင်း မိုင်းခွဲဖျက်ဆီးခံရခြင်း၊ ရထားလမ်း၏ (၁)မိုင်ကျော်ခန့် သံလမ်းများဖြုတ်ခိုးခံရခြင်း၊ ရထားလမ်းတာပေါင်များကို မြေတူးစက် (Back Hoe) ဖြင့် မြောင်းတူးဖျက်ဆီးထားခြင်းများနှင့် လုံခြုံရေးအခြေအနေများအရ ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါကြောင်း၊ ထို့ပြင် ဆောင်ရွက်ပြီးဖြစ်သော ရွာထောင်-ဝက်လက် လမ်းပိုင်းတွင်လည်း သာလှိုင်းရံသာဘူတာနှင့် ဝက်လက်ဘူတာကြားရှိ ပေ ၁၂၀ အရှည် တံတားအမှတ်(၅၇) ပြွန်ကြီးတံတား၏ တံတားသံပေါင်များဖျက်ဆီးခံရခြင်း၊ ခက်ခဘူတာနှင့် ပေါက်ကန်ဘူတာကြား ပြုပြင်ထားပြီး သံလမ်းပေ ၄၂၀၀ ခန့် ဖျက်ဆီးခံရခြင်းများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထို့ပြင် စစ်ဆေးမှုမပြုနိုင်သေးသည့် စာမျက်နှာ ၁၄ သို့ ▸

▶ စာမျက်နှာ ၁၃ မှ

နေရာများတွင်လည်း လမ်းများ၊ တံတားများ၊ ဘူတာအဆောက်အအုံများ၊ စက်ခေါင်းနှင့်တွဲများအား ဖျက်ဆီးထားမှုများကြောင့် မီးရထားဘူတာရှိ ဝန်ထမ်းများပင် တိမ်းရှောင်နေရပါကြောင်း။

မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းအား ရထားများပြန်လည်ပြေးဆွဲရေးအတွက် လုံခြုံရေးအခြေအနေအပေါ်မူတည်၍ လမ်းပိုင်းအလိုက် ပြုပြင်ပေးလျက်ရှိရာ ကချင်ပြည်နယ်အတွင်း မိုးကောင်း-မြစ်ကြီးနား အသွား၊ အပြန်ခရီးစဉ် မိုးကောင်း-၁/၂ RBE ရထားအား ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှစ၍ လည်းကောင်း၊ မိုးညှင်း-မြစ်ကြီးနား အသွား၊ အပြန်ခရီးစဉ် အမှတ်(၄၉) အဆန်၊ (၅၀)အစုန် ရထားအား ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၂ ရက်မှစ၍လည်းကောင်း တိုးချဲ့ပြေးဆွဲပေးလျက်ရှိပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေး (Public Transportation) အတွက်များစွာဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများကလည်းပူးပေါင်းပါဝင်၍ ဖျက်ဆီးမှုများကို ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းရန်လိုအပ်ပါကြောင်း။

သို့ပါ၍ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့ကို ဆက်သွယ်ထားသည့် ရထားလမ်းအား နယ်မြေလုံခြုံရေးအခြေအနေပေးသည့် အချိန်တွင် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) စောမြတ်ထွဋ်ဝင်း(ခ)ကိုဆို၏ **ကရင်ပြည်နယ်၊ ဘားအံ(မြိုင်ကလေး)ဘူတာရုံနှင့်သထုံဘူတာရုံသို့ ရထားလမ်းများအဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ပေးရန်နှင့် ရန်ကုန်-မော်လမြိုင် ရထားများသည် ဘားအံ(မြိုင်ကလေး) ဘူတာရုံသို့ လူစီးရထားများနှင့် ကုန်တွဲရထားများပြေးဆွဲပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ပြေးဆွဲပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်နှင့် ပြေးဆွဲပေးနိုင်ခြင်းမရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာ့မီးရထားအနေဖြင့် သထုံ-လှာကာ-မြိုင်ကလေးလမ်းပိုင်းအား ခရီးတိုရထားကို တွဲ(၂)တွဲပါ စက်ခေါင်းဖြင့် ၂၀၁၅ ခုနှစ် မေလ ၂၃ ရက်မှစ၍ (၁)ပတ်လျှင် စနေ၊ တနင်္ဂနွေ (၂)ရက်ဖြင့် (၂)လ စမ်းသပ်ပြေးဆွဲခဲ့သော်လည်း ခရီးသည်လိုက်ပါစီးနင်းမှု မရှိသည်ကို တွေ့ရှိရပါကြောင်း၊ ခေါက်ပြေးဆွဲခဲ့ပြီး ခရီးသည်များ လိုက်ပါစီးနင်းမှုမရှိသဖြင့် ၂၀၁၇ ခုနှစ် မေလ ၂၄ ရက်မှစ၍ ခရီးတိုရထားပြေးဆွဲခြင်းကို ရပ်ဆိုင်းခဲ့ကာ သံလမ်းပြေးယာဉ်(RGC)ဖြင့်အနည်းဆုံး (၁)လ (၁)ကြိမ်လမ်းပိုင်းစစ်ဆေးခြင်းကိုသာဆောင်ရွက်ခဲ့ပါကြောင်း။

သထုံ-လှာကာ-မြိုင်ကလေး ရထားလမ်းပိုင်းဖွင့်လှစ်ခဲ့ပြီးနောက် မြိုင်ကလေးဘိလပ်မြေစက်ရုံအတွက် လိုအပ်သောကုန်ကြမ်းပစ္စည်းများ သယ်ပို့ရန် ကုန်ရထားပြေးဆွဲမှုကို ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် ကုန်ပစ္စည်းများသယ်ယူရန် မရှိသဖြင့် ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်မှစ၍ ရပ်နားထားခဲ့ပါကြောင်း။

သထုံဘူတာမှလေးတိုင်ဘူတာအထိ (၅၁မိုင် ၀)မိုင် အကွာအဝေးကို ၂၀၂၅ ခုနှစ် မတ်လ ၂၀ ရက်တွင် လမ်းပိုင်းပြုပြင်ပြီးဖြစ်သဖြင့် ကုန်ရထားပြေးဆွဲခြင်းကို ပြန်လည်ဆောင်ရွက်ခဲ့ပါကြောင်း၊ သထုံ-လှာကာ-မြိုင်ကလေးလမ်းပိုင်းတွင် ခရီးသည်ရထားအား လိုက်ပါစီးနင်းသူမရှိ၍ ဆက်လက်ပြေးဆွဲခြင်း မရှိသေးသည့်အပြင် လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းများမှာ ဆောင်ရွက်ဆဲဖြစ်သဖြင့် ကုန်ရထားအား လမ်းပိုင်းပြုပြင်ပြီးသည့် လေးတိုင်ဘူတာအထိသာ ပြေးဆွဲပေးလျက်ရှိပြီး ကျန်ရှိသည့် လမ်းပိုင်းပြုပြင်မွမ်းမံထိန်းသိမ်းမှုများ ဆက်လက်ဆောင်ရွက်နေပါကြောင်း။

သထုံ-လှာကာ-မြိုင်ကလေး လမ်းပိုင်းတွင် တိုင်တရာရပ်စခန်း ဘူတာအနီး၌ လမ်းပိုင်းမှာ ဆင်ခြေလျှော ၁ အချိုး ၆၀ ရှိခြင်း၊ သထုံမှ လေးတိုင်အထိ (၅) မိုင်ခန့်သာသံလမ်းတစ်ဆက်လျှင် ကွန်ကရစ် ဧလီဖား (၁၇) တုံး ထည့်သွင်းပြုပြင်ထားပြီး ကျန်(၁၇)မိုင်ကျော်အတွက် နှစ်စဉ်ဘဏ္ဍာငွေထည့်သွင်းလျာထား၍ ကွန်ကရစ်ဧလီဖား ထပ်မံထည့်သွင်းခြင်း၊ လမ်းခင်းကျောက်ဖြည့်သွင်းခြင်းနှင့် တံတားနေရာများ စစ်ဆေးပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ပါ၍ သထုံ-လှာကာ-မြိုင်ကလေးလမ်းပိုင်းတွင် ရန်ကုန်-မော်လမြိုင် DEMU ရထားနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် ဘားအံ(မြိုင်ကလေး) ဘူတာမှ လေးတိုင်ဘူတာအထိ ကျန်ရှိသည့် (၁၇)မိုင်အတွက် လမ်းပိုင်းပြုပြင်ခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လမ်းပိုင်းပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမည်ဖြစ်ပါကြောင်းနှင့် ယင်းအချိန်တွင် ချိတ်ဆက်ပြေးဆွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို သတင်းအချက်အလက်များ၊ နည်းပညာအထောက်အကူများ၊ ငွေကြေးပံ့ပိုးမှုများနှင့် အလုပ်အကိုင်ကျွမ်းကျင်မှုများလွယ်ကူစွာရရှိစေရန်၊ ကုန်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုများ နိုင်ငံတကာစံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးပြည့်မီပြီး ပြည်တွင်းပြည်ပစျေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊ ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊ လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် အဟန့်အတားများ လျော့နည်းစေရန်၊ ဒီဂျစ်တယ်အသုံးပြုမှု၊ သတင်းအချက်အလက်နည်းပညာအသုံးပြုမှုနှင့် အွန်လိုင်းကုန်သွယ်မှုစနစ်တို့ ဖွံ့ဖြိုးတိုးတက်လာစေရေးပံ့ပိုးကူညီရန်၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးအတွက် လိုအပ်သော အထောက်အပံ့များ၊ အစီအစဉ်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံစီးပွားမြှင့်တင်ရေးကိုဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားပါကြောင်း လွှတ်တော်သို့ တင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဦးဟိန်းမင်းဦးက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏လေ့လာသုံးသပ်ချက်နှင့်သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အကာအကွယ်ပေးရေးဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ၍ အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်ယွင်းနိုင်ကြောင်းကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးသတ္တမနေ့ကို အောက်တိုဘာလ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်



သနပ်ပင် အောက်တိုဘာ ၂

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့်ကျောင်းသား၊ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း သနပ်ပင် (အောက်စုရပ်ကွက်)ကျောင်း၌ ကျင်းပသည်။

ရေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း သနပ်ပင်မှ Grade-9 ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့်သီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပေးပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာထူးခြားအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်သည်။

ယင်းနောက် Grade-9 ကျောင်းသား၊ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သနပ်ပင်မြို့နယ်မှ ၄ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ခြောက်ဦးနှင့် ၁ ဘာသာဂုဏ်ထူးရှင် ၂၉ ဦး စုစုပေါင်း ဂုဏ်ထူးရရှိသူ ၃၉ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၇၈ ဦး စုစုပေါင်းအောင်မြင်သူ ၂၁၇ ဦး ရှိကြောင်း သိရသည်။

(၄၁၀)

▲ ကျောဖုံးမှအဆက်

ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ပြည်သူ့ဆေးရုံကြီး၌ လူနာများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခမဲ့ဆေးကုသခြင်းများဆောင်ရွက်နေမှုများကို ယနေ့ နံနက် ၉ နာရီတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ကွင်းဆင်းဆေးကုသမှုပေးသည့် အထူးကုဆရာဝန်ကြီးများအဖွဲ့နှင့် အတူ ပြည်နယ် ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ၊ ကချင်ပြည်နယ်အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်းမှ တာဝန်ရှိသူများကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြပြီး ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယမန်နေ့က ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများသည် ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာရောဂါ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ရင်ခေါင်းဆေးကုသမှုဆိုင်ရာရောဂါ၊ နှလုံးဆေးကုသမှုဆိုင်ရာရောဂါ၊ အသည်းဆေးကုသမှုဆိုင်ရာရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ကလေးဦးနှောက်နှင့်အာရုံကြောရောဂါ၊ ဆီးချိုနှင့် ဟော်မုန်းရောဂါ၊ ဆီးနှင့် ကျောက်ကပ်ဆေးကုသမှုဆိုင်ရာရောဂါ၊ ကလေးသွေးနှင့် ကင်ဆာရောဂါများဖြင့် လာရောက်ပြသသော ကချင်ပြည်နယ်အတွင်းရှိ စုစုပေါင်းဒေသခံပြည်သူ ၁၄၆၅ ဦးတို့ကို စမ်းသပ်စစ်ဆေးကုသပေးနိုင်ခဲ့ပြီး အထူးခွဲစိတ်ကုသမှုလိုအပ်သည့်လူနာများနှင့် အထူးကုသမှု ဆက်လက်ခံယူရန်လိုအပ်သည့် လူနာများကို သက် ဆိုင် ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှုဆောင်ရွက်နိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ အောက်တိုဘာလ ၃ ရက်အထိ ဆေးကုသမှုများအား ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူများ လက်လှမ်းမီရရှိနိုင်ရန်၊ ဆေးကုသမှုအတွက် လူနာမှ စိုက်ထုတ် ကုန် ကျစရိတ် လျော့နည်းစေရန်၊ ရောဂါများကို အချိန်မီစောစီးစွာ သိရှိကုသမှုခံယူနိုင်စေရန်ရည်ရွယ်၍ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့မှ ပါမောက္ခ၊ အထူးကု ဆရာဝန်ကြီးများသည် ခရီး၊ မြို့နယ်များသို့ အထူးကု ဆေးကုသရေးခရီးစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/၈လ)**

ပူတာအို၊ ခေါင်လန်ဖူးနှင့် နောင်မွန်းအတွင်းရှိ ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဗုန်းမြတ် ကြည့်ရှုစစ်ဆေး





နေပြည်တော် အောက်တိုဘာ ၂

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဗုန်းမြတ်နှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့သည် နောင်မွန်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအားတန်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ပူတာအိုမြို့ရှိနယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိခဲ့ရာ ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယညွှန်ကြားရေးမှူးက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားရှိမှု၊ လူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းအုပ်များက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၊ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ချီးမြှင့်ငွေ၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများအား အသီးသီးပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာလ ၃၀ ရက်တွင် မငွေဇ–ခေါင်လန်ဖူး ဇ၅ မိုင် ၄ ဖာလုံကားလမ်းတစ်လျှောက်ဖောက်လုပ်ပြီးစီးခဲ့သည့်လမ်းများ ပြုပြင်ထိန်းသိမ်းလျက်ရှိသည့်အခြေအနေများ၊ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း မိုးရာသီကာလ သဘာဝဘေးအန္တရာယ်ကြောင့် မြေပြိုလမ်းပိတ်ဆို့နေမှုများအား ရှင်းလင်းဆောင်ရွက်ထားရှိမှု၊ ရှောင်ကွင်းလမ်းအသစ် ဖောက်လုပ်ထားများပျက်စီးမှုနေရာ၌ ရေကျော်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းရေရှည်တည်တံ့ခိုင်မြဲစေရန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ထပ်မံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသားများ၏ အကျိုးကို ရှေးရှု၍ လုပ်ငန်းများဆောင်ရွက်ရာ၌ အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာလ ၁ ရက် နံနက်ပိုင်းတွင် ရီဒမ်းကျေးရွာမှထွက်ခွာခဲ့ပြီး မငွေဇ–ခေါင်လန်ဖူး ကားလမ်း မိုင်တိုင် ၃၄ မိုင် ၇ ဖာလုံ၌ မိုးရာသီကာလအတွင်း တောင်ကျရေတိုက်စားမှုကြောင့် မြေပြိုလမ်းပိတ်ဆို့မှုများအား ရှင်းလင်း၍ ရှောင်ကွင်းလမ်း ဖောက်လုပ်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုအပေါ် လမ်းရေရှည်တည်တံ့ ကောင်းမွန်စေရန်နှင့် နောင်မိုးရာသီကာလများတွင်လည်း မြေပြိုမှုများ မဖြစ်ပေါ်စေရေး အတွက် အဆင့်မြင့်နည်းပညာများ လေ့လာသုံးသပ်၍ အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်သွားကြရန် မှာကြားပြီး ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နောင်မွန်းမြို့သို့ ရောက်ရှိပြီး အထွေထွေအုပ်ချုပ်ရေးရုံးအတွင်းရှိ ဝဏ္ဏကျော်ထင်ဦးခူရှိန်ဖုန်းခန်းမ၌ တိုင်းရင်းသားအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြား၍ ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်ရှိသည်များ တင်ပြမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ချီးမြှင့်ငွေများပေးအပ်ကာ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် နောင်မွန်း(အထက်) ကျောင်းဝင်းအတွင်း ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ခါကာဘို သစ်သားကျောင်းဆောင် ပြုပြင်ထိန်းသိမ်းခြင်းနှင့် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် နောင်မွန်း(အထက) အဝင်လမ်း ပေ ၆၀၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ စကားပြောကြား၍ ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်ရှိသည်များ တင်ပြမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ချီးမြှင့်ငွေများပေးအပ်ကာ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် နောင်မွန်း(အထက) ကျောင်းဝင်းအတွင်း ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ခါကာဘို သစ်သားကျောင်းဆောင် ပြုပြင်ထိန်းသိမ်းခြင်းနှင့် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် နောင်မွန်း(အထက) အဝင်လမ်း ပေ ၆၀၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ အား ကြည့်ရှုစစ်ဆေးကာ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရာ၌ လိုအပ်လျက်ရှိသည့် စာသင်ခုံနှင့် ထိုင်ခုံများအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် နောင်မွန်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိခဲ့ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရုံးဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည်ညနေပိုင်းတွင် နောင်မွန်းမြို့မှ ပူတာအိုမြို့သို့ရောက်ရှိပြီး ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်အတွင်း မုဒုံ(အမက) ကျောင်းအဝင်လမ်း ၁၉၂၀ ပေ ကွန်ကရစ်ခင်းခြင်းဆောင်ရွက်နေမှုနှင့် ပန်းလှိုင်ရပ်ကွက်ရှိ မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ်အတွင်း၌ ဂန္ဓကုဋိတိုက်တည်ဆောက်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ပူတာအိုမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဝန်ထမ်းများ၊ ဆရာ၊ဆရာမများအားတွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်ကာ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာလ ၂ ရက် နံနက်ပိုင်းတွင် ပူတာအိုမြို့ ရဝမ်ရိုးရာယဉ်ကျေးမှုဝင်းအတွင်းရှိ ခါကာဘိုရာဇီခန်းမ၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဗုန်းမြတ်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များနှင့်အညီ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝနှင့် အခြေခံအဆောက်အဦများဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်နယ်၊ ပြည်မ အကြားအလပ်မရှိစဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေသကဲ့သို့ အကြိမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် လိုအပ်သည့်ကူညီထောက်ပံ့မှုများအား ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက်လည်းထောက်ပံ့မှုများအား ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျသည့်အတွက် နယ်မြေတည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ယာယီနေရပ်စွန့်ခွာပြည်သူများ အခြေခံစားသောက်ကုန်များပေးအပ်ကြပြီး ယာယီနေရပ်စွန့်ခွာပြည်သူများကိုယ်စားတိုင်းရင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်က ယာယီနေရပ်စွန့်ခွာ ပြည်သူများအား အားပေးစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အခက်အခဲတင်ပြချက်များအား ဖြည့်ဆည်းပေးပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပူတာအိုမြို့နယ်၌ ဒီဂရီကောလိပ်ဖွင့်လှစ်မည့် လျာထားမြေနေရာအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သည်။ ယင်းနောက် အစိုးရစက်မှုလက်မှုသိပ္ပံသို့ ရောက်ရှိပြီး ဒီဂရီကောလိပ်နှင့် ပူးတွဲဖွင့်လှစ်သင်ကြားနိုင်ရေးအတွက်ကောလိပ်အတွင်းရှိ စာသင်ဆောင်များနှင့် သင်ထောက်ကူပစ္စည်းများအား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ရောက်ရှိခဲ့ရာ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ချီးမြှင့်ငွေများပေးအပ်ကာ ရုံးဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်ရိကွာ(APTERR) အစီအစဉ်-၃ (၂၀၂၅)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလျှပ်ဒါန်းသော ဆန် ၁၆၃ ဒသမ ၈၇၇ တန်အား စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်

မန္တလေး အောက်တိုဘာ ၂

အာဆီယံအပေါင်းသုံးအရေးပေါ်ဆန်ရိကွာ(APTERR) အစီအစဉ်-၃ (၂၀၂၅)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ရန်လျှပ်ဒါန်းသော ဆန် ၁၆၃ ဒသမ ၈၇၇ တန်ကို မန္တလေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ရာတွင် APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာ Dr.Choomjet Karnjanakesornနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမျိုးဇော်တို့က လျှပ်ဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလျှပ်ဒါန်းသော ဆန် ၁၆၃ ဒသမ ၈၇၇ တန်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်ထံသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာက ရေဘေးသင့်ပြည်သူတစ်ဦးထံသို့လည်းကောင်း လွှဲပြောင်းပေးအပ်သည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာထံသို့ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာကိုပေးအပ်ပြီးနောက် ရေဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းနှင့်အဆိုပါ လျှပ်ဒါန်းသော ဆန်အိတ် ၁၆၃ ဒသမ ၈၇၇ တန် (50 Kg အိတ် အရေအတွက် ၃၂၇၇ အိတ်)ကို ခရိုင်၊ မြို့နယ်များမှတစ်ဆင့် စနစ်တကျခွဲဝေပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား စစ်ရေးပြမှူးကြီးဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင် အသင်းများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုထွက်ခွာစဉ်။

➪ **ကျော်ဖုံးမှအဆက်**

ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီးဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် နေပြည်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှသင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်းဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီးဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း(၁၇)သင်းမှ အားကစားသမားများက ကွင်းအတွင်းဆက်လက်နေရာယူကြသည်။ ထို့နောက် ၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာချိန်တွင် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းထွန်းတို့က ဖွင့်ပွဲစာတမ်းပါ မိုးပျံပူဖောင်းများအား ဖဲကြိုးဖြတ်၍ လွှတ်တင်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေးပြမှူးကြီးဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားသမားများ၏ အလေးပြုရေးကို အထောက်အကူပြုနိုင်ရန်အတွက် တပ်မတော်အနေဖြင့် တပ်မတော် ကိုယ်ခံပညာနှင့် အားကစားသိပ္ပံကျောင်းကို ၁၉၉၇-၁၉၉၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်ထိ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ စတင်ဖွင့်လှစ်ခဲ့ချိန်မှ ယနေ့ထိတိုင် အောင်မြင်မှုများရရှိခဲ့သည်ကို ထောက်ခံကြောင်း ပြောကြားရာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများသာမက မြန်မာ့ဂုဏ်ဆောင်နိုင်ခဲ့သည့် လက်ရွေးစင်အားကစားသမားများ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ကျင်းပပေးနေရခြင်းဖြစ်ကြောင်း။



၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

❖ **တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ယခုကဲ့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ကျင်းပပေးနေရခြင်းဖြစ် . . .**

❖ **ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် အားကစားနည်း(၁၂)မျိုးကို ထည့်သွင်းကျင်းပသွားမည်ဖြစ် . . .**

❖ **မြန်မာ့အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲအသီးသီးတွင် ယနေ့ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် အားကစားသမားများသည် သမိုင်းကြောင်းလှပခဲ့သည့် တပ်မတော်အားကစားပုံရိပ် ပြန်လည်မြင့်မားစေရေး အစွမ်းကုန်ယှဉ်ပြိုင်ကစားကြရန်လိုအပ် . . .**

၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှသင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်းဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီးဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း(၁၇)သင်းမှ အားကစားသမားများက ကွင်းအတွင်းဆက်လက်နေရာယူကြသည်။ ထို့နောက် ၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာချိန်တွင် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းထွန်းတို့က ဖွင့်ပွဲစာတမ်းပါ မိုးပျံပူဖောင်းများအား ဖဲကြိုးဖြတ်၍ လွှတ်တင်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေးပြမှူးကြီးဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားသမားများ၏ အလေးပြုရေးကို အထောက်အကူပြုနိုင်ရန်အတွက် တပ်မတော်အနေဖြင့် တပ်မတော် ကိုယ်ခံပညာနှင့် အားကစားသိပ္ပံကျောင်းကို ၁၉၉၇-၁၉၉၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်ထိ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ စတင်ဖွင့်လှစ်ခဲ့ချိန်မှ ယနေ့ထိတိုင် အောင်မြင်မှုများရရှိခဲ့သည်ကို ထောက်ခံကြောင်း ပြောကြားရာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများသာမက မြန်မာ့ဂုဏ်ဆောင်နိုင်ခဲ့သည့် လက်ရွေးစင်အားကစားသမားများ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ကျင်းပပေးနေရခြင်းဖြစ်ကြောင်း။

ယင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် အားကစားနည်း(၁၂)မျိုးကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရာဇဝင်သမိုင်းကြောင်းကို ပြန်ကြည့်လေ့သင်ပွဲ၊ မြင်းခင်းသဘင်ပွဲများ ကျင်းပခဲ့သည့်အစဉ်အလာများရှိခဲ့သည်ကို ၁၂ လရာသီပွဲတော်မှတ်တမ်းများအရ သိရှိကြရမည်ဖြစ်ကြောင်း၊ ဘာသာရေး၊ အမျိုးသားရေး၊ ရိုးရာယဉ်ကျေးမှု စသည့်အထိမ်းအမှတ်ပွဲတော်များကို ၁၂ ရာသီပတ်လုံး ကျင်းပခဲ့ကြသလို လေ့သဘင်ပွဲနှင့် မြင်းခင်းသဘင်ပွဲမှတစ်ဆင့် တိုင်းပြည်ကာကွယ်ရေးအတွက် လိုအပ်သည့် စစ်သည်ရဲမက် သူရဲကောင်းရွေးချယ်ခြင်းများကိုလည်း ပြုလုပ်နိုင်ခဲ့ကြကြောင်း၊ တစ်နည်းအားဖြင့် ဥဏ္ဍာပေါင်းစပ်ထားသည့် ကာယအားပြုအားကစားပြိုင်ပွဲများသည် နိုင်ငံတော်ကာကွယ်ရေးကိုပါ မွေးထုတ်နိုင်ခဲ့သည်အထိ အောင်မြင်မှုများရရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထို့အပြင် မြန်မာ့အားကစားရွေခေတ်လို့ဆိုရမည့်ကာလများမှာလည်း မိမိတို့ တပ်မတော်သားများပါဝင်ပြီး အောင်မြင်မှုသရဖူဆောင်းခဲ့သည့် မှတ်တမ်းများကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အာရှအဆင့် အတွက် သာမက ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိ ဘောလုံး၊ ရေကူး၊ အလေးမ၊ လက်ဝှေ့စသည့်အားကစားနည်းများတွင် နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို ဆောင်ကြဉ်းခဲ့ရုံသာမက မှတ်တမ်းများတစ်လျှောက် ယနေ့ထက်တိုင် သမိုင်းပုံရိပ်များအဖြစ် ထင်ကျန်နေဆဲဖြစ်ကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားနှင့် ပတ်သက်၍ ရှေးဘုရင်များ အုပ်စိုးစဉ်အခါကပင် မည်ဆိုပါက ကျန်းမာကြံ့ခိုင်သည့် လူမျိုးများအဖြစ် အများကလေးစား အားကျရလောက်သည်အထိ ကာယအား၊ ဉာဏ်အား ထွန်းပြောင်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဆန်ရေစပါးပေါများသည့် မိမိတို့နိုင်ငံတွင် စားသောက်နေထိုင်မှုများကို သဘာဝနှင့်အညီ နေထိုင်ကျင့်ကြံခဲ့ကြ၍ မိမိတို့၏ဘိုးဘေးဘီဘင်များ အသက်ရှည်ရှည်ကျန်းကျန်းမာမာနှင့် နေထိုင်နိုင်ခဲ့ကြကြောင်း၊ မိမိတို့၏ သန်စွမ်းကျန်းမာမှုများကို အလဟဿ မဖြစ်စေဘဲ ကျရောက်လာသည့် သမိုင်းပေးတာဝန်ဖြစ်သည့်နိုင်ငံတော် ကာကွယ်ရေး တာဝန်များတွင် ကိုယ်ကျိုးမငဲ့ ထမ်းရွက်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အားကစားနှင့် ပတ်သက်၍ ရှေးဘုရင်များ အုပ်စိုးစဉ်အခါကပင် လေ့သဘင်ပွဲ၊ မြင်းခင်းသဘင်ပွဲများ ကျင်းပခဲ့သည့်အစဉ်အလာများရှိခဲ့သည်ကို ၁၂ လရာသီပွဲတော်မှတ်တမ်းများအရ သိရှိကြရမည်ဖြစ်ကြောင်း၊ ဘာသာရေး၊ အမျိုးသားရေး၊ ရိုးရာယဉ်ကျေးမှု စသည့်အထိမ်းအမှတ်ပွဲတော်များကို ၁၂ ရာသီပတ်လုံး ကျင်းပခဲ့ကြသလို လေ့သဘင်ပွဲနှင့် မြင်းခင်းသဘင်ပွဲမှတစ်ဆင့် တိုင်းပြည်ကာကွယ်ရေးအတွက် လိုအပ်သည့် စစ်သည်ရဲမက် သူရဲကောင်းရွေးချယ်ခြင်းများကိုလည်း ပြုလုပ်နိုင်ခဲ့ကြကြောင်း၊ တစ်နည်းအားဖြင့် ဥဏ္ဍာပေါင်းစပ်ထားသည့် ကာယအားပြုအားကစားပြိုင်ပွဲများသည် နိုင်ငံတော



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ၊ အခမ်းအနားတက်ရောက်လာကြသူများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုကြည့်ရှုအားပေးစဉ်။



ရေးယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်စေဘဲ မျိုးဆက်သစ်များပေါ်ထွန်းစေရန် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများကျင်းပပေးခြင်း၊ အားကစားသမား ကောင်းများ ပေါ်ထွက်အောင် အခုကဲ့သို့ (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင်ကျောင်းသား အကြောက်တရားမထားဘဲ ဗျူဟာမြောက်ကစားကွက်များနှင့် တုံ့ပြန်ကစားခဲ့သဖြင့် အသင်းကြီးအချို့ ရလဒ်မကောင်းခဲ့ကြသည်ကိုလည်း တွေ့မြင်ခဲ့ရကြောင်း၊ ၎င်းသည် အားကစားသမားများ၏ နိုင်ချင်စိတ်၊ အောင်မြင်ချင်စိတ်ရှိခြင်းကြောင့်ဟုလည်း ဆိုနိုင်မည်ဖြစ်ကြောင်း။

ရရှိရန် ကြိုးစားသည့်နေရာတွင် အောင်ပွဲရရင်လည်း ပျော်သကဲ့သို့ အရှုံးကိုလည်း လက်ခံနိုင်သူများ ဖြစ်အောင်ကြိုးစားပြီး အားကစားသမားကောင်းစိတ်ဓာတ်ကို ပြသကြရန်၊ အားကစားကဏ္ဍမြှင့်တင်ခြင်းသည်နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ကာကွယ်စောင့်ရှောက်နေသည်ဆိုသည့် အမျိုးသားရေးခံယူချက် လူငယ်များအတွက် ရေကြောင်း၊ လေကြောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းများသည် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာအောင် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

ထို့အပြင် အသင်းအုပ်ချုပ်သူများ၊ နည်းပြအဖွဲ့ဝင်များအနေဖြင့်လည်း အားကစားသမား ရွေးချယ်ခြင်း ကိစ္စရပ်များတွင် အမှန်တကယ် ခြေစွမ်းခြေစရှိသူများကို ရွေးထုတ်ပေးကြရန်လိုပြီး အားကစားနှင့် မသက်ဆိုင်သည့် ပုဂ္ဂိုလ်ရေးများက တစ်ဆင့် ရွေးချယ်ခြင်းမပြုကြရန်နှင့် အသင်းတာဝန်ရှိသူများ၏ သစ္စာတရားကိုပြသကြရန် လိုအပ်မည်ဖြစ်ကြောင်း။

စစ်ပွဲတစ်ပွဲတွင် အင်အားနည်းခြင်း၊ များခြင်း၊ လက်နက်အင်အား သာလွန်ခြင်းများထက် တိုက်ပွဲဝင်လိုစိတ်ပြင်းပြမှုနှင့် အနိုင်မခံအရှုံးမပေးစိတ်များကသာ ခေတ်အဆက်ဆက်တွင် ထိရောက်အောင်မြင်မှုရနေဆဲဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မကြာခင်က ကျင်းပပြီးစီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးတွင် အင်အားကြီး နာမည်ကျော်အသင်းကြီးများကို အကြောက်အရွံ့ကင်းမဲ့စွာ ယှဉ်ပြိုင်ကစားခဲ့ကြသည့်မျက်နှာသစ်ပြိုင်ပွဲဝင် နိုင်ငံငယ်အသင်းများကို တွေ့ရှိခဲ့ရကြောင်း။

မိမိတို့ထက် အစစသာလွန်သည့် အသင်းကြီးဖြစ်သော်လည်း အားကစားပြိုင်ပွဲတွင် မိမိသာလျှင် "တော်သည်၊ တတ်သည်၊ ကောင်းသည်၊ မှန်သည်" ဆိုသည့် အစွဲသည် အသင်းအဖွဲ့တစ်ခုကို ထိခိုက်ပျက်စီးစေခြင်း၏ အစဖြစ်ကြောင်းကိုအားလုံး သတိပြုကြရန်လိုကြောင်း၊ အသင်းလိုက်ကစားရသည့် ပြိုင်ပွဲများတွင် တစ်ဦးတစ်ယောက်အပေါ် လွန်ကဲစွာမှီခိုခြင်း မပြုသင့်ကြောင်း အသိတရားတစ်ခုကို အားကစားပွဲများကတစ်ဆင့် ရရှိစေပြီး အသင်းသားတိုင်း ညီညွတ်စုစည်းကြမှသာ အောင်မြင်မှုရရှိမည်ဆိုသည်ကိုလည်း သင်ခန်းစာရရှိစေမည်ဖြစ်ကြောင်း၊ အဆိုပါသင်ခန်းစာများကို အားလုံးနားလည်သိရှိပြီး လိုက်နာကျင့်သုံးမည်ဆိုပါက အားကစားတွင်သာမက ဘဝလမ်းကြောင်းများတွင် အောင်မြင်မှုများ ရရှိကြမည်ဖြစ်ကြောင်းကို တိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာ့အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အသီးသီးတွင် ယနေ့ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် အားကစားသမားများသည် သမိုင်းကြောင်းလှပခဲ့သည့် တပ်မတော် အားကစားပုံရိပ် ပြန်လည်မြင့်မားစေရေး အစွမ်းကုန်ယှဉ်ပြိုင်ကစားကြရန်လိုအပ်ကြောင်း။

မိမိအသင်းအတွက် အောင်မြင်မှုအသိတရားမွေးမြူပြီး မလျှော့သောဇွဲလုံလများနှင့် ကြိုးစားယှဉ်ပြိုင်ကြရန်၊ စည်းကမ်းကောင်းမွန်ပြီး စည်းလုံးညီညွတ်မှုရှိပါက မည်သို့သော ပြိုင်ဘက်မျိုးကိုမဆို ရင်ဆိုင်အားကစားသမားကောင်းများဖြစ်အောင်ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စစ်ရေးပြမှုကြိုး



အခမ်းအနားတက်ရောက်လာကြသူများက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုကြည့်ရှုအားပေးကြစဉ်။

ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲစဉ်တွင် တစ်ဖက်နှင့် တစ်ဖက် ရလဒ်ကောင်းရရှိနိုင်ရေး အပြန်အလှန် ဖိအားပေးကစားခဲ့ကြသော်လည်း ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အချိတ်အဆက်မိမိ၊ ကစားကွက်မိမိဖြင့် ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူကာ ကစားနိုင်ခဲ့သောကြောင့် ပွဲကစားချိန်မိနစ်အားလုံးပြီးဆုံးချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၊ ဖူဆယ်ပြိုင်ပွဲ၊ မြန်မာ့သိုင်း(ကျား/မ)ပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲ၊ ဘော်လီဘော(ကျား/မ)ပြိုင်ပွဲ၊ ပြေးခုန်ပစ်(ကျား/မ)ပြိုင်ပွဲ၊ ဂျူဒို(ကျား/မ)ပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲ၊ တိုက်ကွမ်ဒိုပြိုင်ပွဲ၊ ကရာတေးပြိုင်ပွဲနှင့် ရိုးရာခြင်းလုံးပြိုင်ပွဲစသည့် အားကစားနည်းအမျိုးအစား ၁၂ မျိုးကို အောက်တိုဘာလ ၁၆ ရက်နေ့ အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(၁၀၀)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃-၁၀-၂၀၂၆

မိုးညှင်း	၃	ဒသမ	၅၄	လက်မ	ဖောင်းပြင်	သုည	ဒသမ	၆၇	လက်မ	ကလေးဝ	သုည	ဒသမ	၅၅	လက်မ
မြစ်ကြီးနား	၁	ဒသမ	၀၂	လက်မ	ကန်ကြီးထောင့်	သုည	ဒသမ	၆၄	လက်မ	ရွှေကူ	သုည	ဒသမ	၅၅	လက်မ
သပိတ်ကျင်း	သုည	ဒသမ	၉၉	လက်မ	ကော့သောင်း	သုည	ဒသမ	၆၃	လက်မ	ကသာ	သုည	ဒသမ	၅၁	လက်မ
ပူတာအို	သုည	ဒသမ	၈၃	လက်မ	မော်လိုက်	သုည	ဒသမ	၅၅	လက်မ	မိုးကောင်း	သုည	ဒသမ	၅၁	လက်မ

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ် (၁၈) သင်တန်းဆင်း



နေပြည်တော် အောက်တိုဘာ ၂

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိနဂရတ်ခန်းမ၌ကျင်းပသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၃ ဦး၊ သင်တန်းသူငါးဦး၊ စုစုပေါင်း ၂၈ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်ခဲ့သည်။

သင်တန်းဆင်းပွဲတွင်ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အဆင့်မြင့်အရာရှိကြီးများအနေဖြင့် ဝန်ကြီးဌာနအလိုက် တာဝန်ယူကြရသည့် လုပ်ငန်းကဏ္ဍအလိုက်၊ အဆင့်အလိုက် လုပ်ငန်းများကို စဉ်ဆက်မပြတ်မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ပြီး နိုင်ငံ့အကျိုးရှေးရှု၍ ပြည်သူလူထုကို အလုပ်အကျွေးပြုနေသည့် စည်းကမ်းရှိသော၊ စနစ်တကျရှိသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဖြစ်လာစေရန် လေ့ကျင့်ပေးခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်၏ မူဝါဒများနှင့်အညီ အတွေ့အကြုံကောင်းများကိုအသုံးချ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင်မိမိတို့ပါဝင်အကောင်အထည်ဖော်ရသည့် ကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ စိတ်ကောင်း၊ စေတနာကောင်းများဖြင့် ဦးဆောင်ပါဝင်ဆောင်ရွက်ကြရန် လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း၊ ပိုမိုကောင်းမွန်အောင်တီထွင်ကြံဆခြင်းများကို Check List ပြုလုပ်၍ စဉ်ဆက်မပြတ်စိစစ်သုံးသပ်ကာ အောင်မြင်စေရေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တာဝန်ကို ကျေပွန်ရုံသာမက စိတ်စေတနာကောင်းပေါင်းစပ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် တိုက်တွန်းမှာကြားပြီး သင်တန်းသားများအား သင်တန်းဆင်းအောင် လက်မှတ်များ ပေးအပ်သည်။

သင်တန်းဆင်းပွဲအပြီးတွင်ပင်မရုံးအစည်းအဝေးခန်းမ၌ တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် တက္ကသိုလ်တွင် ဆောင်ရွက်လျက်ရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ၊ သင်တန်းအလိုက် အရည်အချင်းသတ်မှတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သင်တန်းအလိုက်ရည်ရွယ်ချက်များပြင်ဆင်နိုင်ရေး ဆောင်ရွက်ထားရှိမှုများတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တက္ကသိုလ်ရှိ ရတနာခန်းမ၌ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၁၁၇)မှသင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီးတက္ကသိုလ်တွင် စိုက်ပျိုးထားရှိသည့် သီးပင်စားပင်များ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် သင်တန်းရိက္ခာအတွက် ဥစားကြက်နှင့် အသားတိုးကြက်များမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦးအား ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးအား ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူတစ်ဦးအား ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးအား ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၂

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ဝန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိတပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ ဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ တပ်မတော်ဆေးရုံနှင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်ဒေသခံတိုင်းရင်းသားပြည်သူများအားတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

ပုဂံရွှေဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ ရှုခင်းများကြည့်ရှုနိုင်ရေး Balloon များပျံသန်းရန်စီစဉ်

ညောင်ဦး အောက်တိုဘာ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ပုဂံရွှေဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ ဝေဟင်မှ ရှုခင်းများကြည့်ရှုနိုင်ရေးအတွက် Balloon များကို ယခုနှစ် အောက်တိုဘာလအတွင်း စတင်ပျံသန်းရန် စီစဉ်နေကြောင်း Balloons Over Bagan နှင့် STT Ballooning တို့မှ တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

အဆိုပါ Balloon များ စတင်ပျံသန်းခြင်းကို Balloons Over Bagan မှ အောက်တိုဘာလ ၁၅ ရက်တွင် စတင်ပျံသန်းမည်ဖြစ်ပြီး STT Ballooning မှ နိုဝင်ဘာလ ပထမပတ်တွင် စတင်ပျံသန်းကာ ပြည်တွင်းပြည်ပခရီးသွားများကို ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

Balloon များ စတင်မပျံသန်းမီ ပိုင်းလေ့များ၊ Balloon ဝန်ထမ်းများက လေကြောင်းတိုင်းတာခြင်းနှင့် ရာသီဥတုတိုင်းတာခြင်းများကို ကြိုတင်တိုင်းတာလေ့ရှိကာ လေကြောင်း တိုင်းတာခြင်းများ အပေါ်မူတည်ကာ Balloon များကို ကျွမ်းကျင်ပိုင်းလေ့များက ပျံသန်းကွင်းများမှ စတင်ပျံသန်းကြောင်း၊ ပုဂံရွှေဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ Balloon စီး၍



ရှုဒေါင်းအဆောက်အအုံများ၊ ဧရာဝတီမြစ်အလှ၊ နတ်သမီးကမ်းပါးအလှ၊ ကုန်းတော်ကြီးဘုရားအလှနှင့် တုရင်တောင်တန်းရှုခင်းများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဒီပါလင်း**

ငဖဲမြို့နယ်၌ အခမ်းအနားမှူးဆိုင်ရာသင်တန်းဖွင့်လှစ်

ငဖဲ အောက်တိုဘာ ၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ အခမ်းအနားမှူးဆိုင်ရာ သင်တန်းဖွင့်ပွဲကို အောက်တိုဘာလ ၁ ရက်က ကျင်းပသည်။

ယင်းသင်တန်းဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ယုယုသိန်းက အခမ်းအနားမှူးတစ်ဦးအနေဖြင့် သိသင့်သိထိုက်သည့် အချက်အလက်များ၊ ပြောဆိုနေထိုင်မှု၊ အသံနေအသံထား၊ ဝတ်စားဆင်ယင်မှု၊ ဆောင်ရွက်ရမည့်လုပ်ငန်းများကို သိရှိစေရန်၊ အမှားအယွင်းနည်းစွာ ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၃ ဦး တက်ရောက်ပြီး ခန်းမအတွင်းဆောင်ရွက်ရသည့် အခမ်းအနား၊ ခန်းမပြင်ပဆောင်ရွက်ရသည့်အခမ်းအနားများနှင့် အခမ်းအနားမှူး ဆောင်ရွက်ခြင်းဆိုင်ရာ အကြောင်းအရာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

မယု(ငဖဲ)

လုပ်ငန်းရှင်များအား အခွန်ပညာပေး ရှင်းလင်းဆွေးနွေး

တောင်တွင်းကြီး အောက်တိုဘာ ၂

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် အခွန်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြေစာအမှတ်တံဆိပ်ဖြင့် ကပ်နှိပ်ရောင်းချသည့် စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းရှင်များ၊ ရွှေနှင့်လက်ဝတ်ရတနာရောင်းချသည့် လုပ်ငန်းရှင်များ၊ လက်ကိုင်ဖုန်း (Handset) နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့် လုပ်ငန်းရှင်များအား အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာလ ၁ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဦးသိန်းထိုက်ဦးက အခွန်ကောက်ခံရခြင်း၏ရည်ရွယ်ချက်၊ အခွန်အမျိုးအစားများ၊ နိုင်ငံတော်၏အခွန်အကောက်ဖွဲ့စည်းထားရှိမှု၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးကြောင်း သိရသည်။

နောင်နောင်(ဗိသနိုးမြေ)

စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ



ရန်ကုန် အောက်တိုဘာ ၂

ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို အောက်တိုဘာလ ၂ ရက်တွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အနာဂတ်လူရည်ချွန်သိချင်းဖြင့် သီဆိုဖွင့်လှစ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းမင်းလတ်က စာဖတ်ရှုနိုင်မြှင့်တင်ရေးအဖွင့်အမှာစကား ပြောကြားပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဆွေနှင်းက စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနား ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာရေးဆရာကပွတိန်မျိုးကျော်ဦးက စာဖတ်ခြင်းအကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေသန်းက ကျေးဇူးတင်စကား ပြောကြားပြီး စာပေဟောပြောပေးသော စာရေးဆရာကြီးအား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ယင်းနောက် စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်စကားဝိုင်း၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး အသိပညာပေးနံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြသည်။

အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများကဂုဏ်ပြုဆုများနှင့် ဆုလက်ဆောင်ပစ္စည်းများ အသီးသီးချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

ဂျပန်စာအခြေခံ +N5 အခမဲ့ပညာဒါနသင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂


မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်း(AMJSEDC)၏ ပံ့ပိုးကူညီမှုဖြင့် ဂျပန်စာအခြေခံ +N5 အခမဲ့ပညာဒါနသင်တန်းအမှတ်စဉ်(၄)ကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ AKAFUJI Vocational Training Center ၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၁၈ ဦးကို လက်ခံ၍ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂ ရက်မှ စတင်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး တနင်္လာနေ့မှသောကြာနေ့အထိ အစိုးရရုံးပိတ်ရက်များမပါ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ရက်သတ္တ ၂၄ ပတ်ကြာ သင်ကြားပေးမည်ဖြစ်သည်။

ယင်းပြင် ကျောင်းအစီအစဉ်ဖြင့် သင်တန်းသားများအား ၂၀၂၇ ခုနှစ် ဇူလိုင်လတွင်ကျင်းပမည့် ဂျပန်အရည်အချင်းစစ်စာမေးပွဲတစ်ခုဖြစ်သည့် JLPT စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအတွက် သင်တန်းသားအရည်အချင်းများမှာ အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိရမည်ဖြစ်ပြီး အနည်းဆုံး အခြေခံပညာအလယ်တန်းအဆင့်ရှိသူဖြစ်ရမည်ဖြစ်သည်။ ဂျပန်စာကို အမှန်တကယ်သင်ယူလိုသူဖြစ်ပြီး သင်တန်းကာလပြီးမြောက်အောင် တက်ရောက်နိုင်သူကို ဦးစားပေးရွေးချယ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း-၀၉-၇၈၇၈၆၅၅၁၀ နှင့် ၀၉-၂၅၀၄၁၄၅၃၇ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

သင်တန်းတွင်တက်ရောက်အောင်မြင်၍ ကျောင်းခေါ်ချိန် ၉၀ ရာခိုင်နှုန်းအထက်ရှိပြီး အတန်းတွင်းစာမေးပွဲအောင်ချက် ၇၅ ရာခိုင်နှုန်းအထက်ရှိသော စာသင်သားများကို AKAFUJI Vocational Training Center ၌ N4 ဆက်လက်လေ့လာသင်ကြားနိုင်ရန် ပညာတော်သင်ဆုပေးအပ်မည်ဖြစ်ကြောင်းနှင့် ကျောင်းခေါ်ချိန် ၈၀ ရာခိုင်နှုန်းရှိသူများကို သင်တန်းဆင်းလက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ဝန်းရံခ**



တောင်ငူမြို့အတွင်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်း

တောင်ငူ အောက်တိုဘာ ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အတွင်း ကေတုမတီရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့် အတူ ကေတုမတီမြို့ဟောင်းမြောက်ဘက် ကျုံးပြင်ဆင်နေမှုနှင့် ကျုံးကူးတံတား တည်ဆောက်မည့် နေရာတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တူးဖော်ထားပြီးဖြစ်သည့် မြို့ရိုးပေါ်တွင် သစ်ပင်ချုံနွယ်များရှင်းလင်းရန်၊ ကျုံးအတွင်း ရေဝင်၊ ရေထွက်ပေါက်များထည့်သွင်းရန်၊ လမ်းဘေးဝဲယာ၌ သစ်ပင်များစိုက်ပျိုးရန်နှင့် နံကျုံးများပြန်လည်ဖော်ထုတ်ရန် တာဝန်ရှိသူများအား မှာကြားသည်။



ဆက်လက်၍ ရှေးဟောင်းဘုတ်တလုပ်ရေကန် ဖော်ထုတ်ထားရှိမှုနှင့် စင်တံခါးပေါက်အနီးကေတုမတီ ရှေးဟောင်းကျုံးတိမ်ကောနေမှုကို စက်ယန္တရားများဖြင့် ပြန်လည်ဖော်ထုတ်နေမှု၊ ကေတုမတီရှေးဟောင်းကျုံးနှင့် စစ်တောင်းမြစ်တို့ချိတ်ဆက်ထားသည့် ယိုးဒယားပေါက်ပြန်လည်အဆင့်မြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် တောင်ငူမြို့လေ့ကျင့်ရေးဘောလုံးကွင်း ပွဲကြည့်စင်ပါအားကစားကွင်းနှင့် ခပေါင်းခန်းမအဆင့်မြှင့်တင်နေမှုကိုကြည့်ရှုပြီး တောင်ငူပညာရေးဒီဂရီကောလိပ်၌ ကာယပညာနှင့် အားကစားဒီပလိုမာသင်တန်းအမှတ်စဉ်(၁) သင်တန်းသား၊ သင်တန်းသူများကို တွေ့ဆုံအားပေးစကားပြောကြားကာ အားကစားပစ္စည်းများ ပံ့ပိုးပေးကြောင်း သိရသည်။ **ဥဿာတိုင်းသား**

ဂျာမနီအသင်းနည်းပြ ယာဂင်ကလော့၏ ပထမဆုံးနိုင်ပွဲအဖြစ် ဆားဘီးယားအသင်းကိုအနိုင်ရ

ရန်ကုန် အောက်တိုဘာ ၂

UEFA Nations League A Group (2) ပွဲစဉ်(၃)အဖြစ် ဂျာမနီအသင်းနှင့် ဆားဘီးယားအသင်းတို့ ယနေ့နံနက် ၁ နာရီ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားကြရာ ဂျာမနီအသင်းက ဆားဘီးယားအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဂျာမနီအသင်းနည်းပြသစ် ယာဂင်ကလော့၏ ပထမဆုံးနိုင်ပွဲလည်းဖြစ်သည်။

ဂျာမနီအသင်းနည်းပြသစ်ယာဂင်ကလော့သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန်မှစ၍ ဂျာမနီအသင်းကို ကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။ UEFA Nations League A Group(2) ပွဲစဉ်(၁)နှင့်(၂)တွင် နိုင်ပွဲမရရှိသေးသည့် ဂျာမနီအသင်းသည် တိုက်စစ်ကိုမြှင့်တင်ကစားခဲ့ပြီး ပွဲကစားချိန် ၃၉ မိနစ်တွင် တွမ်ဘစ်ရှော့ကဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။

ဆက်လက်၍ ဂျာမနီအသင်းအတွက် ဒုတိယမြောက်အနိုင်ဂိုးကို ဖလော်ရီယန်ဗာ့တ်က ဒုတိယပိုင်းပွဲကစားချိန် ၆၁ မိနစ်တွင် ထပ်မံသွင်းယူပေးခဲ့သည်။ ဆားဘီးယားအသင်းသည် ဂျာမနီအသင်း၏ ကွင်းလယ်စိုးမိုးမှုကို မယှဉ်နိုင်ဘဲ ပွဲကစားချိန် ၇၈ မိနစ်ရောက်ရှိချိန်တွင် ဂိုးသွင်းခွင့်တစ်ကြိမ်ရရှိခဲ့သော်လည်း ဂျာမနီအသင်းဂိုးသမား၏ ကာကွယ်နိုင်မှုကြောင့် ဂိုးသွင်းခွင့်မရရှိခဲ့ပေ။ ပွဲပြီးဆုံးချိန်တွင် ဂျာမနီအသင်းက ဆားဘီးယားအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျာမနီအသင်းသည် UEFA Nations League A Group(2) ပွဲစဉ်(၄)အဖြစ် အောက်တိုဘာလ ၅ ရက်တွင် ဂရိအသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ZMO



❍ ကျောဖုံးမှအဆက်

ISPE အသင်းတို့ပွဲတွင်ပြိုင်ပွဲစသည်နှင့် သူတစ်ပြန်ကိုယ်တစ်ပြန်တိုက်စစ်ဆင်ကစားခဲ့ကြပြီး ပွဲကစားချိန် ၁၈ မိနစ်တွင် ကွင်းလယ်မှပေးပို့သည့်ဘောလုံးကို ပြည့်ဖြိုးအောင်က အကောင်းဆုံးပိတ်သွင်းပြီး ရတနာပုံအသင်းအတွက် ဦးဆောင်ဂိုးကိုသွင်းယူသွားသည်။ ပွဲကစားချိန် ၄၄ မိနစ်တွင် အချိတ်အဆက်မိသည့် တန်ပြန်တိုက်စစ်ကနေ ပြည့်ဖြိုးအောင်က ရတနာပုံအသင်းအတွက် ဒုတိယမြောက်ဂိုးကိုထပ်မံသွင်းယူခဲ့သည်။ ISPE အသင်း ချေပဂိုးရရှိဖို့ အကောင်းဆုံးတုံ့ပြန်ကစားခဲ့ရာ ပွဲကစားချိန် ၄၅+၁ မိနစ်တွင် ကွင်းလယ်သာသာမှပြစ်ဒဏ်ဘောကို ကောင်းခန့်ကျော်က တိုက်ရိုက်ကန်သွင်းပြီး ISPE အသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့၍ ပထမပိုင်းတွင် ၂ ဂိုး ၁ ဂိုးဖြင့် ရတနာပုံအသင်းက အနိုင်ရရှိထားသည်။

ဒုတိယပိုင်း ပွဲကစားချိန် ၆၁ မိနစ်၇၀ တွင်ပြည့်ဖြိုးအောင်ဂိုးဧရိယာအစပ်မှ တိုက်ရိုက်ကန်သွင်းပြီး ရတနာပုံအသင်းအတွက် တတိယဂိုးကို သွင်းယူခဲ့သည်။ လက်ကျန်အချိန်များတွင် အကြိတ်အနယ်ယှဉ်ပြိုင်ရင်း ပွဲကစားချိန် ၉၀+၁ မိနစ်တွင် မင်းကိုခန့်က ခေါင်းတိုက်သွင်းကာ ISPE အသင်းအတွက် ဒုတိယချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲအပြီးတွင် ရတနာပုံအသင်းက ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ထို့အတူ YUSC ကွင်း၌ယှဉ်ပြိုင်ကစားသည့် အဆင့် ၆ နေရာမှ သစ္စာအားမာန်အသင်းနှင့် အဆင့် ၃ နေရာမှ ဒဂုံစတားယူနိုက်တက် အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

ဝန်းရံခ

နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် အောက်တိုဘာ ၂

ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချန်းရွာပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

✦ မုံရွာမြို့မှ

သတင်းအရ မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်နေ ဇော်နိုင် (၄၉)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်း နေသူများဖြစ်သည့် ကျော်မင်းလွင် (ခ)ဟိန်းထက်ဝင်း(၂၄)နှစ်၊ ဝမ်းဝမ်း(၁၉)နှစ်၊ ဇော်ဟိန်းထက်(၃၁)နှစ်တို့ ၄ ဦးကို နေအိမ်ခြံဝင်းအတွင်းရှိ FORLAND အမျိုးအစားယာဉ်ပေါ်မှ ဘိန်းဖြူ ၆၆ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၃၁ သန်းခွဲ ဘီလီယံ) နှင့်အတူ ဖမ်းဆီးရမိသဖြင့် ဇော်နိုင်၊ ကျော်မင်းလွင်(ခ)ဟိန်းထက်ဝင်း၊ ဝမ်းဝမ်းနှင့် ဇော်ဟိန်းထက်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ စက်တင်ဘာလ ၂၉ရက် ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် သာစည်မြို့၊ အမှတ်(၄)မြို့မရပ်ကွက်နေ မဝင်းမာဌေး(၃၈)နှစ်မောင်းနှင်ပြီး လွှဲပြောင်းရမိသည့် ခရီးသည်တင်ကားတွင် သိုဝှက်သယ်ဆောင်လာသည့် စိတ်ကြွဆေးပြား ၂၄၀၀၀ ပြား (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၈၀) ဖမ်းဆီးရမိသဖြင့် မဝင်းမာဌေးနှင့် မစန်းစန်းမြင့်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မြဝတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁၀-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၄၀	၄၆၉၅	၄၆၅၀	၄၅၅၅	၄၇၀၀	၄၇၁၅	၄၇၅၀	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၅၀	၄၈၀၀	၄၇၄၀	၄၆၉၅	၄၇၀၅	၄၉၃၅
95 Ron	၄၇၃၀	၄၈၈၅	၄၈၃၅	၄၇၄၅	၄၈၉၀	၄၉၀၅	၄၉၃၅	၄၈၁၅	၅၁၈၅	၅၂၁၅	၄၈၃၅	၄၉၈၅	၄၉၂၅	၄၈၈၅	၄၈၉၅	၅၁၂၅
HSD (500 ppm)	၄၈၁၅	၄၉၆၅	၄၉၁၅	၄၈၃၀	၄၉၇၀	၄၉၈၀	၅၀၁၅	၄၉၀၀	-	၅၂၈၀	၄၉၁၅	၅၄၆၀	၅၀၀၅	၄၉၆၅	၄၉၇၅	၅၁၉၅
HSD (50 ppm)	၅၇၉၅	၅၉၅၀	၅၉၀၅	၅၈၁၅	၅၉၅၅	၅၉၇၀	၆၀၀၅	၅၈၈၅	၆၂၅၀	၆၂၈၀	၅၉၀၅	၆၀၅၀	၅၉၉၅	၅၉၅၀	၅၉၆၅	၆၁၉၀
HSD (10 ppm)	၅၇၉၅	၅၉၅၀	၅၉၀၅	၅၈၁၅	၅၉၅၅	၅၉၇၀	၆၀၀၅	၅၈၈၅		၆၂၈၀	၅၉၀၅	၆၀၅၀	၅၉၉၅	၅၉၅၀	၅၉၆၅	၆၁၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၉၁၈	၄၄၃၈
95 Ron	၄၄၉၉	၄၆၂၃
HSD (500 ppm)	၄၅၉၈	၄၇၂၀
HSD (50 ppm)	၅၁၃၃	၅၆၇၄
HSD (10 ppm)	၅၁၃၃	၅၆၇၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

MYAWADY IN ENGLISH DAILY EDITION

Commander-in-Chief of Defence Services General Ye Win Oo addresses opening ceremony of the 2026 Tatmadaw (Army, Navy and Air) Sports Meet



General Ye Win Oo delivers an address at the opening ceremony of the 2026 Tatmadaw (Army, Navy and Air) Sports Meet.

NAY PYI TAW October 2

The opening ceremony of the 2026 Tatmadaw (Army, Navy and Air) Sports Meet took place at Zeyathiri Tatmadaw Sports Stadium in Nay Pyi Taw this evening, with a keynote address delivered by Commander-in-Chief of Defence Services General Ye Win Oo.

Also present at the ceremony together with the Commander-in-Chief of Defence Services were his wife Daw Nilar, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and wife Daw Nan Kuu Ku, union ministers and wives, the Commander-in-Chief (Navy) and wife, senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander, officers, other ranks and families from the departments and offices of the Office of the Commander-in-Chief (Army, Navy and Air), senior officer trainees of the National Defence College,officers, other ranks and families from battalions and units under the Nay Pyi Taw Command, trainees of Tatmadaw Football Academy, invited guests and athletes.

First, the Tatmadaw (Army, Navy and Air) military band took positions in the stadium, followed by Flag Bearers and 17 sports teams led by the parade commander doing the same. When the sports meet was declared open, Chairman of Armed Forces Sports and Physical Education Administrative Committee Adjutant-General Lt-Gen Zaw Hein and Commander of Nay Pyi Taw Command Maj-Gen Kyi Thaik released ballons with opening ceremony banners attached.



The opening ceremony of the 2026 Tatmadaw (Army, Navy and Air) Sports Meet in progress.

The Commander-in-Chief of Defence Services took the salute of the Flag Bearers and 17 sports teams led by the parade commander.

In his keynote address, Commander-in-Chief of Defence Services General Ye Win Oo said the goal of the Tatmadaw Sports Meets is to pave the way for military athletes to join national teams and bring honor to the country, and for the continuous emergence of new generation athletes.

The Tatmadaw opened the Tatmadaw Martial Arts and Sports Institute in 1997-1998 to provide support to development of Myanmar sports. The institute is still providing training for athletes to this date, and it has gained success to the level of bringing about national athletes, who brought honour to the country, in addition to sportsmen and sportswomen of the Tatmadaw (Army, Navy and Air).

Records show that military personnel were also included in the athletes who won medals in international games during the Golden Age.They brought honor to the State and the Tatmadaw in sporting events such as football, swimming, weightlifting and boxing not only in Asian level, but also at the World Olympics. Their achievements still remain as historic icons throughout the records to this very day.

The current sport meets included 12 sporting events. Looking back at the nation's history, it is evident that its people were physically and mentally outstanding, earning widespread respect and admiration as a strong and healthy nation.In a country where food is abundant, our ancestors enjoyed health and longevity because they lived and maintained a lifestyle in harmony with nature.Our ancestors never wasted their fitness and strength; they served their bounden national defence duties selflessly.

Regarding sports, records on seasonal festivals show that ancient monarchs had the tradition of organizing regatta festivals and equestrian festivals.In addition to the events in commemoration of various issues including religion, race and culture, regatta festivals and equestrian festivals were also held to recruit brave warriors for national defence.Sports based on physical strength are combined with mental ability to be supportive of the national defence.

Hence, the Tatmadaw is holding sporting events on the set dates in accord with ancient traditions for the emergence of outstanding athletes. To become a Tatmadaw athlete from

SEE PAGE - 22



Footballers of the team representing the Camp Commandant's Office of the Office of the Commander-in-Chief (Army) and the team representing the Yangon Command in action.



Military officers attend the opening ceremony of the 2026 Tatmadaw (Army, Navy and Air) Sports Meet.

FROM PAGE - 21

platoon level to battalion level, division level, and command level opens a way for him to become a national athlete.

The Tatmadaw organizes performing arts competitions to preserve the nation's cultural heritage and emerge new generations. It also holds Tatmadaw (Army, Navy and Air) sports competitions such as this one to produce outstanding athletes, and provides naval and aviation training courses for students and young people during the summer school holidays as part of efforts to develop quality human resources for the country.

In addition, team managers and coaching staff should select athletes based on their actual skills and talent, rather than through personal connections or other considerations unrelated to sports. They should also demonstrate integrity and loyalty in carrying out their responsibilities for their respective teams.

It should be recognized that, in warfare, throughout the ages, determination to fight and an unwavering spirit of keeness to achieve vicory have continued to prove more effective and successful than numerical strength, superiority in manpower, or greater military might. In the recently concluded World Cup, there were also newly emerging teams from smaller countries that competed fearlessly against powerful and renowned teams.

Although they were facing stronger and more established teams that were superior in many respects, they played without fear and responded with strategic tactics, resulting in some of the major teams failing to achieve favourable results. This can also be attributed to the athletes' strong desire to win and determination to succeed.

Everyone should bear in mind that the mindset of believing that "I alone am capable, skilled, good and right" in sports competitions is the beginning of harming and undermining a team or organization. Team sports should also teach all that everyone should not rely excessively on any one individual, and that success can only be achieved when all team members are united and work together. He said he would like to therefore urge everyone to understand, learn from, and put these lessons into practice. If they do so, they will be able to achieve success not only in sports but also throughout their lives.

The athletes who have the opportunity to compete today in the respective Tatmadaw (Army, Navy and Air) sports competitions, which are contributing in various ways to the development of Myanmar's sports sector, need to compete with utmost determination to restore and enhance the proud image of Tatmadaw sports, which has a long and distinguished history.

While striving to achieve success for their respective teams, athletes should be happy when they win but also learn to accept defeat, thereby demonstrating good sportsmanship. They should cultivate the national awareness that promoting the sports sector is also, in its own way, a contribution to safeguarding the nation, and compete with unwavering perseverance and determination. They should also carry throughout their lives the conviction that, with good discipline and unity, they can confidently face and compete against any kind of opponent, and put this principle into practice. He urged them to continue striving, through the various Tatmadaw (Army, Navy and Air) Sports Meet being organized with good intentions, to showcase their individual talents and abilities and become outstanding athletes who can serve as a source of strength and pride for the country and the Tatmadaw.

The contending teams together with the flag bearer led by the parade commander saluted the Commander-in-Chief of Defence Services and left there in a marching column form.

The Commander-in-Chief of Defence Services and attendees watched competition of the team representing the Camp Commandant's Office of the Office of the Commander-in-Chief (Army) and the team representing the Yangon Command in the second-round group match of the Defence Services Commander-in-Chief's Trophy Football Tournament.

In the match, both sides applied pressure in an effort to secure a favourable result. However, the team representing the Yangon Command was able to dominate possession through well-coordinated play and an effective game plan. At the final whistle, the Yangon Command team defeated the Camp Commandant's Office team, by 2 goals to 1.

A total of 12 sports events will be contested in the Tatmadaw (Army, Navy and Air) Sports Meet through 16 October. The events include football, Sepak Takraw, futsal, Myanmar traditional martial arts (men's and women's), boxing, volleyball (men's and women's), athletics (men's and women's), judo (men's and women's), golf, Taekwondo, karate, and traditional cane-ball.

100

Katha District manages cultivation of maize and sweet corns

KATHA October 2

Statistics of Katha District Agriculture Department stated that local farmers planted 2,674 acres of maize in Katha District of Sagaing Region this year.

During the 2026-2027 monsoon crop season, Katha District has earmarked a total of 5,691 acres for maize and sweet corn cultivation across its townships. Planting began in May this year, and as of today, 587 acres of maize and 497 acres of sweet corn have been planted in Katha Township; 920 acres of sweet corn in Indaw Township; 210 acres of sweet corn in Htigyaing Township; and 460 acres of sweet corn in Bamauk Township, totaling 2,674 acres, it is learnt.

During the 2026-2027 monsoon crop season, the township-wise targets for maize and sweet corn cultivation in Katha District are 2,947 acres of maize and 1,725 acres of sweet corn in Katha Township; 65 acres of maize and 500 acres of sweet corn in Indaw Township; 129 acres of maize and 125 acres of sweet corn in Htigyaing Township; and 200 acres of sweet corn in Bamauk Township, totaling 5,691 acres.

This year, the township-level Agriculture Departments in Katha District are providing training and conducting field demonstrations for farmers cultivating maize and sweet corn. They are also raising awareness of preventive measures against fall armyworm and promoting the use of neem-based pesticides as well as ginger- and chilli-based pest control methods as part of integrated pest management practices, along with other agricultural techniques.

In Katha District, maize cultivation produces more than 50 baskets per acre, with cultivation costs amounting to about Ks-500,000 per acre.

SK

China welcomes Russia's intention to attend APEC summit - Foreign Ministry

BEIJING October 2


China welcomes Russian President Vladimir Putin's plans to join the informal Asia-Pacific Economic Cooperation (APEC) summit in the Chinese city of Shenzhen in November, the Chinese Foreign Ministry told Sputnik.

"China welcomes President Putin's participation in the informal meeting of APEC leaders, which will be held in Shenzhen this November," the ministry said.

China is ready to ensure fruitful outcomes of the APEC China Year together with Russia, the ministry said. It did not comment on a possible trilateral meeting between the Russian, Chinese and US leaders in China. Putin said on Thursday that he welcomed, in general, the idea of holding a trilateral meeting with Chinese President Xi Jinping and US President Donald Trump on the sidelines of the APEC summit.

The APEC summit will be held in China's Shenzhen from November 18-19. Putin said previously that he wanted to attend the summit but that the trip would depend on the situation in Russia. **Sputnik**

Meta faces US$-40 bn data privacy penalty



MEXICO October 2

Meta Platforms is facing between US$-35 billion and US$-40 billion in civil penalties from the US state of New Mexico, Reuters has reported. At the upper end, the fine would rank as the largest financial penalty ever imposed on a US corporation.

The case stems from the 2018 Cambridge Analytica scandal, which erupted after a whistleblower revealed that the British political consulting firm had obtained data from tens of millions of Facebook users without their consent through a third-party app.

The data was used to profile voters and target them with political messaging, including during Donald Trump's successful 2016 presidential campaign. Cambridge Analytica filed for bankruptcy months later, while Facebook faced billions of dollars in fines and compensation claims over its handling of user data.

It comes a week after a jury found the Facebookparent company liable for misleading statements about the privacy of users' data.

The jury in Santa Fe found that Meta had willfully deceived consumers, resulting in more than 43 million breaches of the state's consumer protection law. The violations were deemed to have affected the state's entire population of some two million people.

Attorneys for Meta and New Mexico clashed over the appropriate penalty, with the company arguing that the up to US$-40 billion sought by the state did not match the conduct at issue in the trial, Reuters reported Wednesday. The news agency said that Judge Francis Mathew is expected to rule later this month on how much Meta must pay.

The ruling marks Meta's latest major legal defeat in New Mexico. In March, another Santa Fe jury found the company liable for 75,000 violations related to child safety and ordered US$-375 million in penalties. A local judge later deemed Meta's platforms a "public nuisance" and ordered it to pay additional US$-567 million. The corporation has said it will appeal.

Meta's legal exposure stretches beyond the state of New Mexico. In August, it agreed to pay roughly US$-17 billion to settle claims brought by dozens of US states and territories that it deliberately designed Facebook and Instagram to addict children and misled the public about the associated risks. The deal also included claims stemming from the Cambridge Analytica scandal, but New Mexico did not join the settlement, allowing its case to proceed to trial. **RT**

Poland's mikro GLOB spy satellites launched into orbit - Defence Ministry

MOSCOW October 2

The Polish military had its MikroGLOB reconnaissance microsatellites successfully launched into orbit, Defence Minister Wladyslaw Kosiniak-Kamysz said on Friday.

"The MikroGLOB microsatellites No. 2, 3 and 4 have been launched into orbit. Communication established. This is another step toward strengthening Poland's security," Kosiniak-Kamysz wrote on X.

He clarified that these are reconnaissance satellites.

"The satellite constellation acquired by the Armed Forces of the Republic of Poland will enhance our capabilities to obtain reconnaissance and imaging data," the minister said.

Poland is implementing the MikroGLOB program to create



an Earth-observation satellite constellation. MikroGLOB-1 was placed into orbit on July 7 by SpaceX's Falcon 9 rocket as part of the Transporter-17 mission. **Sputnik**

Three dead, 4 children unaccounted for after fire breaks out in central Japan

TOKYO October 2

Bodies of three people were found after a house caught fire in Tsu, Mie Prefecture, central Japan, on Friday afternoon, local media reported.

A 38-year-old man and a 43-year-old woman, believed to be residents of the house, were taken to the hospital after suffering burns to their hands and other injuries. Both were conscious, public broadcaster NHK reported, citing police.

Four children remain unaccounted for, and police and firefighters are working to confirm their whereabouts.

The fire was reported at around 2 p.m. local time, and 11 fire engines and other vehicles were dispatched to the scene to battle the blaze.

Xinhua

Record rain hits U.S. State Nebraska amid Midwest flooding

LOS ANGELES October 2

Record rainfall flooded roads and stranded motorists in Nebraska overnight into Thursday, while flash and river flooding continued in parts of Kansas and Missouri, the U.S. National Weather Service (NWS) reported.

Lincoln, Nebraska's state capital, recorded 156.2 millimeters of rain Wednesday, breaking its all-time single-day record of 138.4 millimeters set on Aug. 29, 1910, the NWS said.

Omaha received 120.4 millimeters of rain Wednesday, breaking the previous daily rainfall record of 50.3 millimeters set in 1911, according to the NWS.

The Nebraska State Climate Office said Lincoln had its wettest September on record, with 291.8 millimeters, while Omaha recorded its second-wettest September.

Lancaster County, which includes Lincoln, declared a local state of emergency Thursday.

The NWS said Gulf moisture and the remnants of former Hurricane Polo contributed to significant rainfall and flooding in eastern Nebraska and western Iowa. Flooding covered roads, submerged vehicles and triggered a mudslide near Crescent, Iowa, the agency said.

In northeastern Kansas and northwestern Missouri, flash and river flooding was ongoing Thursday afternoon, the NWS Kansas City office said. Radar estimates indicated widespread rainfall of about 51 to 102 millimeters since Tuesday.

Xinhua

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

English Grammar in Use (Intermediate Level)

Unit 61

be/get used to … (I'm used to …)

Exercises

61.5 Complete the sentences using only one word each time.

1 Lisa had to get used to driving on the left.
2 Daniel used to ..... a lot of coffee. Now he prefers tea.
3 I feel very full after that meal. I'm not used to ..... so much.
4 I wouldn't like to share a room. I'm used to ..... my own room.
5 I used to ..... a car, but I sold it a few months ago.
6 When we were children, we used to .....swimming very often.
7 There used to .....a school here, but it was knocked down a few years ago.
8 I'm the boss here! I'm not used to ..... told what to do.

Unit 62

Verb + preposition + -ing (succeed in -ing / insist on -ing etc.)

A We use some verbs + preposition + object. For example:

verb + preposition + object

We **talked**	**about**	the problem.
I apologised	**for**	what I said.

If the object is another verb, we use -**ing:**

verb + preposition + -**ing**

We **talked**	**about**	**going** to South America.
You should apologise	**for**	not **telling** the truth.

You can use these verbs in the same way:

approve of
decide against
dream of
feel like
insist on
look forward to
succeed in
think of/about

He doesn't **approve**	**of**	**swearing.**
We have **decided**	**against**	**moving** to London.
I wouldn't **dream**	**of**	**asking** them for money.
I don't **feel**	**like**	**going** out tonight.
They **insisted**	**on**	**paying** for the meal.
Are you **looking forward**	**to**	**going** away?
Has Paul **succeeded**	**in**	**finding** a job yet?
I'm **thinking**	**of/about**	**buying** a house.

You can also say 'approve of **somebody** doing something', 'look forward to **somebody** doing something' etc. :

- I don't approve **of people killing** animals as a sport.
- We are all looking forward **to Andy coming** home next week.

Raymond Murphy

ယူကရိန်းပဋိပက္ခအဆုံးသတ်ရေး မိုဒီ၏အကြံပြုချက်များကို ပူတင်ချီးကျူး

မော်စကို၊ ဆက်ဆံရေး

ရုရှားသမ္မတ ဗလာဒီမာပူတင်က ယူကရိန်းပဋိပက္ခ အဆုံးသတ်ရေးအတွက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီတွင် နှစ်ဖက်လက်ခံနိုင်သည့်ဖြေရှင်းချက်ရရှိရေး အလွန်ကောင်းမွန်သော အကြံဉာဏ်များ ရှိကြောင်းနှင့် မိုဒီ၏ကြိုးပမ်းမှုများနှင့်ပတ်သက်၍ ချီးကျူးကြောင်း ပြောသည်။

ပူတင်သည်မော်စကိုမြို့၌ ကျင်းပသည့် Valdai International Discussion Club အစည်းအဝေးတွင် ထိုမှတ်ချက်ကို ပြောခြင်းဖြစ်သည်။ ထို့ပြင် ရုရှားနှင့် အိန္ဒိယတို့ကြားတွင် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ရှိသော်လည်း မိုဒီသည် နှစ်နိုင်ငံ



ခေါင်းဆောင်များ တွေ့ဆုံတိုင်း ယူကရိန်းပဋိပက္ခ အဆုံးသတ်နိုင်ရေးကိစ္စကို အစဉ်တစိုက်ထည့်သွင်းဆွေးနွေးလေ့ရှိကြောင်း ပူတင်က ပြောသည်။

အလားတူ မိုဒီသည် ပဋိပက္ခကို အဆုံးသတ်ရေးနှင့် နှစ်ဖက်လက်ခံနိုင်မည့် ဖြေရှင်းချက်များရှာဖွေရေး အပေါ် အထူးစိတ်ဝင်စားမှုရှိနေကြောင်း၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၏ ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ပဋိပက္ခကို အမြန်ဆုံး အဆုံးသတ်လိုသည့်ဆန္ဒအတွက် ကျေးဇူးတင်ကြောင်း ပူတင်ကဆက်ပြောသည်။

အိန္ဒိယဘက်ကလည်း ရုရှားနှင့် ယူကရိန်းတို့ကြား ပဋိပက္ခကို ဆွေးနွေးညှိနှိုင်းမှုနှင့် သံတမန်ရေးနည်းလမ်းများဖြင့် ဖြေရှင်းရန် တိုက်တွန်းထားသည်။ မိုဒီက အိန္ဒိယအနေဖြင့် ရုရှား၊ ယူကရိန်းတို့နှင့် ဆက်ဆံရေးကောင်းမွန်မှုကိုအသုံးချပြီး ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးရရှိရေးအတွက်အဓိပ္ပာယ်ရှိသော ကြိုးပမ်းမှုများကို ထောက်ခံပေးရန် အသင့်ရှိကြောင်း ပြောထားသည်။

ပူတင်နှင့် မိုဒီတို့သည်ပြီးခဲ့သည့် စက်တင်ဘာလက နယူးဒေလီမြို့၌ ကျင်းပသည့် BRICS ထိပ်သီးအစည်းအဝေးပြင်ပတွင် တွေ့ဆုံကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စဆွေးနွေးကြောင်း သိရသည်။ **Ref: RT**

ရေနံဈေးနှုန်းများ ၂ ရာခိုင်နှုန်းကျော် ကျဆင်း

လန်ဒန်၊ ရေနံဈေးနှုန်း

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက အရန်ဒီဇယ်နှင့် ရေနံစိမ်းများကို ထပ်မံထုတ်ပေးနိုင်စေရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သတင်းများထွက်ပေါ်လာပြီးနောက် အောက်တိုဘာလ ၂ ရက်တွင် ကမ္ဘာ့ရေနံဈေးနှုန်းများမှာ ၂ ရာခိုင်နှုန်းကျော်ကျဆင်းလာကြောင်း သိရသည်။ ယင်းအခြေအနေကြောင့် ကမ္ဘာ့စွမ်းအင်ဈေးကွက်၌ ရောင်းလိုအားအပေါ် စိုးရိမ်နေမှုအချို့မှာ လျော့ကျလာသည့်အတွက် ယခုကဲ့သို့ စွမ်းအင်ဈေးနှုန်းများကျဆင်းလာခြင်းဖြစ်သည်။

လန်ဒန်ဈေးကွက်တွင် Brent ရေနံစိမ်းဈေးသည် တစ်စည်လျှင် ၂ ဒသမ ၈၃ ဒေါ်လာ သို့မဟုတ် ၂ ဒသမ ၇၇ ရာခိုင်နှုန်း ကျဆင်းပြီး ၉၉ ဒသမ ၄၈ ဒေါ်လာရောက်ရှိခဲ့သည်။ အမေရိကန် WTI ရေနံစိမ်းဈေးမှာလည်း ၃ ဒသမ ၆၁ ရာခိုင်နှုန်း ကျဆင်းပြီး တစ်စည်လျှင် ၈၉ ဒသမ ၅၂ ဒေါ်လာ ဖြစ်လာသည်။

ဥရောပဒေသတွင် ဒီဇယ်အတွက် အဓိက စံညွှန်းတစ်ခုဖြစ်သည့် Gasoil အနာဂတ်ဈေးနှုန်းမှာလည်း ၅ ရာခိုင်နှုန်းကျော် ကျဆင်းပြီး ၁မက်ထရစ်တန်လျှင် ၁၃၇၇ ဒေါ်လာ ခန့်ရှိလာသည်။ **Ref: Xinhua**

ကွန်ဂိုတွင် အီဘိုလာကြောင့် သေဆုံးသူ ၄၀၀၀ ကျော်ရှိလာ

ကင်ရှာဆာ၊ ကျန်းမာရေး

ကွန်ဂိုနိုင်ငံတွင် ဖြစ်ပွားနေသည့် အီဘိုလာရောဂါ ကူးစက်မှုကြောင့် သေဆုံးသူ ၄၀၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း အစိုးရ၏အချက်အလက်များအရသိရသည်။ အောက်တိုဘာလ ၁ ရက်အထိ အတည်ပြုလူနာ စုစုပေါင်း ရှိပြီး သေဆုံးသူ ၄၀၁၈ ဦး ရှိလာသည်။ ပြန်လည်ကျန်းမာလာသူလူနာ ၂၀၀၀ ကျော်ရှိသည်။

လက်ရှိဖြစ်ပွားနေသည့် ကူးစက်ရောဂါသည် Bundibugyo မျိုးစိတ် အီဘိုလာဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ကွန်ဂိုနိုင်ငံတွင် မှတ်တမ်းတင်ခဲ့သမျှအကြီးမားဆုံးနှင့်သေဆုံးမှုအများဆုံး အီဘိုလာကူးစက်မှုဖြစ်လာသည်။ ယင်းကူးစက်မှုသည် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ဖြစ်ပွားသည့် ကွန်ဂို၏အကြီးမားဆုံး အီဘိုလာရောဂါကူးစက်မှုကိုပင် ကျော်လွန်လာသည်။ **Ref: ST**

ပြင်သစ်တွင် အထက်တန်းကျောင်းသားများ ဆန္ဒပြမှုကြောင့် ကျောင်း ၄၀၀ ခန့် ပိတ်ထား

ပဲရစ်၊ ပြည်တွင်းရေး

ပြင်သစ်နိုင်ငံတစ်ဝန်းလုံးတွင် အထက်တန်းကျောင်းသားများ၏ ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် အောက်တိုဘာလ ၂ ရက်တွင် ကျောင်းများအပြင်ဘက်၌ မီးရှို့မှုများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ဆုံမှုများဖြစ်ပွားကာ အထက်တန်းကျောင်း ၄၀၀ ခန့်ကို ပိတ်ထားရကြောင်း သိရသည်။

ဆန္ဒပြမှုများသည် ပြီးခဲ့သည့် သီတင်းပတ်က ပဲရစ်မြို့အနီးတွင် စတင်ပြီးနောက်ပိုင်း နိုင်ငံတစ်ဝန်းသို့ ပျံ့နှံ့လာခြင်းဖြစ်သည်။ ကျောင်းသားများက ကျောင်းတက်ချိန်ရှည်လျားခြင်း၊ စာသင်ခန်းများ အပူချိန်မြင့်မားခြင်း၊ သင်ကြားရေးအခြေအနေ မလုံလောက်ခြင်းနှင့် ဆရာ၊ ဆရာမများ ပျက်ကွက်မှုများပြားခြင်းတို့အပေါ် ကန့်ကွက်ဆန္ဒပြနေကြခြင်းဖြစ်သည်။

ဆန္ဒပြကျောင်းသားများသည် ကျောင်းဝင်ပေါက်များကို ပိတ်ဆို့ပြီး အချို့နေရာများတွင် အမှိုက်ပုံးများနှင့် ပစ္စည်းများကိုမီးရှို့သည်။ ပဲရစ်မြို့ရှိ Leonard de Vinci နှင့် Gaston–Bachelard အထက်တန်းကျောင်းတို့တွင်လည်း မီးလောင်မှုကြောင့် ကျောင်းဝင်ပေါက်များ ပျက်စီးခဲ့ပြီး မီးသတ်တပ်ဖွဲ့များက ဝင်ရောက်မီးငြိမ်းသတ်ရသည်။

ပြင်သစ်အစိုးရက ကျောင်းသားများ၏ တောင်းဆိုချက်များတွင် တရားဝင်သည့် အချက်များပါရှိနေကြောင်း အသိအမှတ်ပြုထားသော်လည်း ဆန္ဒပြမှုများအတွင်း ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများကိုမူ ရှုတ်ချထားသည်။ ဆန္ဒပြမှုကြောင့် ကျောင်းဝန်ထမ်း ၆၅ဦး ဒဏ်ရာရပြီး ယင်းတို့အနက် ကျောင်းအုပ်ဦးရေ ၄၀ ပါဝင်ကာ ကျောင်းသား ၁၇၀ ခန့်လည်း ဒဏ်ရာရရကြောင်း ပညာရေးဝန်ကြီး အက်ဝပ်ဂက်ဖရေးကပြောသည်။ ထို့ပြင် ကျောင်း ၁၀၀ ကျော်တွင် ကြီးစွာသောပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်ဟု ၎င်းကဆိုသည်။

တစ်ဖက်တွင်မူ ဆန္ဒပြကျောင်းသားများက ရဲတပ်ဖွဲ့၏ အင်အားအသုံးပြုမှုအပေါ် ဝေဖန်ထားပြီး မျက်ရည်ယိုဗုံးများသုံး၍ ဆန္ဒပြမှုများကို ဖြိုခွင်းရာတွင် ကျောင်းသားအချို့ဒဏ်ရာရကြောင်း ပြောထားသည်။

Ref: AGC





မိုင်းပေါက်ကွဲမှုအပေါ်တောင်ကိုရီးယား၏ စွပ်စွဲချက် မြောက်ကိုရီးယားပယ်ချ

ပြိုင်ယမ်း၊ စစ်ရေး

မြောက်ကိုရီးယားက စက်တင်ဘာလ ၂၁ ရက်တွင် နှစ်နိုင်ငံကြား စစ်မဲ့ဇုန် (DMZ) ၌ ဖြစ်ပွားခဲ့သည့် မြေမြှုပ်မိုင်းပေါက်ကွဲမှုနှင့်ပတ်သက်၍ တောင်ကိုရီးယား၏စွပ်စွဲချက်ကို အောက်တိုဘာလ ၂ ရက်တွင်ပယ်ချလိုက်ကြောင်း သိရသည်။

အဆိုပါ မြေမြှုပ်မိုင်းများသည် မြောက်ကိုရီးယားကခင်းထားသော မိုင်းများကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု တောင်ကိုရီးယားက စွပ်စွဲထားခြင်းဖြစ်သည်။ အဆိုပါ ပေါက်ကွဲမှုကြောင့်တောင်ကိုရီးယား စစ်သည်သုံးဦး ဒဏ်ရာရရှိသည်။

တောင်ကိုရီးယားစစ်ဘက်က အမေရိကန်ဦးဆောင်သည့် ကုလသမဂ္ဂတပ်ဖွဲ့နှင့် ပူးတွဲစစ်ဆေးပြီးနောက် ပေါက်ကွဲမှုသည် မြောက်ကိုရီးယားဘက်က ထောင်ထားသည့် မြေမြှုပ်မိုင်းများကြောင့် ဖြစ်နိုင်ခြေမြင့်မားကြောင်း ပြောထားသည့် အပြင် မြောက်ကိုရီးယားဘက်က တာဝန်ယူ၍ တရားဝင်တောင်းပန်ရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

သို့သော် မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအွန်၏ ညီမကင်ယိုဂျုံက တောင်ကိုရီးယား၏ စစ်ဆေးတွေ့ရှိချက်များမှာ အခြေအမြစ်မရှိကြောင်း ပြောထားသည်။ မြောက်ကိုရီးယားအနေဖြင့် နယ်စပ်ဒေသတွင် တမင်တကာ မြေမြှုပ်မိုင်းများ ခင်းထားခြင်းမရှိကြောင်းလည်း ၎င်းကအတည်ပြုပြောသည်။

လက်ရှိတွင် နှစ်နိုင်ငံနယ်စပ်၌ တပ်ဖွဲ့များ၏ လှုပ်ရှားမှုများနှင့် ပတ်သက်၍ တင်းမာမှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။ မြောက်ကိုရီးယားကလည်း ၎င်းတို့၏ နယ်စပ်ခံစစ်စခန်းတည်ဆောက်ရေးလုပ်ငန်းများကို တောင်ကိုရီးယားက တိုက်ခိုက်လာလျှင် တုံ့ပြန်မည်ဟု သတိပေးထားသည်။

Ref: ST

အနောက်ဥရောပ၌ အပူဒဏ်ကြောင့် သေဆုံးသူဦးရေ ၃၄၀၀ ကျော်အထိရှိ

မက်ဒရစ်၊ ရာသီဥတု

စံချိန်တင် အပူဆုံးလများဖြစ်သည့် ဇွန်၊ ဇူလိုင်နှင့်ဩဂုတ်လတို့ကိုဖြတ်သန်းခဲ့ရသည့် ယခုနှစ် နွေရာသီအတွင်း အနောက်ဥရောပရှိ နိုင်ငံငါးနိုင်ငံ၌ အပူဒဏ်ကြောင့် သေဆုံးသူဦးရေ ၃၄၀၀ ကျော်ရှိကြောင်း မှတ်တမ်းများအရသိရသည်။

မေလ ၁၅ ရက်မှ စက်တင်ဘာလ ၃၀ ရက်အတွင်း စပိန်နိုင်ငံ၌ အပူဒဏ်ကြောင့်သေဆုံးသူ ၅၈၀၅ ဦးရှိသောကြောင့် ၂၀၁၅ ခုနှစ် နောက်ပိုင်း လူသေဆုံးမှုအများဆုံး နွေရာသီဖြစ်လာကြောင်း ကျန်းမာရေးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံတွင် အပူလှိုင်းသုံးကြိမ်ဖြစ်ပွားခြင်းကြောင့်သေဆုံးသူ ၅၈၂၄ ဦးရှိကာ ထိုပမာဏသည်လည်း ၂၀၁၅ ခုနှစ် နောက်ပိုင်း လူသေဆုံးမှုအများဆုံး နွေရာသီအဖြစ် မှတ်တမ်းဝင်လာကြောင်း တာဝန်ရှိသူများက ပြောသည်။ ထို့အတူ ဂျာမနီ၊ ဗြိတိန်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့တွင်လည်း အပူဒဏ်ကြောင့် သေဆုံးမှုနှုန်းမြင့်တက်ခဲ့ကြောင်းသိရသည်။ **Ref: AGC**

စစ်ပွဲတစ်ခန်းရပ်သွားပေမယ့် အရှေ့အလယ်ပိုင်းမှာ ဂိမ်းအသစ်စပြီလား



အီရတ်နိုင်ငံအတွက် စက်တင်ဘာလ ၃၀ ရက်ဟာ သမိုင်းမှာအမှတ်တရဖြစ်စေမယ့်နေ့တစ်နေ့ဖြစ်လာခဲ့ပါတယ်။ အမေရိကန်ဦးဆောင်တဲ့ IS အကြမ်းဖက်အဖွဲ့တိုက်ဖျက်ရေးအတွက် စစ်ဘက်ဆိုင်ရာပစ္စည်းတွေကိုရွှေ့ပြောင်းပြီး အီရတ်နိုင်ငံအတွင်း စစ်ရေးမစ်ရှင်ကို တရားဝင်အဆုံးသတ်လိုက်ပြီဖြစ်ပါတယ်။ အမေရိကန်စစ်ဘက်ကတော့ ဒီဖြစ်ရပ်ဟာ အီရတ်မှာ IS ကို အဖွဲ့အစည်းတစ်ခုအနေနဲ့ စနစ်တကျ စစ်ရေးအင်အားသုံးပြီး ခြိမ်းခြောက်နိုင်တဲ့ အဆင့်ကနေ ဖယ်ရှားနိုင်ခဲ့ပြီး အီရတ်ရဲ့ လုံခြုံရေးကို အီရတ်တပ်ဖွဲ့ဝင်တွေကသာဦးဆောင်တာဝန်ယူမယ့် အဆင့်သစ်ကို ကူးပြောင်းခြင်းဖြစ်တယ်လို့ ပြောထားပါတယ်။

ဒါပေမဲ့ အီရတ်ရဲ့မြေပေါ်မှာ အမေရိကန်တို့ရဲ့စစ်ရေးမစ်ရှင်တစ်ခုပြီးဆုံးသွားတာဟာ အီရတ်ရဲ့ လုံခြုံရေးပြဿနာတွေ အားလုံးပြီးဆုံးသွားပြီလို့ ဆိုလိုတာတော့ မဟုတ်ပါဘူး။ အမေရိကန်တပ်တွေ ထွက်ခွာသွားတဲ့နောက် အီရတ်ပြည်တွင်းနိုင်ငံရေး၊ လက်နက်ကိုင်အဖွဲ့တွေရဲ့ကဏ္ဍနဲ့ အီရန်-အမေရိကန် သြဇာပြိုင်ဆိုင်မှုတွေဟာ ပိုပြီးထင်ရှားလာနိုင်ပါတယ်။

၂၀၀၃ ခုနှစ်ကစခဲ့တဲ့ ရှည်လျားတဲ့ခရီး

အီရတ်မှာ အမေရိကန်စစ်ရေးပါဝင်မှုရဲ့နောက်ခံဟာ ၂၀၀၃ ခုနှစ်အထိ ပြန်သွားရပါတယ်။ အဲဒီနှစ်မှာ အမေရိကန်ဦးဆောင်တဲ့တပ်ဖွဲ့တွေက ဆက်ဒမ်ဟူစိန်အစိုးရကို ဖြုတ်ချဖို့ အီရတ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ၂၀၁၁ ခုနှစ်အတွင်း အမေရိကန်တပ်တွေ အီရတ်ကနေပြန်လည်ထွက်ခွာသွားခဲ့ပေမယ့် အီရတ်ရဲ့ လုံခြုံရေးအခြေအနေဟာ တည်ငြိမ်မလာခဲ့ပါဘူး။

၂၀၁၄ ခုနှစ်မှာ IS အဖွဲ့က အီရတ်နဲ့ဆီးရီးယားနိုင်ငံအတွင်း နယ်မြေအများအပြားကို သိမ်းပိုက်လာနိုင်တဲ့အခါ အမေရိကန်က နိုင်ငံတကာမဟာမိတ်တပ်ဖွဲ့ကိုဖွဲ့စည်းပြီး အီရတ်ကို ပြန်လည်ဝင်ရောက်ခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ ရည်ရွယ်ချက်က IS ကို တိုက်ဖျက်ရေးဖြစ်ပါတယ်။

အီရတ်အစိုးရက ၂၀၁၇ ခုနှစ်မှာ IS သိမ်းပိုက်ထားတဲ့ နယ်မြေအားလုံးနီးပါးကို ပြန်ထိန်းချုပ်နိုင်ပြီလို့ ကြေညာခဲ့ပါတယ်။ ဒါပေမဲ့ IS အဖွဲ့ရဲ့ ကျန်ရှိနေတဲ့တိုက်ခိုက်ရေးအင်အားနဲ့ အခြားလုံခြုံရေးခြိမ်းခြောက်မှုတွေကြောင့် အမေရိကန်တပ်ဖွဲ့တွေက ဆက်လက်တပ်စွဲထားခဲ့ရပါတယ်။ အခု ၂၀၂၆ ခုနှစ်မှာတော့ အဲဒီ ၁၂ နှစ်ကြာ IS အဖွဲ့တိုက်ဖျက်ရေးဆိုင်ရာစစ်ရေးမစ်ရှင်ရဲ့ အီရတ်နိုင်ငံအခန်းကဏ္ဍကို တရားဝင်ပိတ်လိုက်ပြီဖြစ်ပါတယ်။

အမေရိကန်နဲ့ အီရတ်ဟာ မဟာမိတ်တပ်ဖွဲ့ရဲ့ အီရတ်နိုင်ငံအတွင်း စစ်ရေးမစ်ရှင်ကို အဆင့်လိုက်အဆုံးသတ်ဖို့ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှာ သဘောတူကြပါတယ်။ သဘောတူညီချက်အရ အီရတ်နိုင်ငံအတွင်း မဟာမိတ်တပ်ဖွဲ့ရဲ့ စစ်ရေးမစ်ရှင်ကို ၂၀၂၅ ခုနှစ် စက်တင်ဘာလကုန်မှာ အဆုံးသတ်ဖို့နဲ့ အီရတ်အပြင်ဘက်ကနေ IS တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်နိုင်ဖို့ ၂၀၂၆ ခုနှစ် စက်တင်ဘာလအထိ ကူးပြောင်းရေးကာလထားရှိမယ်ဆိုပြီး သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ အခုနောက်ဆုံး အာဘီလေတပ်စခန်းကနေ ထွက်ခွာလိုက်တာနဲ့ အဲဒီကူးပြောင်းရေးလုပ်ငန်းစဉ်ဟာ အဓိကအားဖြင့် ပြီးဆုံးသွားခဲ့ပါတယ်။

ဒါပေမဲ့ အမေရိကန်က အီရတ်နဲ့လုံးဝအဆက်အသွယ်ဖြတ်လိုက်ပြီဆိုပြီး ယူဆထားလိုက်လို့မရပါဘူး။ စစ်ရေးမစ်ရှင်ကနေ နှစ်နိုင်ငံကြားပုံမှန်နှစ်နိုင်ငံလုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆီ ပြောင်းလဲသွားတာဖြစ်ပြီး အမေရိကန်ဘက်က လေ့ကျင့်ရေးနဲ့ ထောက်လှမ်းရေးအကူအညီတွေ ဆက်လက်ပေးနိုင်မယ်လို့ ဆိုထားပါတယ်။

တပ်တွေထွက်သွားပေမယ့် IS ပြဿနာက မပြီးသေး

အမေရိကန်စစ်ဘက်က IS ဟာ အီရတ်နိုင်ငံရဲ့ အမျိုးသားလုံခြုံရေးကို စနစ်တကျ စစ်ရေးအင်အားနဲ့ ခြိမ်းခြောက်နိုင်တဲ့ အဖွဲ့အဖြစ် မရှိတော့ဘူးလို့ သတ်မှတ်ထားပါတယ်။ ဒါပေမဲ့ IS အကြွင်းအကျန်တွေ လုံးဝပျောက်ကွယ်သွားပြီလို့ ဆိုတာတော့ မဟုတ်ပါဘူး။

အမေရိကန်ဦးဆောင်တဲ့ Combined Joint Task Force–Operation Inherent Resolve ဟာ အီရတ်ကနေ ထွက်ခွာပြီးနောက် ဂျော်ဒန်နိုင်ငံကို ဌာနချုပ်ပြောင်းရွှေ့ထားကာ ဆီးရီးယားနိုင်ငံအတွင်း IS တိုက်ဖျက်ရေးလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်နေပါတယ်။ အဲဒီအချက်က အမေရိကန်ရဲ့ IS တိုက်ဖျက်ရေးမစ်ရှင်တစ်ခုလုံးအဆုံးသတ်သွားတာမဟုတ်တဲ့ အီရတ်နိုင်ငံအတွင်းက စစ်ရေးအခန်းကဏ္ဍတစ်ခုတည်းကိုသာ အဆုံးသတ်လိုက်တာဖြစ်ကြောင်း ပြသနေပါတယ်။

ဒီအခြေအနေမှာ အဓိကတာဝန်တွေက အီရတ်လုံခြုံရေးတပ်ဖွဲ့တွေအပေါ် ကျရောက်လာပါတယ်။ အီရတ်တပ်မတော်နဲ့ ကာ့ဒေသရှိ ပက်ရှ်မာဂါ အပါအဝင် လုံခြုံရေးတပ်ဖွဲ့တွေဟာ IS အကြွင်းအကျန်တွေ ပြန်လည်စုစည်းလာခြင်းကို တားဆီးရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ အီရတ်ရဲ့ အနာဂတ်နိုင်ငံရေး အပေါ် သက်ရောက်နိုင်တဲ့ အရေးကြီးဆုံး အချက်တစ်ခုက အီရန်နဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ နိုင်ငံဖြစ်သလို အီရတ်နိုင်ငံရေးနဲ့ လုံခြုံရေးကဏ္ဍမှာ အီရန်နဲ့နီးစပ်တဲ့ လက်နက်ကိုင်အဖွဲ့တွေကလည်း အရေးပါတဲ့အခန်းကဏ္ဍတစ်ခုအဖြစ်ရှိနေပါတယ်။

အမေရိကန်ရဲ့တပ်တွေရှိနေခြင်းက အီရန် နဲ့ အီရန် အစိုးရနဲ့ဆက်နွယ်တဲ့ လက်နက်ကိုင်အဖွဲ့တွေအပေါ် အမေရိကန်ရဲ့တိုက်ရိုက်စစ်ရေးဖိအားနဲ့ အပန်းတကြီးတစ်ရပ်ဖြစ်စေခဲ့ပါတယ်။ အခု အဲဒီစစ်ရေးအင်အားတစ်ခုလျော့ကျသွားတဲ့အခါ အီရတ်အတွင်း အင်အားချိန်ခွင်လျှာဟာ ဘယ်လိုပြောင်းလဲမလဲဆိုတာ စောင့်ကြည့်ရမယ့်အခြေအနေ ဖြစ်လာပါတယ်။

သတင်းဌာနတချို့ရဲ့ဖော်ပြချက်အရဆိုပါက အမေရိကန်တပ်တွေ ထွက်ခွာသွားတာကို အီရတ်နိုင်ငံသားအချို့က အချုပ်အခြာအာဏာပြန်လည်ရရှိမှုအဖြစ် ကြိုဆိုခဲ့ကြပေမယ့် အချို့ကတော့ လုံခြုံရေးအင်အားဟာ လစ်ဟာသွားပြီး အီရန်နဲ့နီးစပ်တဲ့ လက်နက်ကိုင်အဖွဲ့တွေ ပိုမိုအားကောင်းလာနိုင်ခြေ၊ IS အဖွဲ့ ပြန်လည်ပေါ်ပေါက်လာနိုင်ခြေတို့အပေါ် စိုးရိမ်မှုတွေရှိနေကြပါတယ်။

ဒါကြောင့် အမေရိကန်တပ်တွေထွက်ခွာသွားခြင်းရဲ့ အကျိုးဆက်ကို အမေရိကန်သြဇာကျဆင်းပြီး အီရန်သြဇာတက်လာမယ်ဆိုတဲ့ တစ်ကြောင်းတည်းနဲ့ သတ်မှတ်ဖို့ မလုံလောက်ပါဘူး။ အီရတ်အစိုးရက ပြည်တွင်းလက်နက်ကိုင်အဖွဲ့တွေကို ဘယ်လောက်ထိ ထိန်းချုပ်သွားနိုင်မလဲဆိုတာကလည်း အဓိကကျပါတယ်။

အီရတ်အတွက် တကယ့်စိန်ခေါ်မှုက အခုမှစ

အမေရိကန်တပ်တွေ ထွက်ခွာသွားပြီးတဲ့နောက် အီရတ်ရဲ့ အချုပ်အခြာအာဏာဟာ ပိုမိုရှင်းလင်းလာနိုင်ပါတယ်။ လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်တွေကို အီရတ်အစိုးရနဲ့ အီရတ်လုံခြုံရေးတပ်ဖွဲ့တွေကသာ ပိုမိုတာဝန်ယူရတော့မှာ ဖြစ်ပါတယ်။

ဒါပေမဲ့ အချုပ်အခြာအာဏာ ပိုမိုခိုင်မာလာဖို့ဆိုတာ အမေရိကန်တပ်တွေထွက်သွားရုံနဲ့ မပြီးပါဘူး။ နိုင်ငံအတွင်းရှိနိုင်ငံရေးအုပ်စုတွေကြား သဘောတူညီချက်ရရှိရေး၊ လက်နက်ကိုင်အဖွဲ့တွေကို နိုင်ငံတော်ရဲ့ အဓိန့်ပေးစနစ်အောက်မှာ ထိန်းချုပ်နိုင်ရေး၊ ကာ့ဒေသရဲ့ လုံခြုံရေးစိုးရိမ်မှုတွေကို ဖြေရှင်းရေးနဲ့ IS အကြွင်းအကျန်တွေ ပြန်လည်အင်အားမတည်ဆောက်နိုင်အောင် ကာကွယ်ရေးတို့ဟာ အဓိကစမ်းသပ်မှုတွေ ဖြစ်လာမှာပါ။

အမေရိကန်ရဲ့ လက်ရှိအီရတ်စစ်ရေးမစ်ရှင်ဟာ ၂၀၀၃ ခုနှစ်မှာ စတင်ခဲ့တဲ့ အရှုပ်ထွေးဆုံး အခန်းတစ်ခန်းကို ပိတ်လိုက်နိုင်ပေမယ့် အီရတ်နိုင်ငံရဲ့ လုံခြုံရေးနဲ့ နိုင်ငံရေးပြဿနာတွေကတော့ ဆက်လက်ရှိနေပါတယ်။ အမေရိကန်ကလည်း စစ်သည်တွေကို မြေပြင်ကနေ ပြန်ရုပ်သိမ်းလိုက်ပေမယ့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု၊ လေ့ကျင့်ရေးနဲ့ ထောက်လှမ်းရေးအကူအညီတွေက နေတစ်ဆင့် အီရတ်နဲ့ ဆက်လက်ဆက်ဆံသွားမှာဖြစ်ပါတယ်။

အဲဒီအတွက် အီရတ်ကနေ အမေရိကန်တပ်တွေ ထွက်ခွာသွားတာက အမေရိကန်ရဲ့ အီရတ်အခန်းကဏ္ဍ လုံးဝအဆုံးသတ်ခြင်းထက် တိုက်ရိုက်စစ်ရေးပါဝင်မှုကနေ ပုံစံအသစ်နဲ့ သြဇာနဲ့ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဘက်ကို ပြောင်းလဲခြင်းလို့ ပိုပြီးနားလည်ရပါမယ်။

အီရတ်နိုင်ငံအတွက်တော့ နှစ်ပေါင်းများစွာကြာမြင့်ခဲ့တဲ့ နိုင်ငံခြားတပ်ဖွဲ့တွေပါဝင်မှုကနေ ကိုယ့်နိုင်ငံရဲ့ လုံခြုံရေးကို ကိုယ်တိုင်ဦးဆောင်ရမယ့် ခေတ်သစ်တစ်ခု စတင်လာတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီခေတ်သစ်ကြီးမှာ အမေရိကန်၊ အီရန်၊ ကာ့ဒေသ၊ အီရတ်အစိုးရရဲ့ လက်နက်ကိုင်အဖွဲ့တွေကြားမှာ အင်အားချိန်ခွင်လျှာ ဘယ်လိုပြောင်းလဲလာမလဲဆိုတာကတော့ အရှေ့အလယ်ပိုင်းရဲ့ နောက်ထပ်အရေးကြီးတဲ့ ဇာတ်လမ်းတစ်ပုဒ် ဖြစ်လာနိုင်ပါတယ်။

Ref: RT

ထက်မြတ်

အမေရိကန်က အရှေ့အလယ်ပိုင်းသို့ တတိယမြောက် လေယာဉ်တင်သင်္ဘော စေလွှတ်

ဝါရှင်တန်၊ စစ်ဆင်ရေး

အမေရိကန်ပြည်ထောင်စုက အီရန်နှင့် တင်းမာမှုများ ဆက်လက်မြင့်တက်နေစဉ် အရှေ့အလယ်ပိုင်းသို့ တတိယမြောက် လေယာဉ်တင် သင်္ဘော်ဦးဆောင် သေတိုက်ခိုက်ရေးအဖွဲ့ကို စေလွှတ်နေကြောင်း သိရသည်။ အဆိုပါ စစ်ရေးလှုပ်ရှားမှုသည် အီရန်အပေါ် နောက်ထပ်စစ်ဆင်ရေးများ ပြုလုပ်နိုင်ခြေရှိသည်ဟူသောသတင်းများ ထွက်ပေါ်နေချိန်နှင့် တိုက်ဆိုင်နေသည်။

အမေရိကန်ရေတပ်၏ USS Theodore Roosevelt လေယာဉ်တင်သင်္ဘော်သည် ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယေဂို ဆိပ်ကမ်းမှထွက်ခွာပြီး အရှေ့အလယ်ပိုင်းဒေသသို့ ဦးတည်ခုတ်မောင်းလာနေခြင်းဖြစ်သည်။ ထိုလေယာဉ်တင်သင်္ဘော်သည် တိုက်ခိုက်ရေးသင်္ဘောများ ပါဝင်သည့် Carrier Strike Group 9 နှင့်အတူ ချီတက်နေခြင်းဖြစ်သည်။

ထို့ပြင် USS Makin Island ဦးဆောင်သည့် Amphibious Ready Group နှင့် မရိုန်းတပ်ဖွဲ့ဝင် ၂၀၀၀ ကျော်ကိုပါ အရှေ့အလယ်ပိုင်းသို့စေလွှတ်ထားသည်။ အဆိုပါစစ်ရေယာဉ်စုနှစ်ခုတွင် စုစုပေါင်းအမေရိကန်ရေတပ်သား ၇၀၀၀ ကျော်နှင့် မရိုန်းတပ်ဖွဲ့ဝင် ၂၀၀၀ ခန့် ပါဝင်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောသည်။

လက်ရှိတွင် USS George H.W. Bush နှင့် USS George Washington လေယာဉ်တင်သင်္ဘော်များမှာ အရှေ့အလယ်ပိုင်းဒေသ၌ရှိနေပြီး USS Theodore Roosevelt ရောက်လာပါက ဒေသတွင်း၌ အမေရိကန် လေယာဉ်တင်သင်္ဘော်သုံးစင်း တစ်ပြိုင်နက်ရှိလာမည်ဖြစ်သည်။ ယင်းအခြေအနေသည် အမေရိကန်၏ ဒေသတွင်း ရေတပ်အင်အားကို သိသိသာသာ တိုးမြင့်လာစေမည်ဖြစ်ကြောင်း တာဝန်ရှိသူများ၏ပြောဆိုချက်ကိုကိုးကား၍ သတင်းဌာနကြီးအချို့ကဖော်ပြထားသည်။

Ref: RT


တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့် နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ရေပြန်လည်ကျဆင်းသွားသည့်နေရာများတွင် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



နယ်မြေခံတပ်မတော်သားများက ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် လမ်း၊ တံတားများတွင် သွားလာမှုအဆင်ပြေစေရေးကူညီဆောင်ရွက်ပေးစဉ်။



နေပြည်တော် အောက်တိုဘာ ၂

မြန်မာနိုင်ငံအတွင်းဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်(Land Depression)ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာလ ၂၆ ရက်ညနေပိုင်းမှစ၍ မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုဖြစ်ပေါ်၍ မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းပြည်ထောင်စုလမ်းမကြီးပေါ်ရှိနေရာအချို့နှင့် မြိတ်-မောတောင်လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်းများ၊ လမ်းပေါ်တွင် မြေပြိုကျ၍ လမ်းပိတ်ခြင်းများ၊ လမ်းပေါ်ရှိတံတားများတွင် အမှိုက်များ ပိတ်ဆို့ခြင်းများဖြစ်ပွားခဲ့သည်။

အဆိုပါရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့်နေရာများရှိ ရေဘေးသင့် ပြည်သူများအား ယာယီရေဘေးကူညီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်းတံတားများတွင် ပိတ်နေသည့် မြေကြီးများ၊ အမှိုက်များအား ရှင်းလင်းပေးခြင်း၊ သွားလာ၍မရသောနေရာများ၌ လမ်းလွှဲများဖောက်လုပ်ပေးခြင်း၊ မြစ်ရေဝင်ရောက်မှုမရှိစေရေးရေနုတ်မြောင်းများတူးဖော်ခြင်း၊ သစ်ပင်ချိုနွယ်များရှင်းခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့်ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ စက်ယန္တရားများအသုံးပြုကာ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်ချက်များ ပေါ်ပေါက်စပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၂

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေရန်၊ မြန်မာ့သမိုင်းစဉ်ကာလတစ်လျှောက်တွင် အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ်မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်များနှင့် အထွေထွေဗဟုသုတများကို လေ့လာနိုင်စေရန်နှင့် သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင်လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (ရွာတော်)၊ ဥတ္တရသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း၌(ပိုးစာတော)၊ အခြေခံပညာအထက်တန်းကျောင်း (တက်ရှိန်း)၊ အခြေခံပညာအထက်တန်းကျောင်း (သရက်တော)၊



ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

အခြေခံပညာအထက်တန်းကျောင်း၌ (ဘုရားတောင်)တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများအား မုန့်များပေးဝေကြသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့်တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့်တပ်မတော်လေယာဉ်များကိုလေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲကြားသိခဲ့ရပါတယ်-

“ကျွန်မတို့ တိုင်းရင်းသားလူမျိုးများဟာ ကိုယ့်ရဲ့အိမ်မှာ သူခိုးဓားပြတွေ ကာကွယ်ဖို့အတွက် ခြံစည်းရိုးတွေကို ခိုင်ခံ့အောင် တည်ဆောက်သလို ကျွန်မတို့ရဲ့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ သဘာဝသယံဇာတပစ္စည်းတွေ၊ လူ့စွမ်းအားအရင်းအမြစ်တွေကို ကာကွယ်ပေးသော သက်ရှိစည်းရိုးတွေကို လာရောက်ပြီးတော့ သူတို့ရဲ့သမိုင်းကြောင်းကိုလေ့လာရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပီတိဖြစ်မိပါတယ်။ ကျွန်မတို့နဲ့လိုက်ပါလာတဲ့ ကျောင်းသား၊ ကျောင်းသူများကလည်း နိုင်ငံတော်ကိုကာကွယ်ပေးနေတဲ့ တပ်မတော်သားတွေရဲ့ စွန့်လွှတ်စွန့်စားမှုကို လာရောက်ပြီးတော့ လေ့လာရတဲ့အတွက် ကျောင်းသား၊ ကျောင်းသူတွေကလည်း ဝမ်းမြောက်ပီတိ ဖြစ်နေကြပါတယ်။ ဒီနေ့ လေ့လာရေး



ခရီးစဉ်မှာဆိုရင် ကျောင်းသား၊ ကျောင်းသူနဲ့ ဆရာ၊ ဆရာမပေါင်း ၇၀၀ ကျော် လာရောက်လေ့လာခဲ့တာပဲဖြစ်ပါတယ်။ တပ်မတော်နဲ့ လွတ်လပ်ရေးရရှိခဲ့တဲ့ သမိုင်းမှတ်တမ်းအကြောင်းတွေကို စာတွေ့နဲ့ လက်တွေ့ပူးပေါင်းပြီးတော့ လာရောက်လေ့လာရတဲ့အတွက် ကလေးတွေကလည်း ဝမ်းသာဂုဏ်ယူနေကြပါတယ်။ အဲဒီလိုမျိုး လေ့လာရေးခရီးစဉ်ကို စီစဉ်ပေးပါသော နိုင်ငံတော်မှတာဝန်ရှိအကြီးအကဲများနှင့် ကျွန်မတို့ရဲ့ ကျောင်းအုပ်ဆရာမကြီးကိုပဲ အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားချင်ပါတယ်” ဟုပြောသည်။

“ကျွန်တော်တို့ အခုလိုမျိုး တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်ပြီးတော့ လေ့လာရတဲ့အတွက် ကျွန်တော်အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်။ကျွန်တော်တို့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ကျွန်တော်တို့ အတိတ်က



ဖြစ်ခဲ့တဲ့သမိုင်းအကြောင်းအရာတွေ၊ ပြီးတော့ အတိတ်ကဖြစ်ပေါ်ခဲ့တဲ့ စစ်ပွဲတွေအကြောင်းကို စာတွေ့သာမက လက်တွေ့ပါကျွန်တော်တို့က လေ့လာနိုင်တာဖြစ်တဲ့အတွက် ကြောင့်မို့လို့ အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ကတော့ တပ်မတော်စစ်သမိုင်းပြတိုက်မှာ ဆိုရင် တိုက်ပွဲဝင်ခဲ့တဲ့လူတွေရဲ့ စစ်လက်နက်ပစ္စည်းတွေကို လေ့လာခဲ့တယ်။ ပြီးတော့ ရေကြောင်းနဲ့ လေကြောင်းမှာ ဆိုလို့ရှိရင်လည်း စစ်ပွဲတွေမှာသုံးခဲ့တဲ့ စစ်လက်နက်ပစ္စည်းတွေအကြောင်းကို ကျွန်တော် အများကြီး လေ့လာခဲ့ပါတယ်။ တပ်မတော်စစ်သမိုင်းပြတိုက်ကြီးမှာ လေ့လာစရာတွေလည်း အများကြီးပါ။ အခုလိုမျိုး လာရောက်လေ့လာနိုင်အောင် ကူညီပေးတဲ့ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးအထူးပဲတင်ရှိပါတယ်”ဟုပြောသည်။

(၁၀၀)

ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၏ စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို အိုလီဆီဆွတ်ခူး

ဘာလင် အောက်တိုဘာ ၂

ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၏ ယခုနှစ် စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်ကစားသမားအိုလီဆီက အသင်းဖော်ဟယ်ရီကိန်းအားကျော် ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့သည်။

အိုလီဆီသည် စက်တင်ဘာလအတွင်း ဘိုင်ယန်မြူးနစ်အသင်းနှင့် အတူပါဝင်ကစားခဲ့သည့် ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ပြီး ဘိုင်ယန်မြူးနစ်အသင်းက ယူနီယံဘာလင်အသင်းကို ၇ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင်လည်း အသင်းအတွက် ဟက်ထရစ်သွင်းဂိုးသွင်းယူနိုင်သည့်အပြင် ဂိုးဖန်တီးမှုတစ်ကြိမ် လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အိုလီဆီသည် စက်တင်ဘာလအတွင်းကစားသည့် ရှော်လ်ကေးအသင်း၊ အယ်ဗာဘတ်ခ်အသင်း၊ ယူနီယံဘာလင်အသင်းတို့နှင့်ပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် အသင်းဖော် တိုက်စစ်ကစားသမား ဟယ်ရီကိန်းအားကျော်ဖြတ်ပြီး စက်တင်ဘာလအတွက် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အိုလီဆီသည် ယခုဘောလုံးရာသီတွင်လည်း ဘိုင်ယန်မြူးနစ်အသင်းတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခြေစွမ်းပြနေသူဖြစ်ပြီး ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ လေးပွဲကစားပြီးချိန်တွင် လေးဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှုတစ်ကြိမ်လုပ်ဆောင်ထားပြီး ပြိုင်ပွဲစုံခုနစ်ပွဲကစားပြီးချိန်တွင် ရှစ်ဂိုးသွင်းယူနိုင်သည့်အပြင် ဂိုးဖန်တီးမှုသုံးကြိမ် လုပ်ဆောင်ထားကြောင်း သိရသည်။ ***Ref;Fabrizio Romano***

အာဂျင်တီးနားနိုင်ငံ၏ အကြီးဆုံးတက္ကသိုလ်ဖြစ်သည့် University of Buenos Aires က မက်ဆီအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်မည်



ဗျူနိုအေးရိုဒ် အောက်တိုဘာ ၂

အာဂျင်တီးနားနိုင်ငံ၏ အထင်ရှားဆုံးနှင့် အကြီးဆုံးတက္ကသိုလ်ဖြစ်သည့် University of Buenos Aires(UBA)က အာဂျင်တီးနားအသင်း ကစားသမားဟောင်း မက်ဆီအား ဂုဏ်ပြုသည့်အနေဖြင့် ၎င်းတက္ကသိုလ်၏ အမြင့်ဆုံး ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် Doctor Honoris Causa ဘွဲ့ကို ဂုဏ်ပြု အပ်နှင်းသွားမည်ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာလ ၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

Doctor Honoris Causa ဘွဲ့သည် ပုံမှန်အတန်းပညာတက် ရောက်ပြီးရရှိသည့် ဘွဲ့အမျိုးအစားမဟုတ်ဘဲ လူတစ်ဦး၏ထူးချွန်ထက်မြတ်သည့် အောင်မြင်မှုများနှင့် လူမှုအသိုင်းအဝိုင်းအပေါ်အကျိုးသက်ရောက်မှုရှိအောင် စွမ်းဆောင်နိုင်သည့်အတွက် University of Buenos Aires(UBA)အသိအမှတ်ပြု ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ချီးမြှင့်ခြင်းဖြစ်သည်။

မက်ဆီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို အာဂျင်တီးနားအသင်းနှင့် ကာလရှည်ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ကိုပါအမေရိကဖလား၊ ကမ္ဘာ့ဖလားအပါအဝင် ဆုဖလားအများအပြား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့်ဩဂုတ်လက အာဂျင်တီးနားအသင်းကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မက်ဆီအနေဖြင့် အာဂျင်တီးနားအသင်းနှင့်အတူ နှစ်ပေါင်းအတန်ကြာ ပါဝင်ကစားပေးခဲ့ပြီး အသင်းခေါင်းဆောင်အဖြစ် အောင်မြင်မှုများ ရယူပေးနိုင်ခဲ့သည့်အတွက် University of Buenos Aires(UBA)က မက်ဆီကို ဂုဏ်ပြုသည့်အနေဖြင့် အသိအမှတ်ပြုဒေါက်တာဘွဲ့ဖြစ်သည့် Doctor Honoris Causa ဘွဲ့ကို အပ်နှင်းခဲ့ခြင်းဖြစ်သည်။ အဆိုပါဂုဏ်ထူးဆောင်ဘွဲ့ကို မက်ဆီ၏နှူတ်ဆက်ဂုဏ်ပြုပွဲအဖြစ် အောက်တိုဘာလ ၆ ရက်တွင် အာဂျင်တီးနားအသင်းနှင့် ဘီနင်အသင်းတို့ ကစားမည့်ပွဲစဉ်တွင် ချီးမြှင့်အပ်နှင်းမည်ဟု ထုတ်ပြန်ခဲ့သည်။

မက်ဆီသည် အောက်တိုဘာလ ၆ ရက်တွင်ကျင်းပမည့် ဂုဏ်ပြုပွဲအား တက်ရောက်ရန်အတွက် အမေရိကန်နိုင်ငံမှ အာဂျင်တီးနားနိုင်ငံ ဗျူနိုအေးရိုဒ်မြို့သို့ ရောက်ရှိနေပြီး ဂုဏ်ပြုနှူတ်ဆက်ပွဲ အခမ်းအနားတွင် မိသားစုအားလုံး တက်ရောက်မည်ဖြစ်သည်။

မက်ဆီသည် အဆိုပါအခမ်းအနားတွင် University of Buenos Aires(UBA)က ချီးမြှင့်ပေးအပ်မည့် Doctor Honoris Causa ဘွဲ့ကို လက်ခံရယူမည်ဖြစ်ကြောင်း သိရသည်။

Ref;365 Scores

ဂါနာအသင်းက နည်းပြကွီးရော့ဇ်အား ရာထူးမှထုတ်ပယ်ကြောင်းကြေညာ

အက်ကာရာ အောက်တိုဘာ ၂

ဂါနာအသင်းက အာဖရိကဖလားပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင် အုပ်စုနှစ်ပွဲဆက်ရှုံးနိမ့်ပြီးနောက် အသင်းနည်းပြ ကွီးရော့ဇ်အား ရာထူးမှထုတ်ပယ်ကြောင်း ကြေညာခဲ့သည်။

အသက် ၇၃ နှစ်အရွယ် နည်းပြကွီးရော့ဇ်သည် ဂါနာအသင်းကို ယခုနှစ် ဇူလိုင်လက စတင်တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခြင်းမရှိဘဲ ၃၂ သင်းရှုံးထွက်အဆင့်မှ ထွက်ခွာခဲ့ရသည်။

အလားတူ အာဖရိကဖလားပြိုင်ပွဲခြေစစ်ပွဲအဆင့်တွင်လည်း ရလဒ်များဆိုးရွားနေပြီး အိုင်ဗရီကို့စ်အသင်း၊ ဂမ်ဘီယာအသင်းတို့ကို နှစ်ပွဲဆက်ရှုံးနိမ့်ပြီးနောက် စာချုပ်သက်တမ်းမကုန်ဆုံးမီ အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရခြင်းဖြစ်သည်။

နည်းပြကွီးရော့ဇ်သည် ဂါနာအသင်းကို ပြိုင်ပွဲစုံ ရှစ်ပွဲသာတာဝန်ယူကိုင်တွယ်ခွင့်ရရှိပြီး တစ်ပွဲအနိုင်ရရှိကာ နှစ်ပွဲသရေနှင့် ငါးပွဲရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဂါနာအသင်းသည် အာဖရိကဖလားပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုအဆင့်၌ နှစ်ပွဲကစားပြီးချိန်တွင် နှစ်ပွဲစလုံး ရှုံးနိမ့်ထားပြီး အုပ်စုအောက်ဆုံးတွင် ရပ်တည်နေကာ ဂါနာနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြသစ် အမြန်ဆုံးပြန်လည်ခန့်အပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။


ဂါနာအသင်းသည် အာဖရိကဖလားပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲစဉ်များအဖြစ် ဆိုမာလီအသင်း၊ အိုင်ဗရီကို့စ်အသင်း၊ ဂမ်ဘီယာအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ရန် ရုန်းကန်ရဖွယ်ရှိနေကြောင်း သိရသည်။

Ref;Topskillsport UK

တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဇာဗီရက် ၁၆ ဦးရှုံးထွက်အဆင့်သို့တက်ရောက်

ပေကျင်း အောက်တိုဘာ ၂

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲအဖြစ် ဂျာမနီတင်းနစ်ကစားသမား ဇာဗီရက်နှင့် အင်္ဂလန်တင်းနစ်ကစားသမား နော်ရိုင်တို့ကစားရာ ဇာဗီရက်က နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ၁၆ ဦးရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။



အဆိုပါပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) နေရာ၌ ရပ်တည်နေသည့် အီတလီတင်းနစ်ကစားသမား ဂျင်နစ်ဆင်နာမပါဝင်နိုင်သည့်အတွက် ကမ္ဘာ့အဆင့်(၂)နေရာ၌ ရပ်တည်နေသည့် ဇာဗီရက်က ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခြေအဖြစ် သတ်မှတ်ခံထားရပြီး ပထမဆုံးပွဲစဉ်တွင်ပင် ရလဒ်ကောင်းရယူနိုင်ခဲ့ကာ ၁၆ ဦး ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်၌ ပထမပွဲငယ်တွင် နော်ရိုင်၏ အကောင်းဆုံးတို့ပြန်ကစားနိုင်မှုကြောင့် ဇာဗီရက်အနေဖြင့် အနည်းငယ်ခက်ခဲသော်လည်း (၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယပွဲငယ်တွင် (၆-၄) ရလဒ်ဖြင့်အနိုင်ရရှိပြီးနောက် ၁၆ ဦး ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခြင်းဖြစ်သည်။

ဇာဗီရက်သည် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ၁၆ ဦး ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် အောက်တိုဘာလ ၃ ရက်တွင် အိမ်ရှင် တရုတ်တင်းနစ်ကစားသမား ချန်းဂျန်ချန်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ ***Ref;AGTP Tennis***



WBC စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံ ကာကွယ်ပွဲအဖြစ် အမ်ဘီလီနှင့် အယ်ဗာရက်တို့ ဆော်ဒီနိုင်ငံ၌ယှဉ်ပြိုင်မည်

ဝါရှင်တန် အောက်တိုဘာ ၂

WBC စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲအဖြစ် လက်ရှိချန်ပီယံ ကနေဒါလက်ဝှေ့သမား အမ်ဘီလီနှင့် မက္ကဆီကိုလက်ဝှေ့သမား အယ်ဗာရက်တို့အနေဖြင့် လာမည့်အောက်တိုဘာလ ၃၁ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီယက်မြို့၌ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သဘောတူညီမှုရရှိခဲ့သည်။

အမ်ဘီလီသည် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝတွင် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး ၂၉ ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ပိုင်ဆိုင်ထားကာ အနိုင်ရရှိသည့်ပွဲစဉ်များတွင် ၂၄ ပွဲကို အလဲထိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အမ်ဘီလီသည် WBC စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်က စတင်ရရှိခဲ့သူဖြစ်ပြီး ချန်ပီယံဟောင်းတစ်ဦးဖြစ်သည့် ခရောဖို့က ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့သည့်အတွက် WBC စူပါမစ်ဒယ်ဝိတ်တန်းတွင် အဆင့်(၁) နေရာ၌ ရပ်တည်နေသည့် အမ်ဘီလီက လွှဲပြောင်းရယူနိုင်ခြင်းဖြစ်သည်။

အယ်ဗာရက်သည် ၂၀၂၅ ခုနှစ် စက်တင်ဘာလက ခရောဖို့အား ရှုံးနိမ့်ပြီးနောက် WBC စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်ကို လက်လွှတ်ခဲ့ရခြင်းဖြစ်ပြီး ယခုအခါ ၎င်း၏ WBC စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်အတွက် အမ်ဘီလီအား ပြန်လည်စိန်ခေါ်မည်ဖြစ်ကြောင်း သိရသည်။ ***Ref;Source of Boxing***

ဉာဏ်ရည်ထက်မြက်ပြီး ကျန်းမာကြံ့ခိုင်သော အနာဂတ်မျိုးဆက်သစ်များဆီသို့

■ ဆား(ဆိုဒီယမ်)ကို အလွန်အကျွံစားသုံးခြင်းသည် သွေးတိုးရောဂါကိုဖြစ်စေနိုင်သဖြင့် နေ့စဉ်စားသုံးမှုကို လက်ဖက်ရည်ဇွန်းတစ်ဇွန်း(၅ ဂရမ်) အောက်သာ ကန့်သတ်စားသုံးသင့်. . .

■ မိမိတို့အိမ်ရှိ မီးဖိုချောင်တွင် သာမန်ဆားကြမ်းအစား အိုင်အိုဒင်းဆားကို ပြောင်းလဲအသုံးပြုခြင်းသည် သာမန်အလုပ်တစ်ခုကဲ့သို့ ထင်ရသော်လည်း အမှန်တကယ်တွင် မိမိတို့၏ရင်သွေးငယ်များကို ဉာဏ်ရည်နိမ့်ကျခြင်းဘေးအန္တရာယ်မှ ကာကွယ်ပေးရာရောက်ပြီး နိုင်ငံတော်၏အနာဂတ်ကို တည်ဆောက်နေခြင်းပင်ဖြစ်. . .

လူတစ်ဦး ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်ရန်အတွက် နေ့စဉ်စားသုံးသော အစားအစာများတွင် အာဟာရဓာတ်များ ပြည့်ဝစုံလင်စွာ ပါဝင်ရန် လိုအပ်သည်။ အာဟာရဓာတ်များစွာအနက် ခန္ဓာကိုယ်အတွက် အနည်းငယ်မျှသာ လိုအပ်သော်လည်း မရှိမဖြစ်အရေးကြီးသည့် သတ္တုဓာတ်မှာ အိုင်အိုဒင်းဓာတ်ပင်ဖြစ်သည်။

အိုင်အိုဒင်းဆိုသည်မှာ လည်ပင်းတွင်ရှိသော သိုင်းရွိုက်ဂလင်းမှ သိုင်းရွိုက်ဟော်မုန်းထုတ်လုပ်ရန် အတွက် မရှိမဖြစ်လိုအပ်သည့် သတ္တုဓာတ်တစ်မျိုးဖြစ်သည်။ ယင်းဟော်မုန်းသည် လူတို့၏ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှု၊ အပူချိန်ထိန်းညှိမှုနှင့် အဓိကအကျဆုံးဖြစ်သော ဦးနှောက်နှင့်အာရုံကြောစနစ် ဖွံ့ဖြိုးမှုတို့အတွက် သော့ချက်ဖြစ်သည်။ ခန္ဓာကိုယ်တွင် အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက ဉာဏ်ရည်ဉာဏ်သွေးလျော့ကျစေရုံသာမက မိသားစုနှင့် လူမှုပတ်ဝန်းကျင်အတွက်ပါ ကြီးမားသောဆုံးရှုံးမှုများကို ဖြစ်ပေါ်စေနိုင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်းတွင် မွေးရာပါဉာဏ်ရည်မမီခြင်းနှင့် ဦးနှောက်မဖွံ့ဖြိုးခြင်းပြဿနာများ၏ အဓိက အကြောင်းရင်းမှာ အိုင်အိုဒင်းဓာတ်ချို့တဲ့ခြင်းကြောင့်ဖြစ်သည်။

အိုင်အိုဒင်းဓာတ်ချို့တဲ့မှုနှင့် ကျန်းမာရေးပြဿနာများ

လူအများစုသည် အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက လည်ပင်းကြီးရောဂါတစ်ခုတည်းသာ ဖြစ်နိုင်သည်ဟု ထင်မှတ်ကြသည်။ သို့သော် အိုင်အိုဒင်းဓာတ်ချို့တဲ့ခြင်းသည် အသက်အရွယ်မရွေး၊ အမျိုးသား၊ အမျိုးသမီးမရွေး ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာကိုဖြစ်ပေါ်စေနိုင်ပြီး ဆေးပညာအရ ယင်းတို့ကို အိုင်အိုဒင်းဓာတ်ချို့တဲ့ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများ (Iodine Deficiency Disorders – IDDs) ဟု ခေါ်သည်။

ကိုယ်ဝန်ဆောင်ချိန်တွင် အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက မိခင်ကိုသာမက သန္ဓေသား၏ အသက်ရှင်သန်နိုင်စွမ်းကို တိုက်ရိုက်ထိခိုက်စေသည်။ ကလေးငယ်တွင် မွေးရာပါ ဦးနှောက်နှင့်အာရုံကြော မဖွံ့ဖြိုးခြင်း၊ ဆွံ့အနားမကြားဖြစ်ခြင်း၊ ခြေလက်သေးခြင်း စသည်တို့ဖြစ်ပွားနိုင်သည်။ ထို့ပြင် ကလေးငယ်သည် ခန္ဓာကိုယ်သေးကွေးပြီး ဉာဏ်ရည်မမီသောရောဂါခံစားရနိုင်သည်။

အိုင်အိုဒင်းဓာတ်ချို့တဲ့သော ကလေးငယ်များသည် သာမန်ကလေးများထက် ဉာဏ်ရည်အဆင့် (IQ) လျော့နည်းတတ်သည်။ ကျောင်းသင်ခန်းစာများကို လေ့လာမှတ်သားနိုင်စွမ်း လျော့ကျခြင်းကြောင့် ပညာရေးတွင် နောက်ကျကျန်ခဲ့နိုင်သည်။ အိုင်အိုဒင်းဓာတ်ချို့တဲ့ခြင်းကြောင့် အရိုးအဆစ်နှင့်ကြွက်သားကြီးထွားမှုစနစ်နှေးကွေးပြီး အသက်အရွယ်အလိုက် မဖွံ့ဖြိုးဘဲ ပုညှက်ခြင်း၊ ကြံ့ခိုင်မှုမရှိခြင်း စသည်တို့ဖြစ်တတ်သည်။

သိုင်းရွိုက်ဂလင်းသည် လိုအပ်သော ဟော်မုန်းကို ပိုမိုထုတ်လုပ်နိုင်ရန်အတွက် ပုံမှန်ထက် ပိုမိုကြီးထွားလာရခြင်းဖြစ်သည်။ လည်ပင်းကြီးလွန်းပါက အစာမျိုရခက်ခြင်း၊ အသက်ရှူကျပ်ခြင်း စသည်တို့ဖြစ်ပေါ်နိုင်သည်။

သိုင်းရွိုက်ဟော်မုန်းနည်းခြင်းကြောင့် ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်များ နှေးကွေးသွားပြီး ကိုယ်အလေးချိန်တက်လာခြင်း၊ အအေးမခံနိုင်ခြင်း၊ အမြဲတမ်းမျက်နှာအစ်ပြီး လေးလံထိုင်းမှိုင်းနေခြင်း၊ မောပန်းလွယ်ခြင်းနှင့် အလုပ်လုပ်လိုစိတ်လျော့နည်းခြင်း စသည်တို့ ဖြစ်ပွားတတ်သည်။

လူသားတစ်ဦးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ သတ်မှတ်ထားသော အိုင်အိုဒင်း နေ့စဉ်လိုအပ်ချက်စံနှုန်းများမှာ ခန္ဓာကိုယ်တွင် အိုင်အိုဒင်းဓာတ် မပြတ်လပ်စေရန် အသက်အရွယ်အလိုက် အောက်ပါပမာဏအတိုင်း နေ့စဉ်ရရှိရန်လိုအပ်သည်။

မွေးကင်းစမှ အသက်ငါးနှစ်အထိ နေ့စဉ် ၉၀ မိုက်ခရိုဂရမ် (µg)၊ အသက်ခြောက်နှစ်မှ ၁၂ နှစ်အထိ နေ့စဉ် ၁၂၀ မိုက်ခရိုဂရမ် (µg)၊ အရွယ်ရောက်ပြီးသူများ နေ့စဉ် ၁၁၀ မှ ၁၅၀ မိုက်ခရိုဂရမ် (µg)၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ နေ့စဉ် ၂၅၀ မိုက်ခရိုဂရမ် (µg) လိုအပ်သည်။

အိုင်အိုဒင်းဓာတ်ချို့တဲ့ရောဂါများကို ကာကွယ်ရန် အလွယ်ကူဆုံး၊ အထိရောက်ဆုံးနှင့် ကုန်ကျစရိတ် အသက်သာဆုံးနည်းလမ်းမှာ အိုင်အိုဒင်းဓာတ်ဖြည့်စွက်ထားသောဆားကို နေ့စဉ်ချက်ပြုတ်စားသောက်ရာတွင် အသုံးပြုခြင်းဖြစ်သည်။ သို့သော် နည်းစနစ်မမှန်ပါက အိုင်အိုဒင်းဓာတ်ကို အပြည့်အဝရရှိမည်မဟုတ်ပေ။

အိုင်အိုဒင်းဆားကို စနစ်တကျ ရွေးချယ်၊ သိုလှောင်၊ ချက်ပြုတ်နည်း

အိုင်အိုဒင်းဓာတ်သည် အပူရှိန်၊ စိုထိုင်းဆနှင့် နေရောင်ခြည်တို့ကြောင့် လွယ်ကူစွာ လွင့်ပြယ်ပျက်စီးနိုင်သည်။ ထို့ကြောင့် အောက်ပါစည်းကမ်းများကို လိုက်နာရမည်ဖြစ်သည်။

- ဆားဘူး သို့မဟုတ် ဆားထုပ်ကို ဝယ်ယူသည့်အခါ ထုပ်ပိုးမှုပေါ်တွင် အိုင်အိုဒင်းဆားဟု ကပ်နှိပ်ထားသော စာသား သို့မဟုတ် တံဆိပ်ပါရှိမှုကို အမြဲစစ်ဆေးရမည်ဖြစ်သည်။ သိုလှောင်မှုမကောင်းသော ဆားကြမ်းများတွင် အိုင်အိုဒင်းဓာတ် မပါဝင်နိုင်ပေ။
- အိုင်အိုဒင်းဆားကို လေလုံသော ဖန်ပုလင်း သို့မဟုတ် ပလတ်စတစ်ဘူးသန့်သန့်တွင် ထည့်၍ အဖုံးကို လုံခြုံစွာပိတ်ထားရမည်။ ဆားဘူးကို မီးဖိုဘေးကဲ့သို့ ပူလွန်းသောနေရာ သို့မဟုတ် နေရောင်ခြည်တိုက်ရိုက်ကျသော ပြတင်းပေါက်အနီးတွင် မထားဘဲ အေးမြပြီး ခြောက်သွေ့သောနေရာ၌ ထားရှိရမည်။
- ဟင်းချက်ပြုတ်သည့်အခါ ဆားတွင်ပါဝင်သော အိုင်အိုဒင်းဓာတ်များ အပူကြောင့် ပျက်စီးမသွားစေရန် ဟင်းအိုးကို မီးဖိုပေါ်မှ ချခါနီးအချိန်သို့မဟုတ် ဟင်းကျက်ခါနီးအချိန်မှသာ ဆားကို ထည့်မွှေပေးရမည်။ ဟင်းစချက်ကတည်းက ဆားကို ကြာရှည်စွာ ဆီသတ်ခြင်း၊ ပြုတ်ခြင်းများ ပြုလုပ်ပါက အိုင်အိုဒင်းဓာတ် ၈၀ ရာခိုင်နှုန်းခန့် ဆုံးရှုံးနိုင်သည်။

အိုင်အိုဒင်းဓာတ်ကြွယ်ဝသော သဘာဝအစားအစာများ

ဆားအပြင် သဘာဝအလျောက် အိုင်အိုဒင်းဓာတ် ကြွယ်ဝစွာပါဝင်သည့် အစားအစာများကိုလည်း စားသင့်သည်။ ပင်လယ်ငါး၊ ပုစွန်၊ ကဏန်း၊ ကမာကောင်များနှင့် ပင်လယ်ရေညှိများ၊ နို့၊ ဒိန်ချဉ်၊ နို့ထွက်ပစ္စည်းများနှင့် ကြက်ဥ၊ ဘဲဥများ၊ ဟင်းသီးဟင်းရွက်များနှင့် အာလူးများ စားသုံးသင့်သည်။

အိုင်အိုဒင်းဆားသည် သာမန်ဆားကြမ်းထက် သွေးတိုးခြင်းဖြစ်နိုင်ခြေကို လျော့နည်းစေသည်။ သို့သော် ဆား(ဆိုဒီယမ်)ကို အလွန်အကျွံစားသုံးခြင်းသည် သွေးတိုးရောဂါကိုဖြစ်စေနိုင်သဖြင့် နေ့စဉ်စားသုံးမှုကို လက်ဖက်ရည်ဇွန်းတစ်ဇွန်း(၅ ဂရမ်) အောက်သာ ကန့်သတ်စားသုံးသင့်ပြီး စားသုံးသည့်အခါ သာမန်ဆားကြမ်းထက် အိုင်အိုဒင်းဆားကိုသာ ရွေးချယ်ရမည်ဖြစ်သည်။

အိုင်အိုဒင်းဓာတ်ချို့တဲ့ရောဂါများ ပပျောက်ရေးသည် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်း၏တာဝန်မဟုတ်ဘဲ မိသားစုတိုင်း၊ လူထုတစ်ရပ်လုံးတွင် တာဝန်ရှိသည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်။ မိမိတို့အိမ်ရှိ မီးဖိုချောင်တွင် သာမန်ဆားကြမ်းအစား အိုင်အိုဒင်းဆားကို ပြောင်းလဲအသုံးပြုခြင်းသည် သာမန်အလုပ်တစ်ခုကဲ့သို့ ထင်ရသော်လည်း အမှန်တကယ်တွင် မိမိတို့၏ ရင်သွေးငယ်များကို ဉာဏ်ရည်နိမ့်ကျခြင်း ဘေးအန္တရာယ်မှ ကာကွယ်ပေးရာရောက်ပြီး နိုင်ငံတော်၏အနာဂတ်ကို တည် ဆောက်နေခြင်းပင်ဖြစ်သည်။

အိုင်အိုဒင်းဓာတ်ချို့တဲ့ခြင်းကြောင့် ဖြစ်ပွားတတ်သော ရောဂါဝေဒနာများကို ပိုင်းဝန်းကာကွယ်၍ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားသော အနာဂတ်လူသားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်အတွက် အိုင်အိုဒင်းဆားကို နေ့စဉ် စနစ်တကျစားသုံးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

ဒေါက်တာ အောင်ညွှန့်ပိုင်

မအူပင်မြို့နယ်၌ ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းဆောင်ရွက်

မအူပင် အောက်တိုဘာ ၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေကျော်ကျေးရွာ၌ အောက်တိုဘာလ ၁ ရက် နံနက်ပိုင်းတွင် ခွေးရူးပြန်ရောဂါအသိပညာပေးဟောပြောခြင်းနှင့် ခွေး၊ ကြောင်များအား ခွေးရူးပြန်ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးအဖွဲ့များက ကျေးရွာအုပ်စုရှိ ရပ်ကွက်နှင့်ကျေးရွာများအတွင်းလှည့်လည်၍ ခွေး၊ ကြောင်များကို ကာကွယ်ဆေးထိုးနှံပေးကြပြီး ထိုးနှံပြီးသည့် ခွေး၊ ကြောင်များ၏ ကာကွယ်ဆေးထိုးပြီးကြောင်း ကတ်ပြားများ ထုတ်ပေးသည်။

လူနှင့် တိရစ္ဆာန်များအကြား ခွေးရူးပြန်ရောဂါကူးစက်ပြန့်ပွားမှုကို ဟန့်တားရန်၊ လူထုအတွင်း ခွေးရူးပြန်ရောဂါကြောင့် သေဆုံးမှုကိုလျော့ချရန်နှင့် "၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကြောင့် လူသေဆုံးမှုမရှိစေရေး" ရည်ရွယ်၍ ထိုးနှံပေးခြင်းဖြစ်ကြောင်း မအူပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဇော်မျိုးမင်းကပြောသည်။

မအူပင်မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ စစ်ကိုင်းကျေးရွာအုပ်စုနှင့် ရေလဲကလေးကျေးရွာအုပ်စုရှိဒေသခံပြည်သူများ၏ ခွေး၊ကြောင် အကောင် ၅၀၀ အား သုံးနှစ်ဆက်တိုက် ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းနှင့် အသိပညာပေးဟောပြောပွဲများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

စန်းစန်း



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို အောက်တိုဘာလ ၂ ရက်တွင် လှိုင်းတာစစ်ပြကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဖွင့်လှစ်ရာ တာဝန်ရှိသူတစ်ဦးက သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်စဉ်။ ရန်ကင်း

နံနက်စောစော နေရောင်ခြည်သည် အရိုးအဆစ်များကို သန်မာစေနိုင်သည်။

ကျိုက်ထိုမြို့နယ်ရှိ ၃၃/၁၁ ကေဗို၊ ၅ အမ်ဗွီအေ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံ၊ ဓာတ်အားထိန်းချုပ်ခန်းအား အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb ချ တိုက်ခိုက်ဖျက်ဆီး

နေပြည်တော် အောက်တိုဘာ ၂

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို အနှောင့်အယှက် ဖြစ်စေရန်၊ အရပ်သား ပြည်သူများအား ကြောက်ရွံ့ ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေထိုင်ရာရပ်ကွက်၊ ကျေးရွာများ အတွင်းသို့ ရှောဒိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ခြင်းများကို ဥပဒေခဲ့ယုတ်မာရိုင်းစိုင်းစွာကျူးလွန်လျက်ရှိကြပြီး စက်တင်ဘာလ ၃၀ ရက် ညသန်းခေါင်အချိန်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ဆောင်နိုင်ကြီး ဓာတ်အားခွဲရုံသို့ အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb ၂ လုံးဖြင့် ပစ်ချတိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်၊ ည ၁၂ နာရီ ၁၀ မိနစ်၊ ညသန်းခေါင်အချိန်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ၃၃/၁၁ ကေဗို၊ ၅ အမ်ဗွီအေ ဆောင်နိုင်ကြီး ဓာတ်အားခွဲရုံ ဓာတ်အားထိန်းချုပ်ခန်း(Control Room) ပေါ်သို့ အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb ၂ လုံးဖြင့် ပစ်ချတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပါသည်။ အဆိုပါပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဓာတ်အားထိန်းချုပ်ခန်း၏ နံရံများ၊ ခေါင်မိုးရှိသွပ်ပြားများ၊ မျက်နှာကြက်များနှင့် ပြတင်းတံခါးပေါက်မှန်များ ပျက်စီးခြင်း၊ ၃၃ ကေဗွီ နှင့် ၁၁ ကေဗွီ ထိန်းချုပ်ရေးခလုတ်ပုံများ (Control Panel)ကို ပုံးစထိမှန်ခြင်း၊ ထိန်းချုပ် ကေဘယ်လ်ကြိုးများ (Control Cable) ပျက်စီးခြင်းနှင့် ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခဲ့သည်။ အဆိုပါဓာတ်အားခွဲရုံမှ ၃၃ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အား ဖြန့်ဖြူးပေးထားသည့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ကင်မွန်းစခန်း ဓာတ်အားခွဲရုံအား ၃၃ ကေဗွီ ကျိုက်ထို ဓာတ်အားလိုင်းဖြင့် ပြောင်းလဲချိတ်ဆက်၍ နောက်တစ်နေ့ အောက်တိုဘာလ ၁ ရက် နံနက် ၉ နာရီ ၅၅ မိနစ်တွင် ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့သော်လည်း ဆောင်နိုင်ကြီး၊ မဲရုံးကြီး၊ မဲရုံးလေးနှင့်ဝင်းကလောကျေးရွာများမှာ ဓာတ်အားပြတ်တောက်လျက်ရှိပြီး အဆိုပါကျေးရွာများမှ ဒေသခံပြည်သူများအား ဓာတ်အား အမြန်ဆုံးပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ (၁၀၀)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
အဆောက်အအုံနှင့်ကုန်ရုံဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်အတွင်း မန္တလေး(ဖ)မြို့နယ်အတွင်းရှိ CCTV Camera များပြုပြင်ရာတွင် လိုအပ်သော CCTV Camera နှင့် ဆက်စပ်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ - (၁-၁၀-၂၀၂၆)မှ (၁၆-၁၀-၂၀၂၆)အထိ

(ခ) တင်ဒါသွင်းရမည့် နောက်ဆုံးရက် - (၁၆-၁၀-၂၀၂၆)ရက်နေ့၊ (၁၆:၀၀)နာရီ

(ဂ) တင်ဒါဖွင့်မည့်ရက် - (၂၂-၁၀-၂၀၂၆)ရက်နေ့၊ (ခန့်မှန်း)

(ဃ) တင်ဒါဖွင့်မည့်နေရာ - အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(င) တင်ဒါတစ်စုံ ရောင်းဈေးနှုန်း - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

၂။ သတ်မှတ်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း-၀၉-၄၀၂၆၅၇၅၇၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အ.ထ.က(ပရပ်ကြယ်) Grade-9 သင်ဆဲမှ မဖြိုးစုဝေ၏ဖခင် ဦးမောင်တင့်၏ အမည်မှန်မှာ ဦးတင့် ၈/တတက(နိုင်)၁၂၆၅၇ ဖြစ်ပါကြောင်း။ ဦးတင့်

ပျောက်ဆုံးကြောင်း
ဦးကိုလတ်(ဘ)ဦးစိန်ဝင်း ၁၄/အဂပ(နိုင်) ၂၀၄၁၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၈၀၆၀၇၁

ပျောက်ဆုံးကြောင်း
ဘိုဘိုကျော်(ဘ)ဦးမြင့်ဦး ၁၄/ခနဖ(နိုင်) ၁၈၄၅၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF 433489)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၃၂၀၁၇၉၃

ပျောက်ဆုံးကြောင်း
ဟိန်းမင်းဦး(ဘ)ဦးအောင်မြိုင်၈/စလန(နိုင်) ၂၃၂၂၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၀၆၁၄၄၅၅

ပျောက်ဆုံးကြောင်း
ဇင်သူဖြိုး(ဘ)ဦးကျော်စိုးဝင်း ၉/ကဆန(နိုင်) ၁၃၆၉၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

ပျောက်ဆုံးကြောင်း
ကေသီအောင်(ဘ)ဦးသိန်းစိုး ၁၄/အဂပ(နိုင်) ၂၅၈၆၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

ပျောက်ဆုံးကြောင်း
တင်မာမြင့်(ဘ)ဦးသန်းမြင့် ၁၂/မရက(နိုင်) ၁၈၅၉၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
ကျော်ဇော(ဘ)ဦးစိန်မောင် ၉/တသန(နိုင်) ၀၀၅၉၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(544996)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၇၆၂၈၆၀၅

ပျောက်ဆုံးကြောင်း
ကောင်းဆက်ဟန်(ဘ)ဦးဌေးဝင်း ၇/တငန(နိုင်) ၂၃၆၃၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 391434)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂၆၂

ပျောက်ဆုံးကြောင်း
မြသီရိ(ဘ)ဦးမြသိန်း ၁၂/ဆကခ(ပြု) ၀၀၀၃၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂၆၂

အမည်မှန်
သာကေတမြို့နယ်နေ အဘ ဦးတင်ထွန်း ၁၂/စခန(နိုင်)၀၄၇၄၄၇ ၏သား အမည်မှန်မှာ မောင်မင်းဘုန်းခန့်ဖြစ်ပါကြောင်း။ မောင်မင်းဘုန်းခန့်

ပျောက်ဆုံးကြောင်း
ထွန်းနောင်(ဘ)ဦးစောနိုင် ၉/မခန(နိုင်) ၃၀၈၄၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၂၈၅၀၀၇၀

အမည်ပြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ အ.လ.က(ကောင်းမွန်)၊ Grade-3 မှ အဘ ဦးရဲထွန်း ၆/ရဖန(နိုင်)၀၆၂၄၉၆ ၏သမီး မခြူးရတီမွန်အား မကျော့ဟေမဲလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ မကျော့ဟေမဲလင်း

ပျောက်ဆုံးကြောင်း
ဂျာတောင် (ဘ)ဦးဂမ်အောင် ၁/ကမတ (နိုင်)၀၀၂၉၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၈၀၈၁၄၄၁

ဖခင်အမည်မှန်
မိတ္ထီလာမြို့နယ်၊ အ.ထ.က(၁) မိတ္ထီလာကျောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-10 တွင် ပညာသင်ကြားခဲ့သော မထွန်းပြည့်စင်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင် ဖြစ်ပါကြောင်း။ ဦးသန့်ဇင်

ပျောက်ဆုံးကြောင်း
ခိုင်ဇင်သက်(ဘ)ဦးစိုးထွဋ် ၁၄/ကပန(နိုင်)၂၆၆၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၄၉၃၃၀၆၁

ပျောက်ဆုံးကြောင်း
ကျော်ဇေယျာ(ဘ)ဦးဇော်နိုင် ၉/တသန (နိုင်)၁၆၀၁၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၈၄၅၅၅၄၉၆

Myeik Green Energy Company Limited.
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း
(ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းဆဲကုမ္ပဏီ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာအပြီးသတ်အထွေထွေအစည်းအဝေး
တက်ရောက်ရန် အကြောင်းကြားစာ

Myeik Green Energy Company Limited.(ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာစာရင်းများတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာအပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မဖျက်မကွက်တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၅-၁၀-၂၀၂၆
ကျင်းပမည့်အချိန် - နံနက် (၉:၃၀)နာရီ
ကျင်းပမည့်နေရာ - အမှတ်-အီး၊ ရွှေပြည့်တန်လမ်း၊ ကုန်းပေါက်ရပ်ကွက်၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။

ဦးကျော့မောင်
(လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအမှတ်စဉ်-၁၀၉၅၅၀)
U Kyaw Mg & Associates Accountancy & Audit Firm
Ph No: 09-5176165

ပျောက်ဆုံးကြောင်း
သန်းဌေး(ဘ)ဦးအောင်ဝင်း ၈/မမန(နိုင်)၁၇၆၃၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၁၆၄၃၈၈

ပျောက်ဆုံးကြောင်း
ပဉ္စစန်းလွင်း(ဘ)ဦးထန်ဆွင်းမန် ၄/တတန (နိုင်)၀၈၅၆၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 051208)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂၆၂

ပျောက်ဆုံးကြောင်း
ရှိုင်းမင်းဟိန်း(ဘ)ဦးအောင်ဇော်ဦး ၇/ပခန (နိုင်)၄၇၅၉၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 873927)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
ခွန်ညွှန့်မောင်(ဘ)ခွန်ဇော်ဝမ်း ၁၃/ဆဆန (နိုင်)၁၃၇၆၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 908662)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၄၀၉၀၂၈၉၇

ပျောက်ဆုံးကြောင်း
ကျော်သက်နောင်(ဘ)ဦးမောင်မောင် ၈/တတက(နိုင်)၁၈၄၄၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၃၉၁၁၃၃၄၀

ပျောက်ဆုံးကြောင်း
ခိုင်ဇာသွယ်(ဘ)ဦးစောမြင့်ဝင်း ၁၂/ဒဂမ (နိုင်)၀၂၇၆၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၉၀၂၄၃၆၁

ပျောက်ဆုံးကြောင်း
ခိုင်မာလွင်(ဘ)ဦးဌေးလွင် ၇/ကပက(နိုင်) ၁၂၆၆၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၅၅၇၆၅၃

ပျောက်ဆုံးကြောင်း
တင်ဇာအောင်(ဘ)ဦးတင်ထွန်း ၁၂/အလန (နိုင်)၀၄၄၆၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၂၅၅၀၀၉၆၀

ပျောက်ဆုံးကြောင်း
အောင်ကိုလတ်(ဘ)ဦးအောင်မူး ၁၄/ပတန (နိုင်)၁၄၃၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၂၅၀၄၉၀၈၂

အမည်မှန်
လယ်ဝေးမြို့၊ အထက(ခွဲ)ရေကာ၊Grade-7 မှ အဘ ဦးသန်းကျော်ဦး၏သား မောင်မျိုးမင်းသန့်၏အမည်မှန်မှာ မောင်မျိုးသန့်ဖြစ်ပါကြောင်း။ မောင်မျိုးသန့်

ပျောက်ဆုံးကြောင်း
ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ အခန်း(၃၅)၊ တိုက်(၁၁)နေ ကျော်သူဝင်းထင်(ဘ)ဦးဝင်းထင် ၁၀/ကထန(နိုင်) ၀၉၉၆၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၃၃၂၃၂၄၄

ပျောက်ဆုံးကြောင်း
နွားထိုးကြီးမြို့နယ်၊ လက်သမားကန်ရွာနေ မို့မို့ပြင်မိုးအောင်(ဘ)ဦးဝင်းအောင် ၉/နထက(နိုင်)၂၂၇၈၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၆၄၉၈၆၂၈

ပျောက်ဆုံးကြောင်း
သာယာဝတီမြို့နယ်၊ တောင်ပန်ဆွဲရွာနေ နွေးလွဲလွဲဇော်(ဘ)ဦးချစ်ဝင်း ၇/သဝတ(နိုင်)၁၃၀၈၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 192499)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၁၆၀၀၅၄၁

ပျောက်ဆုံးကြောင်း
ကေဉကရိတ်မြို့နေ နော်စိန်မြ(ဘ) ဦးကျော်ငြိမ်း ၃/ကကရ(နိုင်)၁၁၈၄၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 516125)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၀၇၇

ပျောက်ဆုံးကြောင်း
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ သဲကျွန်းကျေးရွာနေ ဒေါ်သူဇာဝင်း(ဘ) ဦးသက်လင်းအောင် ၉/ဥတသ(နိုင်) ၀၀၈၆၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 586231)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၄၂၅၅၄၄

ပျောက်ဆုံးကြောင်း
နန်းမူးကြူ(ဘ)ဦးမြထွေး ၃/ဘအန(နိုင်)၁၄၉၇၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 126110)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၀၇၇

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်



ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ၊
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ခမီ - တောင်ငူ - ဆွာ - ဓနိ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ



➢ ဗန္ဓုမန်းသူ
09-254781060

➢ ပါရမီ(YBS)
09-459448201





➢ မန္တလေးတခြိန်ကုန်
09-426500153

➢ စတာဝင်
09-423333250





➢ ပါရမီတက္ကစီ
01-3643641

➢ ကုန်စည်
09-440619258

ဘေးဂဏ်း လုံခြုံစိတ်ချ ဂဏန်းပျမ်းမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘီလပ်မြေ





ISO 9001
BUREAU VERITAS Certification
Excluding design

BEST QUALITY CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘီလပ်မြေ

BEST QUALITY CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘီလပ်မြေ

ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၉၉၃၄၈၈၊ ၀၉ ၇၉၆၁၁၁၄၉၊ email : scfg.kyaukse@gmail.com

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013

ထာဝရလှပသော အပြုံးအတွက်




DENTOMEC



ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၁၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အရည်အသွေးပြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိလက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။

STARMART nine mile Showroom	KHA YAE PIN MART	STARMART Mandalay Wholesale	STARMART Nay Pi Taw
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀	မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅	၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄	ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး

၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၂

၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ည နေပြည်တော်ဘိုရိုယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်နီလာ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)

စာမျက်နှာ ၁၆ ကော်လံ ၁ ⇨

အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း ကြေးတံဆိပ်ဆွတ်ခူး



ရန်ကုန် အောက်တိုဘာ ၂

အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့တွင် ဆက်လက်ကျင်းပခဲ့ပြီး မြန်မာပိုက်ကျော်ခြင်းအသင်းသည် ပူးတွဲကြေးတံဆိပ်ဆုကို ဆွတ်ခူး ရရှိခဲ့ကြောင်း သိရသည်။

အုပ်စုအဆင့် ပွဲစဉ်များတွင်

စာမျက်နှာ ၁၆ ကော်လံ ၁ ❐

ဂြိုဟ် ဆောင်းပါး

အားကစားဖြင့် တပ်မတော်ဂုဏ် မြှင့်တင်မည့်သူများ

စာ - ၁၂ သို့

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်ရိက္ခာ (APTERR)အစီအစဉ်-၃ (၂၀၂၅)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလူဒါန်းသောဆန် ၁၆၃ ဒသမ ၈၇၇ တန်အား စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်

စာ - ၁၅ သို့

M League 2026 U -20 လူငယ်လိဂ်ပြိုင်ပွဲတွင် ရတနာပုံအသင်းနိုင်ပွဲရပြီး သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ သရေကျ



ရန်ကုန် အောက်တိုဘာ ၂

M League 2026 U-20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၇) နောက်ဆုံးနေ့ပြိုင်ပွဲတွင် ရတနာပုံအသင်းနိုင်ပွဲရပြီး သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့သရေကျခဲ့သည်။

ဗဟန်းကွင်း၌ယှဉ်ပြိုင်ကစားသည့် အဆင့်(၅)နေရာမှ ရတနာပုံအသင်းနှင့် အဆင့် (၁)နေရာမှ

စာမျက်နှာ ၂၀ ကော်လံ ၁ ❍

မန္တလေးမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများက မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေး



မြစ်ကြီးနား အောက်တိုဘာ ၂

ကျန်းမာရေးဝန်ကြီးဌာန၏အစီအစဉ်ဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီး ခုတင်-၅၅၀ဆံ့ကလေးဆေးရုံကြီး (မန္တလေး)၊ ကလေးဆေးရုံကြီး (မန္တလေး)တို့မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီး ၁၂ ဦး ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ယမန်နေ့နံနက်ပိုင်းမှ စတင်ကာ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌

စာမျက်နှာ ၁၄ ကော်လံ ၁ ▲

မုံရွာမြို့တွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးနှင့် သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၄၈၀ တန်ဖိုးရှိ ဘိန်းဖြူများဖမ်းဆီးရမိ



တရားခံ ကျော်မင်းလွင်(ခ)ဟိန်းထက်ဝင်း၊ ဇော်ဟိန်းထက်၊ ဝမ်းဝမ်းနှင့် ဇော်နိုင်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၂

မုံရွာမြို့တွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးနှင့် သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၄၈၀ တန်ဖိုးရှိ ဘိန်းဖြူများဖမ်းဆီးရမိပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာလ ၂၇ ရက်ည ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည်

စာမျက်နှာ ၂၀ ကော်လံ ၁ ✦